မြတ်ဗုဒ္ဓ၏အဆုံးအမတရား

နေ့ရောညဉ့်ပါ အခါခပ်သိမ်း မေတ္တာတရား ပွားများခြင်း၌ မွေ့လျော်သောစိတ်ရှိကုန်သော မြတ်စွာဘုရား၏တပည့်တို့သည် အခါခပ်သိမ်း တရားမှန်ကိုသိကုန်၏။ **ဓမ္မပဒ**

# မြဝတီ နေ့စဉ်

**သတင်းစုံသည်၊ မှန်သည်၊ မြန်သည် အားလုံးအတွက်မြဝတီ**

**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၆၉)

၁၃၈၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက်
၂၀၂၄ ခုနှစ်၊ ဇွန် ၂၆ ရက်၊ ဗုဒ္ဓဟူးနေ့

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၄)ဖွင့်ပွဲအခမ်းအနားကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြား

## နိုင်ငံတစ်နိုင်ငံ၏အင်အားသည် ပညာအပေါ်တွင် အခြေခံ၊ ပြည်သူလူထုအများစုသည် နိုင်ငံတော်၏ကျောင်းပညာရေးကိုသာ အားကိုးကြ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၄)အထိမ်းအမှတ်ပြခန်းများအား ပြခန်းတစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာဖြင့်လိုက်လံကြည့်ရှုစဉ်။

**နေပြည်တော်** **ဇွန်** **၂၅**

မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၄)ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန-၂ ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

**စာမျက်နှာ ၁၆ ကော်လံ ၁ ☆**



## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ ဇွန် ၂၆ ရက်)

# မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄)

မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄)ကို **"လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေးကို ပိုမိုမြှင့်တင်ပေး"** ဆိုသည့်ဦးတည်ချက်ဖြင့် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC- II) တွင် ဇွန်လ ၂၅ ရက်မှ ၂၇ ရက်အထိ ကျင်းပလျက်ရှိသည်။ တိုင်းချစ်ပြည်ချစ်စိတ်ရှိသည့် လူငယ်များပေါ်ထွန်းလာစေရန်၊ အရည်အသွေးပြည့်ဝသောပညာတတ်များမွေးထုတ်ပေးနိုင်ရန်၊ ထုတ်လုပ်မှုကိုအားပေးသည့် သက်မွေးပညာများဖွံ့ဖြိုးတိုးတက်လာစေရန်၊ ဆရာ၊ ဆရာမများ၏အရည်အသွေးကို စဉ်ဆက်မပြတ်မြှင့်တင်နိုင်ရန်၊ သုတေသနနှင့်တီထွင်ဆန်းသစ်မှု ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အရည်အသွေးအာမခံမှုရှိသည့် ပညာရေးစနစ်ပိုမိုအားကောင်းလာစေရန်ဆိုသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်းသိရှိရသည်။

ယခုနှစ်ပညာရေးညီလာခံတွင် ယခင်နှစ်ညီလာခံကဖော်ထုတ်ရရှိခဲ့သည့်လုပ်ငန်းစဉ်များကို ပြန်လည်သုံးသပ်ဆွေးနွေးခြင်း၊ Parallel Session များအလိုက် အခြေခံပညာ၊ အဆင့်မြင့်ပညာ၊ သက်မွေးပညာ၊ ဆရာအတတ်ပညာနှင့်သုတေသနနှင့်တီထွင်ဆန်းသစ်မှုကဏ္ဍတို့အပြင် အရည်အသွေးအာမခံမှုဆိုသည့် ကဏ္ဍသစ်တစ်ခုကို ထပ်တိုးထားသည့်အတွက် စုစုပေါင်းကဏ္ဍတစ်ခုချင်းစီအလိုက် စာတမ်းခြောက်ခုစီကို ဆွေးနွေးကြမည်ဖြစ်သည်။ အဆိုပါဆွေးနွေးမှုရလဒ်များကိုလည်း ပြန်လည်သုံးသပ်ပြီး ရှေ့ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကိုလည်း စာတမ်းအလိုက်၊ ဆွေးနွေးမှုများအလိုက် ဖော်ထုတ်သွားကြမည်ဖြစ်သည်။ ထို့ပြင် အောင်မြင်စွာအကောင်အထည်ဖော်နိုင်မည့်နည်းလမ်းများ၊ တွေ့ကြုံရသည့်စိန်ခေါ်မှုများကို ကျော်လွှားနိုင်မည့်နည်းလမ်းများနှင့် ရှေ့လုပ်ငန်းစဉ်များပေါ်ထွက်လာသည်အထိ အထူးအလေးထားဆွေးနွေးကြမည်ဖြစ်ကြောင်းသိရှိရသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၄)တွင် ကဏ္ဍကြီးခြောက်ခုအတွက် စာတမ်း ၃၆ စောင်ဖတ်ကြားမည်ဖြစ်သည်။ ယခုနှစ်ညီလာခံ၏ဆွေးနွေးမှုရလဒ်များကို ပြန်လည်သုံးသပ်ပြီး အနာဂတ်မျိုးဆက်သစ်များအတွက် ကောင်းမွန်သည့်ပညာရေးရလဒ်များနှင့် ကောင်းမွန်သည့်ပညာရေးအခြေအနေများ ရရှိစေရန်ဦးတည်၍ ဝိုင်းဝန်းဆွေးနွေးကြမည်ဖြစ်သည်။ နိုင်ငံတော်၏တာဝန်ကို ပခုံးပြောင်းထမ်းဆောင်ကြမည့် လူငယ်များ၏ပညာရေးသည် ကောင်းမွန်အောင်မြင်သည့်ပညာရေးဖြစ်ရပေမည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်၏ ပညာရေး၊ ကျန်းမာရေး စသည့်လူမှုရေးကဏ္ဍနယ်ပယ်အသီးသီးတွင် မူလအခြေအနေထက်ပိုမို၍ အဆင့်အတန်းမြင့်မားတိုးတက်လာစေရေး ဆောင်ရွက်ပေးလျက်ရှိသည်။ ကျောင်းနေအရွယ်ကလေးအားလုံးကျောင်းတက်ရေးနှင့် KG+9 ပြီးမြောက်ရေး ဆောင်ရွက်ပေးခြင်း၊ အခြေခံပညာနှင့်စက်မှု၊ လက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများ တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ Naypyitaw State Academy ဖွင့်လှစ်ပေးခြင်း၊ စာတတ်မြောက်သူများတိုးပွားလာစေရေးဆောင်ရွက်ခြင်း၊ စာဖတ်သောအလေ့အထတိုးပွားလာအောင် ဆောင်ရွက်ပေးခြင်းတို့မှာ ထင်ရှားသည့်သာဓကများဖြစ်သည်။

ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ရွေးချယ်တက်လှမ်းနိုင်သောပညာရေးလမ်းကြောင်းများ များစွာရှိပေရာ မိမိ၏ဝါသနာ၊ မိမိနှစ်ခြိုက်သည့်လမ်းကြောင်းကိုရွေးချယ်ကြရမည်ဖြစ်သည်။**"နှုတ်မှုလက်မှုအတတ်စုကို၊ ငယ်နုသော်ကား၊ မမေ့ငြားနှင့်၊ ရင်းဖျားကုန်စင်၊ တတ်မြော်မြင်က၊ တစ်ခုမျှလျက်၊ အသက်မွေးကျောင်း၊ ဖြစ်တုံရှောင်း၏"**ဟုဆိုသည့်အတိုင်း သိလိုတတ်လိုသည့်ပညာကို စစ်စစ်မှန်မှန်သိအောင် တတ်အောင်ကြိုးစားပြီး ထူးချွန်ပေါက်မြောက်သည်အထိကြိုးစားကြရမည်ဖြစ်သည်။ ပညာခေတ်ကြီးတွင် ကျောင်းသား၊ ကျောင်းသူအားလုံးက ပညာကိုကြိုးစားသင်ယူမှသာ နိုင်ငံတော်တွင်ပညာတတ်များပေါ်ကြွယ်လာမည်ဖြစ်သည်။ ပိုမိုကောင်းမွန်သောပညာရေးကဏ္ဍကိုတည်ဆောက်နိုင်ရေးအတွက် နိုင်ငံတော်က ဖြည့်ဆည်းပေးနေသကဲ့သို့ ဆရာ၊ ဆရာမများအနေဖြင့်လည်း ကြိုးစားလျက်ရှိပါသည်။

"တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး"၊ "နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး"ဟူသောဦးတည်ချက်များဖြင့် ပညာရေးကဏ္ဍတိုးတက်မြင့်မားရေးနှင့်လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကိုဦးတည်ဆောင်ရွက်လျက်ရှိသည်။

ကုလသမဂ္ဂ၏စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်ပန်းတိုင်(၁၇)ချက်တွင် **"လူတိုင်းတက်ရောက်သင်ကြားနိုင်ပြီး အရည်အသွေးတူညီမျှတမှုရှိသည့် ပညာရေးကိုရရှိရန်နှင့် လူတိုင်းအတွက်တစ်သက်တာပညာသင်ကြားနိုင်သည့်အခွင့်အလမ်းတိုးမြှင့်ရန်"** ဟူသောအချက်သည် နိုင်ငံတိုင်း၏ပညာရေးကဏ္ဍမြင့်မားစေရေးနှင့်ပညာတတ်များပေါ်ကြွယ်ရေးကိုဦးတည်ခြင်းဖြစ်သည်။ ဘဝတစ်သက်တာ လေ့လာသင်ယူခြင်းဖြင့် တိုးတက်မှုနှင့်ဖွံ့ဖြိုးမှုအတွက် အလားအလာကောင်းများရရှိစေမည်ဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၄)ကျင်းပခြင်းကို ကြိုဆိုပါကြောင်း ရေးသားလိုက်ရပေသည်။ ။




နေပြည်တော် ဇွန် ၂၅

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းလျက်ရှိသော ရှေးဟောင်းရေကန်များအတွက် ပါဝင်လှူဒါန်းနိုင်

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြည်တွင်းပြည်ပကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်များနှင့် ကမ္ဘာ့အမွေအနှစ်စံနှုန်းများနှင့်အညီ ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းလျက်ရှိသော ပထမအဆင့် ရှေးဟောင်းရေကန် ၄၆ ကန်နှင့် ဒုတိယအဆင့် ရှေးဟောင်းရေကန် ၄၅ ကန်တို့အတွက် ပါဝင်လှူဒါန်းလိုပါက **ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန(စီမံ/ဘဏ္ဍာဌာနခွဲ)၊ နေပြည်တော်၊ ဖုန်း၊ ၀၉-၄၄၄၀၄၇၁၂၃၊ ၀၆၇-၃၄၀၈၄၁၈၊ ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ရန်ကုန်ဌာနခွဲ၊ ဖုန်း၊ ၀၉-၅၀၆၁၈၃၂၊ ၀၁-၇၅၁၃၈၉၇၊ ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန၊ မန္တလေးဌာနခွဲ၊ ဖုန်း၊ ၀၉-၂၀၀၂၁၉၅၊ ၀၂-၄၀၆၀၀၆၁၊ ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန၊ ပုဂံဌာနခွဲ၊ ဖုန်း၊ ၀၉-၂၀၀၁၉၀၆၊ ၀၆၁-၂၄၆၀၂၆၉ တို့သို့လည်းကောင်း၊ KBZ Bank NYAUNG OO BRANCH Account No-06713906701442701** သို့လည်းကောင်း ပေးပို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက အသိပေးနှိုးဆော်ထားသည်။

(သတင်းစဉ်)

## Myawady Digital Set Top Box ထုတ်နတ်ရှုမြင်အစီအစဉ်

၂၆-၆-၂၀၂၄(ဗုဒ္ဓဟူးနေ့)

### မြဝတီရုပ်မြင်သံကြား

၁။ ၆း၀၂ နိုင်ငံတော်သီချင်း
၂။ ၇း၂၀ ဓမ္မပူဇာတေး
၃။ ၇း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၄။ ၉း၃၅ ပန်းရောင်စုံသင်းပျံ့မွှေး မြန်မာတိုင်းရင်းဆေး
၅။ ၁၀း၄၀ စိုက်ပျိုးသုတ
၆။ ၁၁း၂၅ သီချင်းလက်ဆောင်
၇။ ၁၁း၄၀ Sport Review
၈။ ၁၂း၀၀ ခရီးလည်းသွား စကားလည်းဆို
၉။ ၁၃း၁၀ အမှတ်တရနေ့ရက်များ
၁၀။ ၁၆း၅၀ ယဉ်ကျေးလိမ္မာဓမ္မတေးကဗျာ
၁၁။ ၁၉း၀၀ **(၃၈)ဖြာမင်္ဂလာ ဝိရတီပါပါ**

### MWD Variety Channel

၁။ ၁၀း၂၄ မှတ်သားလေ့လာအိမ်တွင်းမှုပညာ
၂။ ၁၁း၃၅ သိလိုသမျှ ကျန်းမာရေးကဏ္ဍ
၃။ ၁၂း၁၉ ရောင်စုံပျံ့သင်းစာပန်းခင်း
၄။ ၁၃း၂၉ ရှာဖွေလေ့လာ ပြတိုက်မှာ
၅။ ၁၄း၁၇ တစ်ပတ်အတွင်းထိပ်တန်းရောက် ကမ္ဘာ့သတင်းသုံးသပ်ချက်
၆။ ၂၁း၁၉ လက်တွဲလို့တွန်းလှန်မူးယစ်ဆေးဝါးရန်

## ♫♫ သဇင်(FM) အသံလွှင့်အစီအစဉ် ♫♫

၂၆-၆-၂၀၂၄(ဗုဒ္ဓဟူးနေ့)

၁။ ၀၈း၀၀ ကျန်းမာခြင်းအတွက် သဇင်ရဲ့လက်ဆောင်
၂။ ၁၂း၁၅ Special Music Time
၃။ ၁၃း၀၀ ပြည်သူ့ကြားက ပြည်သူ့စကား
၄။ ၁၆း၂၀ K Pop
၅။ ၂၁း၄၀ ချောက်ချောက်ချားချားဖြစ်ရပ်များ

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်) အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉×၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁၊
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်ထံမှ ပေးပို့သည့်သဝဏ်လွှာ

(၂၀၂၄ ခုနှစ် ဇွန်လ ၂၆ ရက်နေ့)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံသူ နိုင်ငံသားများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေကြောင်း နှုတ်ခွန်းဆက် မေတ္တာဆုမွန်ကောင်းတောင်းလိုက်ပါသည်။

ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံမှ ဇွန်လ ၂၆ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ (ကမ္ဘာ့မူးယစ်ဆေးဝါးနေ့)အဖြစ် သတ်မှတ်ခဲ့သည့်အချိန်မှစ၍ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအသီးသီးတွင် မူးယစ်ဆေးဝါးအလွဲသုံးမှုကင်းစင်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရေးအတွက် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားများကို ကျင်းပလာခဲ့သည်မှာ (၃၇) ကြိမ်မြောက်ရှိပြီဖြစ်ပါသည်။

မူးယစ်ဆေးဝါးပြဿနာသည် ကမ္ဘာတစ်ဝန်းရှိ သန်းပေါင်းများစွာသော

**နိုင်ငံတော်အစိုးရအနေနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသကဲ့သို့ အခြားတစ်ဖက်မှလည်း နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကိုအဟန့်အတားဖြစ်စေသည့် မူးယစ်ဆေးဝါးပြဿနာကိုထိန်းချုပ်နိုင်ရေးအတွက် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိ . . . .**

လူနေမှုဘဝများကို ဆိုးရွားစွာထိခိုက်နစ်နာစေသည့် ဘက်ပေါင်းစုံစိန်ခေါ်မှုတစ်ရပ်အဖြစ် ဖော်ဆောင်လျက်ရှိပါသည်။ မူးယစ်ဆေးဝါးထုတ်လုပ်သယ်ဆောင်ရောင်းဝယ်မှုသည် ငွေကြေးခဝါချမှု၊ လက်နက်မှောင်ခိုမှု၊ အကြမ်းဖက်မှု စသည့်နိုင်ငံဖြတ်ကျော်မှုခင်းများနှင့် ဆက်နွှယ်လျက်ရှိပြီး နိုင်ငံတော်၏ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ထိခိုက်စေလျက်ရှိပါသည်။ မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့်လည်း ရုပ်ပိုင်းဆိုင်ရာနှင့်စိတ်ပိုင်းဆိုင်ရာကျန်းမာရေးကို များစွာထိခိုက်စေနိုင်ပြီး ကမ္ဘာနှင့်အဝှမ်း လူသားအရင်းအမြစ်ဆုံးရှုံးမှုများဖြစ်ပေါ်လျက်ရှိပါသည်။

နိုင်ငံတော်အစိုးရအနေနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသကဲ့သို့ အခြားတစ်ဖက်မှလည်း နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေသည့် မူးယစ်ဆေးဝါးပြဿနာကို ထိန်းချုပ်နိုင်ရေးအတွက် ဘက်ပေါင်းစုံမှကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံအနေဖြင့် ဘိန်းစိုက်ပျိုးမှုပြဿနာ၊ လူလုပ်မူးယစ်ဆေးဝါးထုတ်လုပ်သုံးစွဲမှုပြဿနာများကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကို စနစ်တကျဖွဲ့စည်း၍ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အလေးထားဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံသည် ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေကို ခေတ်နှင့်လျော်ညီစေရန် ပြန်လည်သုံးသပ်ပြီး ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် ပြင်ဆင်ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါသည်။ အလားတူ ၁၉၉၅ ခုနှစ် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာနည်းဥပဒေကို ပြင်ဆင်သည့်နည်းဥပဒေကိုလည်း ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။ ထို့ပြင် ဘက်ပေါင်းစုံချဉ်းကပ်မှုများပါဝင်သည့် အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒကို ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပြီး အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးမဟာဗျူဟာစီမံချက်ကိုလည်း ရေးဆွဲဆောင်ရွက်လျက်ရှိပါသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းသုံး အဆင့်မြင့်ခေတ်မီရှာဖွေရေးကိရိယာများဝယ်ယူတပ်ဆင်ကာ မူးယစ်ဆေးဝါးသယ်ဆောင်မှုများကို ထိထိရောက်ရောက်ဖော်ထုတ် အရေးယူဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့လက်အောက်ရှိ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ကို တပ်ဖွဲ့ခွဲ ၁၁ ခွဲ၊ တပ်ဖွဲ့စု ၇၁ စု တို့ဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ကြက်နေရာချထားပြီး မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံသည် ၂၀၂၃ ခုနှစ်တွင် ဘိန်းစိုက်ပျိုးမှုအနည်းငယ်မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် ဘိန်းစိုက်ပျိုးထုတ်လုပ်မှုလျှော့ချနိုင်ရန်အတွက် ဘိန်းစိုက်ရာသီအတွင်း တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဆက်စပ်ဌာနဆိုင်ရာများပူးပေါင်း၍ ဒေသခံတိုင်းရင်းသားပြည်သူများ ပူးပေါင်းပါဝင်လာအောင်စည်းရုံးခြင်း၊ အသိပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့သည့်အပြင် ၂၀၂၃-၂၀၂၄ ခုနှစ် ဘိန်းစိုက်ပျိုးရာသီအတွင်း ဘိန်းခင်း(၆၁၈၁)ဧကကို ဖျက်ဆီးနိုင်ခဲ့ပါသည်။ ဘိန်းအစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း အစားထိုးဖွံ့ဖြိုးမှုအကောင်အထည်ဖော်ရေးစီမံခန့်ခွဲမှုအဖွဲ့၊ သီးနှံများအစားထိုးစိုက်ပျိုးရေးအဖွဲ့နှင့်မွေးမြူရေးအဖွဲ့တို့မှ စဉ်ဆက်မပြတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံသည် ယခင်က ဘိန်းစိုက်ပျိုးမှုနှင့် ဘိန်းဖြူထုတ်လုပ်မှုသည် အဓိကပြဿနာတစ်ရပ်ဖြစ်ခဲ့သော်လည်း ယခုအခါ ကမ္ဘာ့နိုင်ငံများနည်းတူ လူလုပ်မူးယစ်ဆေးဝါး (Synthetic Drug) ထုတ်လုပ်၊ သယ်ဆောင်၊ ရောင်းဝယ်မှုပြဿနာကို ဆိုးဝါးစွာရင်ဆိုင်နေရပါသည်။ လူလုပ်မူးယစ်ဆေးဝါး (Synthetic Drug) ထုတ်လုပ်မှုလျှော့ချရေးအတွက် ထိန်းချုပ်ဓာတုပစ္စည်းနှင့် ထိန်းချုပ်ထားခြင်းမရှိသည့် ဓာတုပစ္စည်းများ တရားမဝင်ဝင်ရောက်လာမှုအား ထိရောက်စွာထိန်းချုပ်နိုင်မှသာ ထုတ်လုပ်မှုလျော့ကျနိုင်မည်ဖြစ်ပါသည်။

ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် ဓာတုပစ္စည်း ၃၉ မျိုးကို ထိန်းချုပ်လျက်ရှိပြီး ဓာတုပစ္စည်းများ လမ်းလွဲမရောက်ရှိစေရေးအတွက် အဆင့်ဆင့်စစ်ဆေးကြပ်မတ်၍ ဆောင်ရွက်လျက်ရှိပါသည်။ ပြည်ပနိုင်ငံများမှ ဓာတုပစ္စည်းများ တရားမဝင် ဝင်ရောက်မှုမရှိစေရေးနှင့် လမ်းလွဲမရောက်ရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဓာတုပစ္စည်းတင်ပို့ရောင်းချသည့် ပြည်ပနိုင်ငံများနှင့် ပို့ကုန်ကြိုတင်သတင်းပေး(Pre-Export Notification, PEN) စနစ်ဖြင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံသည် ဓာတုပစ္စည်းများထုတ်လုပ်နိုင်ခြင်းမရှိဘဲ ပထဝီ

**အကြမ်းဖက်သောင်းကျန်းသူများ၏ တရားမဝင်မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်နေမှုကို တားဆီးနှိမ်နင်းရေးနှင့် လက်နက်/ခဲယမ်း/မီးကျောက် သယ်ယူမှုများကို တားဆီးနိုင်ရေးတို့အတွက် ငြိမ်းချမ်းရေးကိုလိုလားသည့် တိုင်းရင်းသားအဖွဲ့များ၊ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များပူးပေါင်းပြီး လုံခြုံရေးနှင့်ပတ်သက်၍ လုပ်သင့်လုပ်ထိုက်သည်များကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိ . . . .**

အနေအထားအရ စက်မှုဖွံ့ဖြိုးပြီး ဓာတုပစ္စည်းထုတ်လုပ်သည့် နိုင်ငံတို့အကြားတည်ရှိနေသည့်အတွက် နယ်စပ်ဒေသများမှ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့်ဓာတုပစ္စည်းများ တရားမဝင် ဝင်ရောက်လျက်ရှိပါသည်။ မြန်မာနိုင်ငံအတွင်းရှိ အချို့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် မူးယစ်ဆေးဝါးနှင့် ပါဝင်ပတ်သက်ခြင်းမရှိကြောင်း ငြင်းဆိုနေသော်လည်း လက်တွေ့တွင်မူ ၎င်းတို့ထိန်းချုပ်ရာနယ်မြေများ၌ ဓာတုပစ္စည်းများကို နယ်စပ်ဖြတ်ကျော် တရားမဝင်တင်သွင်းခြင်း၊ ပြည်ပမှ ဓာတုကျွမ်းကျင်ပညာရှင်များနှင့်ပူးပေါင်းပြီး မူးယစ်ဆေးဝါးထုတ်လုပ်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နေချိန်တွင် လက်ရှိဖြစ်ပေါ်နေသည့်နိုင်ငံရေးမတည်ငြိမ်မှုများအပေါ် အခွင့်ကောင်းယူပြီး အကြမ်းဖက်သောင်းကျန်းသူများမှ မြို့/ရွာများကို မီးရှို့ဖျက်ဆီးခြင်း၊ အင်အားတိုးချဲ့ခြင်း၊ ၎င်းတို့တိုင်းရင်းသားများနေထိုင်ရာဒေသများ၌ မတည်မငြိမ်ဖြစ်အောင် အဖျက်လုပ်ငန်းများပြုလုပ်ခြင်းဖြင့် စီးပွားရေးကျဆင်းအောင်ဆောင်ရွက်ခြင်း၊ မြို့/ရွာများ၌ ပညာသင်ကြားခွင့်မရအောင် ဆောင်ရွက်ခြင်းတို့အား ပြုလုပ်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့်လည်း လမ်းပန်းဆက်သွယ်ရေးများ မပြတ်တောက်စေရေးနှင့် ဒေသတည်ငြိမ်ရေး အကြမ်းဖက်သောင်းကျန်းသူများ၏ တရားမဝင် မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်နေမှုကို တားဆီးနှိမ်နင်းရေးနှင့် လက်နက်/ခဲယမ်း/မီးကျောက် သယ်ယူမှုများကို တားဆီးနိုင်ရေးတို့အတွက် ငြိမ်းချမ်းရေးကိုလိုလားသည့် တိုင်းရင်းသားအဖွဲ့များ၊ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များပူးပေါင်းပြီး လုံခြုံရေးနှင့်ပတ်သက်၍ လုပ်သင့်လုပ်ထိုက်သည်များကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေးများကို ၂၀၁၃ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ အကြိမ်ပေါင်း ၄၀ ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ၂၀၂၃ ခုနှစ်အတွင်း Operation 39 အထူးစစ်ဆင်ရေးကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်ဆောင်ရွက်ခဲ့ပြီး မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့် ပရိကာဆာဓာတုပစ္စည်းများနှင့် မူးယစ်ဆေးဝါးများကို အောင်မြင်စွာ ဖော်ထုတ်ဖမ်းဆီးဆောင်ရွက်နိုင်ခဲ့သဖြင့် ၂၀၂၄ ခုနှစ်တွင်လည်း Operation 39/24 အထူးစစ်ဆင်ရေးကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

တားဆီးနှိမ်နင်းရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အောင်မြင်မှုရရှိနေသော်လည်း ဖမ်းဆီးရမိသည့်အဓိကတရားခံများကို ထိရောက်သည့်ပြစ်ဒဏ်ချမှတ်နိုင်ရေးနှင့် အချို့တရားခံများမှာ ပြစ်ဒဏ်မှလွတ်မြောက်ပြီးနောက် ပြစ်မှုများထပ်မံကျူးလွန်နေသည်ကို ဖမ်းဆီးရမိမှုဖြစ်စဉ်များအရ တွေ့ရှိရသည့်အတွက် တရားခံများ၏ မူးယစ်ဆေးဝါးပြစ်မှုကျူးလွန်ရာမှ ရရှိသည့် ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် ထိထိရောက်ရောက် သိမ်းဆည်းအရေးယူသွားမည်ဖြစ်ပါသည်။

ဖမ်းဆီးရမိ မူးယစ်ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများကို နှစ်စဉ် ဇွန်လ ၂၆ ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့များတွင် မီးရှို့ဖျက်ဆီးလျက်ရှိရာ ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့၌ ငွေကျပ် ၉၃၆ ဘီလီယံကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများကို ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် တောင်ကြီးမြို့တို့တွင် မီးရှို့ဖျက်ဆီးနိုင်ခဲ့ပါသည်။

စာမျက်နှာ ၄ သို့ ➤

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှလျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ဝင်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအားဥပဒေအရ ဝင်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့် ကာလအတွင်း ထိခိုက်ဒဏ်ရာ ရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

**ပန်းပင်ရေလောင်းလျှင်ရေပိုက်မသုံးပါနှင့်၊ ရေဖြည့်ထားသောရေလောင်းပုံးအသုံးပြုပါ**

မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄) ဂုဏ်ပြုကဗျာ

## ပညာအားကိုမွေး

➤ ရှင်တော်ဗုဒ္ဓလမ်းညွှန်ကာ
ဟောကြားဒေသနာ။
ပညာသည်သာ အမြတ်ဆုံး
လောကတစ်ခွင်လုံး။

➤ တစ်လောကလုံး ဖွံ့ဖြိုးအောင်
ပညာလမ်းပြဆောင်။
ပညာအလင်းရောင် အမှောင်ခွင်း
အတွေးအမြင်ရှင်း။

➤ အမြင်ရှင်းလို့ အတွေးမှန်
စိတ်ကူးစိတ်သန်းသန်။
စိတ်ကူးသန်လို့ အသိနိုး
တီထွင်မှုတွေတိုး။

➤ ဖွံ့ဖြိုးမှုစုံ တိုးတက်ပုံ
ပညာလှမ်းလို့ခြုံ။
ပညာခြုံလို့ ကောင်းကျိုးဖြစ်
ယနေ့ ပညာခေတ်။

➤ ပညာခေတ်မှာ ပညာရှာ
မြောက်မြားနည်းပညာ။
အစဉ်လေ့လာ သင်ယူဖို့
ကိုယ်တိုင်အားစိုက်စို့။

➤ ပညာချို့လျှင် ဉာဏ်မရွှင်
အောက်တန်းကျမည်ပင်။
အထက်တန်းတွင် နေဖို့တွေး
ပညာအားကိုမွေး။ ။

**ရေနံ့သာမောင်ကျော်ညွန့်**

➤ စာမျက်နှာ ၃ မှအဆက်

**“ကြိုတင်ကာကွယ်ခြင်းသည် ကုသခြင်းထက် ပို၍ကောင်းသည်” ဟူသည့်စကားအတိုင်း ကျောင်းသားလူငယ်များအတွက် အဆင့်မြင့်နှင့်အခြေခံပညာကျောင်းများ၊ ကျောင်းပြင်ပစခန်းများတွင် မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေးအသိပညာပေးရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိ . . .**

**ပြည်သူတစ်ရပ်လုံး မူးယစ်ဆေးဝါးအန္တရာယ်ကို ကျယ်ကျယ်ပြန့်ပြန့်သိရှိရှောင်ရှားနိုင်ရန်အတွက် အသိပညာပေးလှုံ့ဆော်ရေးလုပ်ဆောင်မှုများကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးလုပ်ငန်း၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး စသည့်အဖွဲ့အစည်း ၅ ခုဖြင့် မူးယစ်ဆေးဝါးပညာပေးရေးလုပ်ငန်းများကို နည်းလမ်းပေါင်းစုံဖြင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ . . . .**

“ကြိုတင်ကာကွယ်ခြင်းသည် ကုသခြင်းထက် ပို၍ကောင်းသည်” ဟူသည့်စကားအတိုင်း ကျောင်းသားလူငယ်များအတွက် အဆင့်မြင့်နှင့် အခြေခံပညာကျောင်းများ၊ ကျောင်းပြင်ပစခန်းများတွင် မူးယစ်ဆေးဝါး အန္တရာယ်ကြိုတင်ကာကွယ်ရေးအသိပညာပေးရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။ ပြည်သူတစ်ရပ်လုံး မူးယစ်ဆေးဝါးအန္တရာယ်ကို ကျယ်ကျယ်ပြန့်ပြန့်သိရှိရှောင်ရှားနိုင်ရန်အတွက် အသိပညာပေးလှုံ့ဆော်ရေး လုပ်ဆောင်မှုများကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးလုပ်ငန်း၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး စသည့်အဖွဲ့အစည်း ၅ ခုဖြင့် မူးယစ်ဆေးဝါးပညာပေး ရေးလုပ်ငန်းများကို နည်းလမ်းပေါင်းစုံဖြင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

မူးယစ်ဆေးစွဲလူနာများ ကုသရေးနှင့် နောက်ဆက်တွဲအန္တရာယ် လျော့ချရေးအတွက် နိုင်ငံတစ်ဝန်းလုံးတွင် ဆေးကုသရေးဌာနကြီး ၂၉ ခု၊ ဌာနငယ် ၅၆ ခုနှင့် မက်သာဒုံးဆေးခန်း ၉၀ ခု တို့ ဖွင့်လှစ် ဆောင်ရွက်ပေးခဲ့ရာ ၂၀၂၃ ခုနှစ်အတွင်း မူးယစ်ဆေးစွဲလူနာ ၂၆၅၉၅ ဦး အား ကုသပေးနိုင်ခဲ့ပြီး ၂၃၈၇၅ ဦးအား မက်သာဒုံးတိုက်ကျွေးနိုင်ခဲ့ပါ သည်။ မူးယစ်ဆေးဖြတ်ပြီးသူများ လူမှုအသိုင်းအဝိုင်းအတွင်း ပြန်လည် ဝင်ဆံ့နိုင်ရေးအတွက်လည်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာနမှ ပြန်လည်ထူထောင်ရေးစခန်းများ ၁၄ ခုကို ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး စဉ်ဆက်မပြတ် ပြုစုပျိုးထောင်ပေးလျက်ရှိပါ သည်။

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါး ပူးပေါင်းတိုက်ဖျက်ရေးလုပ်ငန်းများ ကို ကုလသမဂ္ဂအပါအဝင် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ မဲခေါင်ဒေသတွင်းနိုင်ငံများ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ၊ နိုင်ငံ တကာမူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိသည့်အပြင် ရန်ကုန်မြို့အခြေစိုက် နိုင်ငံတကာ အဖွဲ့အစည်းများဖြစ်သည့် UNODC (United Nations Office on Drugs and Crime)၊ AFP (Australian Federal Police)၊ DEA (Drug Enforcement Administration)၊ NNCC (National Narcotics Control Commission)၊ ONCB (Office of Narcotics Control Board) တို့နှင့်လည်း ပိုမိုတိုးမြှင့်ဆောင်ရွက် လျက်ရှိပါသည်။

ထို့ပြင် ၂၀၂၃ ခုနှစ်အတွင်း (၂၄) ကြိမ်မြောက် မြန်မာ-ထိုင်း နှစ်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေးအစည်းအဝေးအားလည်းကောင်း၊ (၄၄) ကြိမ်မြောက် အာဆီယံအဆင့်မြင့် အရာရှိကြီးများအစည်းအဝေး အားလည်းကောင်း၊ ၂၀၂၄ ခုနှစ်အတွင်း (၇) ကြိမ်မြောက် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး ညွှန်ကြားရေးမှူးချုပ်အဆင့် အစည်းအဝေးအားလည်းကောင်း၊ ASOD (The ASEAN SeniorOfficials Meeting on Drug Matters) တာဝန်ခံများ၏ အာဆီယံစီမံချက်များဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲအားလည်းကောင်း၊ (၁၆) ကြိမ်မြောက် အာဆီယံ မူးယစ်ဆေးဝါးစောင့်ကြပ်ကြည့်ရှုမှုလုပ်ငန်းကွန်ရက်အစည်းအဝေး အားလည်းကောင်း မြန်မာနိုင်ငံမှ အိမ်ရှင်နိုင်ငံအဖြစ် ဦးဆောင် ကျင်းပနိုင်ခဲ့ပြီး နိုင်ငံတကာနှင့် မူးယစ်ဆေးဝါးပူးပေါင်းတိုက်ဖျက်ရေး အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်၍ ယခုနှစ် (၃၇) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ် ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC) မှ ပေးပို့သည့်ဆောင်ပုဒ် "The Evidence is clear : invest in Prevention" “မူးယစ်အန္တရာယ်ကင်းစင်ရေး၊ ဘက်စုံကြိုတင် ကာကွယ်ပေး ”ဆိုသည့်အတိုင်း နိုင်ငံတိုင်း အလေးထားဆောင်ရွက်သွား ကြရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင်လည်း ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်း သာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေးတို့ကို အဟန့်အတားဖြစ်စေ သည့် မူးယစ်ဆေးဝါးအန္တရာယ်ကို နိုင်ငံတော်အစိုးရအနေဖြင့် နည်းလမ်း အသွယ်သွယ်ဖြင့် အရှိန်အဟုန်မြှင့်တင် ကြိုးပမ်းဆောင်ရွက်နေသလို တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ စည်းလုံးညီညွတ်မှုအင်အားဖြင့် ဘက်ပေါင်းစုံမှ ပူးပေါင်းပါဝင်ကူညီပေးကြရန် တိုက်တွန်းနှိုးဆော် အပ်ပါသည်။ ။



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်း၊ နေပြည်တော်ကောင်စီဝင်များနှင့်တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၃)မှ သင်တန်းသားများအား တစ်ဦးချင်း ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၃)သင်တန်းဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှတာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၃)မှ သင်တန်းသားများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလင်းက ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၃) သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူစဉ်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ်၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၃) သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပစဉ်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ်၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၃) သင်တန်းဖွင့်ပွဲကျင်းပစဉ်။

⏭ **ကျောဖုံးမှအဆက်**

ပြုလုပ်ကြသည်။ သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းများအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့်အမှာစကားများ ပြောကြားကြသည်။

အဆိုပါ သင်တန်းကျောင်းများသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်၍ သင်တန်းကျောင်းခန်းမများ၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၃)မှသင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြားသည်။ ထို့နောက် သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ကြပြီး သင်တန်းသားများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးခဲ့ကြသည်။

ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၃)မှ နိုင်ငံ့သားကောင်းလူငယ်များအဖြစ် နိုင်ငံ့တာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်းတက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကိုလည်း ယခုလိုပဲကြားသိရပါတယ်-

"စစ်မှုထမ်းရမယ်ဆိုတဲ့ ကန့်သတ်ချက်နဲ့ ကိုက်ညီလို့ နိုင်ငံသားတစ်ယောက်ရဲ့ တာဝန်အရ စိတ်ပါပြီးတော့မှ စာရင်းပေးပြီးတော့မှ ဒီကိုရောက်ရှိလာတာပါ။ ကျွန်တော် ဒီသင်တန်းပြီးဆုံးသွားရင်တော့ ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်အောင်ရယ် ပြီးရင် စည်းကမ်းတကျနဲ့လည်း နေထိုင်သွားမယ်။ ဒီသင်တန်းပြီးလို့ရှိရင် တာဝန်ကျတဲ့နေရာမှာ နိုင်ငံတာဝန်တွေကို ကျေပွန်အောင် ထမ်းဆောင်ပါမယ်"ဟု သင်တန်းသားတစ်ဦးကပြောသည်။

"အမှတ်စဉ်(၂)မှာ စာရင်းသွားပေးတယ်။ ဒါပေမဲ့ လူစာရင်းပြည့်သွားတဲ့အတွက် ကျွန်တော်တက်ရောက်ခွင့် မရခဲ့တာပါ။ အမှတ်စဉ်(၃)မှာ ကျွန်တော့်ဆန္ဒနဲ့ ကျွန်တော် ဝင်လာခဲ့တာပါ။ နိုင်ငံတကာမှာ ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းထားတဲ့အတွက်ကြောင့် ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်း အခုလို ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းလိုက်တာ မြန်မာနိုင်ငံအတွက် အများကြီး အကျိုးရှိပါတယ်။ ကျွန်တော်တို့ဘာသာ၊ သာသနာကာကွယ်ဖို့အတွက် နိုင်ငံသားတိုင်းမှာ တာဝန်ရှိပါတယ်။ အဲတာကြောင့် မလို့ ကျွန်တော်တို့ အခုလိုသင်တန်းတက်ရောက်လာတာပါ။ နောက်လာတက်မယ့် အမှတ်စဉ်တွေက **စာမျက်နှာ ၆ သို့** ⏭



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၃) သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူစဉ်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၃) သင်တန်းဖွင့်ပွဲအခမ်းအနားတွင် သင်တန်းသားတစ်ဦးအား ထောက်ပံ့ပစ္စည်းများပေးအပ်စဉ်။



အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၃) သင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။







⏭| စာမျက်နှာ ၅ မှအဆက်

ညီအစ်ကိုမောင်နှမများကိုလည်း ကျွန်တော်တို့ဖိတ်ခေါ်ပါတယ်”ဟု သင်တန်းသားတစ်ဦးကပြောသည်။

“ရောက်ရှိလာတဲ့အချိန်မှာ ခံစားချက်ကတော့ အရမ်းကိုပျော်ရွှင်တဲ့ခံစားချက်ရရှိပါတယ်။ ကိုယ့်ရှေ့မှာလုပ်နေတဲ့ စီနီယာကြီးတွေကို ကြည့်ပြီးတော့မှ အားကျရပါတယ်။ လေးလည်းလေးစားရပါတယ်။ ဒီမှာရှိတဲ့ နည်းပြတွေအကုန်လုံးကလည်း ကိုယ့်ရဲ့ညီအစ်ကိုမောင်နှမသွေးသားရင်းလိုမျိုး ဂရုစိုက်တဲ့အတွက် အားလုံးအစစအရာရာ အဆင်ပြေပါတယ်ခင်ဗျာ။ ညီအစ်ကိုတို့ကို ပြောချင်တာကတော့ သူများကောလာဟလတွေကို လုံးဝ(လုံးဝ)မယုံဘဲနဲ့ ဒီမှာရှိတဲ့ ညီအစ်ကိုတွေ ဘယ်လိုအဆင်ပြေနေတယ်။ ဘယ်လိုပျော်ရွှင်နေကြတယ်ဆိုတာလေးကို သိစေချင်ပါတယ်ခင်ဗျာ။ လာရောက်မယ်ဆိုလို့ရှိရင်လည်း နွေးထွေးစွာကြိုဆိုလျက်ရှိပါတယ်ခင်ဗျာ”ဟု သင်တန်းသားတစ်ဦးကပြောသည်။

(၁၀၀)

ရန်ကုန် ဇွန် ၂၅

# Max Energy Futsal Amateur Cup 2024

## ပြိုင်ပွဲအုပ်စုပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်ကစား

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီကကြီးမှူးကျင်းပမည့် Max Energy Futsal Amateur Cup 2024 ပြိုင်ပွဲအုပ်စုပွဲစဉ်များကို ယနေ့နံနက် ၈ နာရီမှစတင်ပြီး MFF Futsal Stadium ၌ ကျင်းပခဲ့ကြောင်း သိရသည်။

Max Energy Futsal Amateur Cup 2024 ပြိုင်ပွဲအုပ်စုပွဲစဉ်များအဖြစ် ယနေ့နံနက် ၈နာရီတွင် Black Eagle FC အသင်းနှင့် Yankin Youth အသင်းတို့ကစားခဲ့ရာ Black Eagle FC အသင်းက ၇ ဂိုး ၁ ဂိုးဖြင့်လည်းကောင်း၊ နံနက် ၉ နာရီခွဲတွင် Black Cross Youth အသင်းနှင့် Taw Win Nan FC အသင်းတို့ကစားခဲ့ရာ Taw Win Nan FCအသင်းက ၇ ဂိုး ၄ ဂိုးဖြင့်လည်းကောင်း၊ နံနက် ၁၁ နာရီတွင် Fanatics FC အသင်းနှင့် Sar Bal Gyi Doh အသင်းတို့ကစားခဲ့ရာ Sar Bal Gyi Doh အသင်းက ၇ ဂိုး ၅ ဂိုးဖြင့် လည်းကောင်း၊ မွန်းလွဲ ၁၂ နာရီခွဲတွင် Future Light FCအသင်းနှင့် Passion Play FC အသင်းတို့ကစားခဲ့ရာ Future Light FC အသင်းက ၄ ဂိုး ၃ ဂိုးဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့သည်။




ဆက်လက်ပြီး မွန်းလွဲ ၂ နာရီတွင် IJ FC အသင်းနှင့် Power HBI FCအသင်းတို့ ကစားခဲ့ရာ Power HBI FC အသင်းက ၂ ဂိုး ၁ ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး ညနေ ၃နာရီခွဲတွင် Fithouse FC အသင်းနှင့် Combine Team အသင်းတို့ကစားခဲ့ရာ Fithouse FC အသင်းက ၅ ဂိုး ၂ ဂိုးဖြင့် အသီးသီး အနိုင်ရရှိခဲ့ကြသည်။

Max Energy Futsal Amateur Cup 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် ဇွန်လ ၂၆ ရက် **(ယနေ့)** နံနက် ၈ နာရီတွင် Shadows FC အသင်းနှင့် 7Brothers FCအသင်း၊ နံနက် ၉ နာရီခွဲတွင် Junior FC အသင်းနှင့် 42 Youth Clubအသင်း၊ နံနက် ၁၁ နာရီတွင် FCT Youthအသင်းနှင့် RE United အသင်း၊ မွန်းလွဲ ၁၂ နာရီခွဲတွင် Team Leo FC အသင်းနှင့် MST University အသင်း၊ မွန်းလွဲ၂ နာရီခွဲတွင် Team Tiger အသင်းနှင့် Jullniss FC အသင်း၊ ညနေ ၃နာရီခွဲတွင် Gold Dream FC အသင်းနှင့် SGF Youthအသင်းတို့ ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**စည်သူအောင်**

## မိုးလေဝသ သတင်း




| မှတ်သားဖွယ်ရာမိုးရေချိန်များ | |
|---|---|
| ဟိုင်းကြီးကျွန်း | (၆. ၅၇)လက်မ |
| ကျိုက္ကမီ | (၄. ၇၂)လက်မ |
| ချောင်းဆုံ | (၄. ၃၃)လက်မ |
| ကျိုက်မရော | (၄. ၁၇)လက်မ |
| ကိုကိုးကျွန်း | (၃. ၈၆)လက်မ |
| ခန္တီး | (၃. ၆၆)လက်မ |
| လပွတ္တာ | (၃. ၁၉)လက်မ |
| မှော်ဘီ | (၃. ၀၃)လက်မ |
| ထားဝယ် | (၂. ၉၆)လက်မ |
| မြစ်ကြီးနား | (၂. ၇၂)လက်မ |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၂၆ | ၃၂ |
| ရှမ်း(မြောက်) | ၂၂ | ၃၄ |
| ရှမ်း(အရှေ့) | ၂၀ | ၃၀ |
| ရှမ်း(တောင်) | ၁၇ | ၂၇ |
| ချင်း | ၁၅ | ၂၆ |
| စစ်ကိုင်း(အထက်) | ၂၂ | ၃၀ |
| စစ်ကိုင်း(အောက်) | ၂၉ | ၃၈ |
| နေပြည်တော် | ၂၆ | ၃၅ |
| မန္တလေး | ၃၀ | ၃၈ |
| မကွေး | ၂၆ | ၃၇ |
| ရခိုင် | ၂၅ | ၃၄ |
| ပဲခူး | ၂၆ | ၃၄ |
| ရန်ကုန် | ၂၅ | ၃၀ |
| ဧရာဝတီ | ၂၂ | ၃၀ |
| ကယား | ၂၀ | ၂၉ |
| ကရင် | ၂၃ | ၃၀ |
| မွန် | ၂၅ | ၃၀ |
| တနင်္သာရီ | ၂၂ | ၂၈ |

# “မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၄)က အကောင်းဆုံးရလဒ်တွေ ထွက်ပေါ်မယ်လို့ မျှော်လင့်ပါတယ်” ဒေါက်တာစိုးဝင်း

နေပြည်တော် ဇွန် ၂၅

“လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး ပညာရေးကိုပိုမိုမြှင့်တင်ပေး”ဆိုသည့် ဦးတည်ချက်ဖြင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄)ကို ဇွန်လ ၂၅ ရက်မှ ၂၇ ရက်အထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II)၌ ကျင်းပလျက်ရှိသည်။

ညီလာခံတွင် အရည်အသွေးပြည့်ဝသော ပညာတတ်များမွေးထုတ်ရေး၊ တိုင်းချစ်ပြည်ချစ်စိတ်ရှိသော လူငယ်များပေါ်ထွက်လာစေရေး၊ ထုတ်လုပ်မှုကိုအားပေးသော သက်မွေးပညာတိုးတက်ရေး၊ ဆရာ၊ ဆရာမများ၏ အရည်အသွေးစဉ်ဆက်မပြတ်မြှင့်တင်ရေး စသည့်ခေါင်းစဉ်များအောက်တွင် စာတမ်း ၃၆ စောင် ဖတ်ကြားတင်သွင်းကြမည်ဖြစ်သည်။

အဆိုပါစာတမ်းများကိုအခြေပြု၍ အသိပညာ၊ အတတ်ပညာနှင့်ပြည့်စုံသည့် ပညာတတ်များပေါ်ထွန်းလာပြီး ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်နိုင်ရေး ရေတိုရေရှည်လုပ်ငန်းအစီအမံများချမှတ်ဆောင်ရွက်နိုင်ရန် ဝိုင်းဝန်းဆွေးနွေးအဖြေရှာကြမည်ဖြစ်ရာ ညီလာခံသို့တက်ရောက်လာသူများ၏ စကားသံများကို စုစည်းဖော်ပြလိုက်ရပါသည်။



ဒေါက်တာစိုးဝင်း



ဦးသက်လေးဦး



ဒေါက်တာအောင်ကျော်သူ



ဒေါက်တာချိုချိုမြအောင်



မောင်ဖြိုးသန့်ဇင်

**ဒေါက်တာစိုးဝင်း (အမြဲတမ်းအတွင်းဝန်၊ ပညာရေးဝန်ကြီးဌာန)**

မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံမှာ လုပ်ငန်းကော်မတီ အတွင်းရေးမှူးအဖြစ်တာဝန်ယူဆောင်ရွက်နေပါတယ်။ တိုင်းချစ်ပြည်ချစ်စိတ်ရှိသော လူငယ်များမွေးထုတ်ပေးရန်ဆိုတဲ့အချက်က အခြေခံပညာနဲ့ သက်ဆိုင်ပါတယ်။ အရည်အသွေးပြည့်ဝတဲ့ ပညာတတ်တွေ မွေးထုတ်ဖို့ဆိုတဲ့အချက်က အဆင့်မြင့်ပညာကဏ္ဍနဲ့ သက်ဆိုင်ပါတယ်။ ထုတ်လုပ်မှုကိုအားပေးတဲ့ သက်မွေးပညာဖွံ့ဖြိုးတိုးတက်ဖို့အချက်က သက်မွေးပညာကဏ္ဍနဲ့သက်ဆိုင်ပါတယ်။ အရည်အသွေးပြည့်ဝတဲ့ ဆရာ၊ ဆရာမတွေ မွေးထုတ်ဖို့ဆိုတဲ့အချက်က ဆရာအတတ်ပညာကဏ္ဍနဲ့သက်ဆိုင်ပါတယ်။ သုတေသနနဲ့ တီထွင်ဆန်းသစ်မှုဆိုတဲ့ကဏ္ဍက နှစ်တိုင်းထည့်သွင်းရတဲ့ ကဏ္ဍတစ်ခုဖြစ်ပါတယ်။ ပညာရေးစနစ်ကို အရည်အသွေးပြည့်ဝတဲ့ ပညာရေးစနစ်တစ်ခုဖြစ်ဖို့ ပိုမိုအားကောင်းတဲ့ ကဏ္ဍတစ်ခုဖြစ်ဖို့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၄)မှာ ဝန်ကြီးဌာနပေါင်းစုံက ဖတ်ကြားမယ့်စာတမ်းတွေလည်းပါဝင်တယ်။ ပညာရေးကိုဆောင်ရွက်နေတာ ပညာရေးဝန်ကြီးဌာနတစ်ခုတည်းလို့ မြင်လို့မရပါဘူး။ ဆက်စပ်ဝန်ကြီးဌာနတွေ အများကြီးရှိတဲ့အတွက် စာတမ်းတွေကလည်း နယ်ပယ်ပေါင်းစုံကပါဝင်တယ်။ ဒီနေ့မှာဆိုရင် ၂၀၂၃ ခုနှစ် ညီလာခံက ရေတို၊ ရေရှည်လုပ်ငန်းတွေရဲ့ ဆောင်ရွက်ပြီးနဲ့ ဆောင်ရွက်နေဆဲ အခြေအနေတွေကို ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ အဓိကရည်ရွယ်ချက်တွေ ပေါက်မြောက်ဖို့ စာတမ်းတွေက အထောက်အပံ့ပေးသွားမှာဖြစ်ပါတယ်။ ၂၀၂၃ ခုနှစ်က ညီလာခံကျင်းပလိုက်တဲ့အတွက် ပညာရေးဖွံ့ဖြိုးတိုးတက်ဖို့ ဘာတွေလုပ်သင့်တယ်ဆိုတဲ့အချက်တွေ ထွက်ပေါ်လာပါတယ်။ ဒီနှစ်ညီလာခံမှာ အရည်အသွေးပြည့်ဝတဲ့ ပညာရေးစနစ်ကောင်းဖြစ်ဖို့ဆိုတဲ့ အချက်တစ်ချက်ထူးထူးခြားခြားပါဝင်လာတယ်။ အကောင်းဆုံးရလဒ်တွေထွက်မယ်လို့ မျှော်လင့်ပါတယ်။

**ဦးသက်လေးဦး (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပညာရေးဝန်ကြီးဌာန)**

မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံကို ပညာရေးဝန်ထမ်းတစ်ယောက်အနေနဲ့ တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခွင့်ရတဲ့အတွက်ဂုဏ်ယူပါတယ်။ ပညာရေးညီလာခံကို တက်ရောက်ဖြစ်တာ အခုနှစ်နဲ့ဆိုရင် နှစ်ကြိမ်ရှိပါပြီ။ ပညာရေးညီလာခံကျင်းပပေးတဲ့အတွက် ကျွန်တော်တို့မြန်မာနိုင်ငံရဲ့ ပညာရေးမှာ လိုအပ်ချက်တွေ၊ ပြုပြင်သင့်တဲ့အချက်တွေ ဖော်ထုတ်နိုင်မယ်လို့ ထင်ပါတယ်။ ပညာရေးမှာ မိဘတွေ လိုလားတောင့်တနေတဲ့ အချက်အလက်တွေကို ဖော်ထုတ်ပြီး ပြုပြင်ပြောင်းလဲပေးနိုင်မယ်လို့ ထင်ပါတယ်။ ၂၀၂၃ ခုနှစ်မှာကျင်းပခဲ့တဲ့ ပညာရေးညီလာခံက ဖော်ထုတ်ပေးခဲ့တဲ့ အချက်တွေပေါ်မူတည်ပြီး ပြုပြင်ပြောင်းလဲခဲ့တာတွေ ရှိပါတယ်။ အောင်မြင်တယ်လို့ ပြောလို့ရပေမယ့် ဆက်လက်လုပ်ဆောင်ရမယ့်ကဏ္ဍတွေလည်း ရှိပါတယ်။ အဲဒီကဏ္ဍတွေကို ဆက်လက်အကောင်အထည်ဖော်နိုင်ဖို့ ၂၀၂၄ ခုနှစ် မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံကို ကျင်းပတယ်လို့ ယုံကြည်ပါတယ်။ ဒီညီလာခံက မြန်မာနိုင်ငံအတွက် အရေးကြီးပြီး လုပ်ဆောင်သင့်တဲ့ လုပ်ငန်းတစ်ခုကိုအကောင်အထည်ဖော်တယ်လို့ ယူဆပါတယ်။ နိုင်ငံတော်အကြီးအကဲကလည်း ပညာရေးကိုအထူးအားပေးနေတာကို ဒီညီလာခံကျင်းပပေးခြင်းအားဖြင့် သိသာပါတယ်။ ကျွန်တော်တို့နိုင်ငံအနေနဲ့ ပညာရေးနဲ့ပတ်သက်ပြီး မိဘတွေရဲ့ အားမလို အားမရဖြစ်နေတဲ့ ကွက်လပ်တွေကို ဒီညီလာခံကနေ အတတ်နိုင်ဆုံးဖြည့်ဆည်းပေးနိုင်မယ်လို့ ယူဆပါတယ်။ ဒီညီလာခံက ဆွေးနွေးဆုံးဖြတ်ချက်တွေကို သက်ဆိုင်ရာတာဝန်ရှိသူတွေက ကဏ္ဍအလိုက် အကောင်အထည်ဖော်သွားနိုင်မယ်ဆိုရင် ကျွန်တော်တို့မျှော်လင့်ထားတဲ့ ဘက်စုံဖွံ့ဖြိုးတိုးတက်တဲ့ ပညာရေးတစ်ခု အကောင်အထည်ဖော်နိုင်လိမ့်မယ်လို့ ယူဆပါတယ်။

**ဒေါက်တာအောင်ကျော်သူ (ပါမောက္ခဌာနမှူး၊ ဆေးပညာဌာန၊ တောင်ကြီးဆေးတက္ကသိုလ်)**

အရည်အသွေးပြည့်ဝသော ပညာတတ်များ မွေးထုတ်ရေးခေါင်းစဉ်ကြီးအောက်မှာ နိုင်ငံတကာအဆင့်မီ သင်ရိုးညွှန်းတမ်းဖြင့် အရည်အသွေးပြည့်ဝသော ပညာရှင်များမွေးထုတ်ရေးဆိုတဲ့ စာတမ်းဖတ်ကြားမှာဖြစ်ပါတယ်။ အရည်အသွေးပြည့်ဝတဲ့ ပညာရှင်ဆိုရာမှာ ပညာရပ်တွေကို တတ်ကျွမ်းရုံနဲ့မပြီးဘဲ Good Human လို့ခေါ်တဲ့ လူသားကောင်းလည်း ဖြစ်ရမယ်။ Good Citizen လို့ခေါ်တဲ့ နိုင်ငံသားကောင်းလည်း ဖြစ်ရမယ်။ ဒီလိုအချက်သုံးချက်နဲ့ ပြည့်စုံမှ အရည်အသွေးပြည့်ဝတဲ့ ပညာရှင်ဖြစ်တယ်။ လူသားကောင်း၊ နိုင်ငံ့သားကောင်းဖြစ်ဖို့၊ ကိုယ်ချင်းစာတရားနဲ့ အများအကျိုးသယ်ပိုးဆောင်ရွက်တတ်တဲ့သူတွေဖြစ်ဖို့ သင်ကြားတဲ့အခါမှာထည့်သွင်းသင်ကြားနိုင်ဖို့ အလေးထားဆွေးနွေးသွားမှာဖြစ်ပါတယ်။ အရင်က စာဖတ်၊ စာရေး စာသိ၊ စာတတ်တာကို ဦးစားပေးခဲ့ကြတယ်။ တတ်မြောက်ဖို့လိုတယ်လို့ ယူဆခဲ့ကြတယ်။ တကယ်တော့ စာသိ၊ စာတတ်ရုံနဲ့မပြီးဘဲ သိရုံနဲ့မကဘူး။ နားလည်ရမယ်။ နားလည်ရုံနဲ့ မကဘူး။ လုပ်ဆောင်တတ်ရမယ်။ လုပ်ဆောင်တတ်ရုံနဲ့မကဘူး။ တကယ်လည်းလုပ်ဆောင်ရမယ်၊ တစ်ယောက်တည်းကောင်းရုံနဲ့မပြီးဘဲ ကိုယ့်ပတ်ဝန်းကျင်အများလည်းကောင်းအောင် လုပ်ဆောင်စည်းရုံးနိုင်ရမယ်။ ဒါမှလည်းလူ့အဖွဲ့အစည်းက တိုးတက်နိုင်မှာဖြစ်ပါတယ်။

**ဒေါက်တာချိုချိုမြအောင် (တိုင်းပညာရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး)**

ကျွန်မက မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄)ခုနှစ်မှာ လေ့လာသူအနေနဲ့ တက်ရောက်တာဖြစ်ပါတယ်။ ၂၀၂၃ ခုနှစ် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံမှာ ဆရာပြုန်းတီးမှုလျှော့ချရေးနှင့် ဆရာများ လုပ်ငန်းခွင်တွင် ပျော်ရွှင်မှုရရှိစေရေး စာတမ်းဖတ်ခဲ့ပါတယ်။ အဲဒီစာတမ်းက အများကြီးအကျိုးသက်ရောက်မှုရှိခဲ့တဲ့အတွက် အားရကျေနပ်ခဲ့ပါတယ်။ နိုင်ငံတော်က စာတမ်းတွေအပေါ် တွေ့ရှိချက်တွေ၊ ဝိုင်းဝန်းဆွေးနွေးအကြံပြုချက်တွေ၊ သုံးသပ်ဆုံးဖြတ်ချက်တွေအရ ပညာရေးဝန်ထမ်းတွေကိုအများကြီးဖြည့်ဆည်းဆောင်ရွက်ပေးခဲ့တာတွေရှိခဲ့တဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်။ မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံဖြစ်တဲ့အတွက် ကိုယ့်နိုင်ငံအတွင်းမှာရှိတဲ့ အသက်မွေးဝမ်းကျောင်းပညာရေး၊ အခြေခံပညာရေး၊ အဆင့်မြင့်ပညာရေးစတဲ့ ပညာရပ်ပိုင်းဆိုင်ရာလုပ်ငန်းဆောင်တာတွေနဲ့ပတ်သက်ပြီး ဝန်ကြီးဌာနတွေက အကောင်အထည်ဖော်ဆောင်ရွက်နေကြတာတွေကို ဒီညီလာခံပွဲမှာတွေ့ဆုံခွင့်၊ ဖလှယ်ခွင့်၊ ဝန်ကြီးဌာနတွေရဲ့လုပ်ငန်းတွေနဲ့ ပူးပေါင်းဆောင်ရွက်ဖို့အတွက် အခွင့်အလမ်းတွေ အများကြီးရရှိတာဖြစ်တဲ့အတွက် ဝမ်းသာပါတယ်။ ပညာရေးညီလာခံတစ်ခုဖြစ်လာဖို့ဆိုတာက တစ်နှစ်ပတ်လုံးဆောင်ရွက်ရတာဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ မျှော်မှန်းချက်ဖြစ်တဲ့ KG+9 ကို နိုင်ငံသားတိုင်း ပြီးမြောက်ဖို့ဆိုတဲ့ အချက်အလက်တွေကို ဆောင်ရွက်တဲ့အခါမှာ အားလုံးဘက်စုံထောင့်စုံက ဝိုင်းဝန်းပြီးကူညီဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒီညီလာခံကနေ ဆက်စပ်ဝန်ကြီးဌာနတွေ ပေါင်းစပ်ညှိနှိုင်းဆွေးနွေးအဖြေရှာပြီး ပံ့ပိုးပေးကြမယ်ဆိုရင် ထိရောက်ကောင်းမွန်မှာ ဖြစ်ပါတယ်။ ညီလာခံရဲ့ ရည်ရွယ်ချက်ခြောက်ချက်က နိုင်ငံရဲ့ ပညာရေးကဏ္ဍမှာ အမှန်တကယ်လိုအပ်နေတဲ့ အချက်အလက်တွေပဲဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံ တိုးတက်ဖွံ့ဖြိုးဖို့အတွက် လူသားအရင်းအမြစ်တွေရဲ့ ပညာရည်မြင့်မားပြည့်ဝမှုတွေက လိုအပ်ပါတယ်။ ပညာရေးကဏ္ဍမှာ တာဝန်ထမ်းဆောင်နေသူတစ်ယောက်အနေနဲ့ ဒီလိုညီလာခံတက်ရောက်ခွင့်ရတာ၊ စာတမ်းတွေကို နားထောင်ပြီး ပြန်လည်ဆွေးနွေးခွင့်ရတာကို ကျေနပ်ဂုဏ်ယူပါတယ်။

**မောင်ဖြိုးသန့်ဇင် (ကျောင်းသား၊ အမှတ်(၁)စက်မှုသင်တန်းကျောင်း-ဆင်တဲ)**

ကျွန်တော်က စက်မှုသင်တန်းကျောင်းရှစ်ကျောင်းရဲ့ ကိုယ်စားပြုအနေနဲ့ ကျောင်းတွေမှာ လက်တွေ့အသုံးပြုနေတဲ့ စက်ပစ္စည်းတွေကို ပြခန်းလာရောက်ပြသတာဖြစ်ပါတယ်။ မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံကြီးမှာကိုယ်စားပြုလာရောက်ပြသခွင့်ရတဲ့အတွက် စိတ်လှုပ်ရှားရပါတယ်။ ဒီလိုပညာရေးညီလာခံကြီး ကျင်းပပေးတဲ့အတွက် အကျိုးရလဒ်တွေက အများကြီးကောင်းမွန်ပါတယ်။ ကျွန်တော်တို့ လူငယ်တစ်ယောက်စီမှာ အတတ်ပညာတစ်ခုခုတတ်မြောက်ထားဖို့ လိုအပ်ပါတယ်။ အတတ်ပညာတစ်ခုခုတတ်မြောက်ထားတဲ့သူက နေရာတစ်ခုအမြဲရှိပါတယ်။ အစ်ကို၊ အစ်မတွေ၊ ညီလေး၊ ညီမလေးတွေကို အတတ်ပညာတစ်ခုခုကို တတ်မြောက်အောင် ကြိုးစားသင်ယူကြပါ။ ကိုယ်သာအကောင်းဆုံးဖြစ်နေရင် အကောင်းဆုံးနေရာတစ်ခုကိုရောက်မှာပါလို့ ပြောချင်ပါတယ်။ ။

**ဝင်းသန့်**

**ဓာတ်ပုံ-ဖိုးပြည့်စုံ**

မကွေး ဇွန် ၂၅

# မကွေးတိုင်းဒေသကြီးအတွင်းရှိ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမြှင့်တင်ရေးဆွေးနွေးပွဲ ၂၀၂၄ ကျင်းပ

မကွေးတိုင်းဒေသကြီးအတွင်းရှိပြည်တွင်းရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမြှင့်တင်ရေးဆွေးနွေးပွဲ ၂၀၂၄ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မကွေးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မကွေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ၊ အသင်းအဖွဲ့များမှ ဖိတ်ကြားထားသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပြည်တွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ကြီးမားသောအခွင့်အလမ်းများကို ဖန်တီးပေးနိုင်သော မကွေးတိုင်းဒေသကြီးအတွင်း MSME လုပ်ငန်းများအပါအဝင် ပြည်တွင်း၊ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် နိုင်ငံတော်က လိုအပ်သည်များကို စိစစ်ဖြည့်ဆည်းနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်ခြင်းဖြင့် လက်ရှိလုပ်ငန်းများ ပိုမိုအခြေခိုင်မာစွာလည်ပတ်နိုင်ပြီး ဒေသထုတ်ကုန်များ ထုတ်လုပ်မှုတိုးတက်လာစေရေး ကြိုးပမ်းကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆွေးနွေးပွဲတွင် ဝိုင်းဝန်းဆွေးနွေးအဖြေရှာခြင်းဖြင့် တိုင်းဒေသကြီး၏ လူမှုစီးပွားဖွံ့ဖြိုးလာစေရေး ကြိုးပမ်းကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ခင်းကျင်းပြသထားသည့် ဒေသထွက်ကုန်များ ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။



ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ တာဝန်ရှိသူများက "မကွေးတိုင်းဒေသကြီး၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအခွင့်အလမ်းများ" ခေါင်းစဉ်ဖြင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးရေး၊ စက်မှုလက်မှု၊ ဟိုတယ်နှင့်ခရီးသွားလာရေး၊ ရေနံနှင့်သဘာဝဓာတ်ငွေ့၊ မွေးမြူရေးနှင့် ရေလုပ်ငန်း၊ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများ၏အလားအလာကောင်းများကို အချက်အလက်များဖြင့်တင်ပြသည်။

ယင်းနောက် မကွေးတိုင်းဒေသကြီးအတွင်း အလျင်အမြန်ဖွံ့ဖြိုးတိုးတက်လာနိုင်သည့် ဆီထွက်သီးနှံနှင့် ဝါစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ၊ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးကဏ္ဍနှင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကဏ္ဍတို့ကို အားပေးမြှင့်တင်နိုင်ရန် စကားဝိုင်းဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ကျွမ်းကျင်သူများက သက်ဆိုင်ရာကဏ္ဍအလိုက် ပါဝင်ဆွေးနွေးကြပြီး တက်ရောက်လာသူများ၏မေးခွန်းများကို ပြန်လည်ဖြေကြားကြသည်။

အဆိုပါဆွေးနွေးပွဲကို မကွေးတိုင်းဒေသကြီးအတွင်းရှိ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကို ပိုမိုသိရှိနိုင်စေရန်၊ ရင်းနှီးမြှုပ်နှံမှုနှင့်ဆက်စပ်သည့်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စီးပွားရေးလုပ်ငန်းများလုပ်ကိုင်နိုင်စေရန်နှင့် လုပ်ငန်းရှင်များ တွေ့ကြုံနေရသော ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအခက်အခဲများကို ပေါင်းစပ်ညှိနှိုင်းကူညီပေးနိုင်ရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

နေပြည်တော် ဇွန် ၂၅

# ယွန်းပညာကောလိပ်(ပုဂံ)၊ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ(အမရပူရ)တို့မှ လေ့လာရေးခရီး လာရောက်ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ပြည်ထောင်စုဝန်ကြီး ဦးလှမိုး တွေ့ဆုံ

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအောက်ရှိ ယွန်းပညာကောလိပ်(ပုဂံ)၊ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ(အမရပူရ)တို့မှ နည်းပြဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ လေ့လာရေးအဖွဲ့ဝင်များနှင့် တွေ့ဆုံပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ သမဝါယမနှင့် စီမံခန့်ခွဲမှုတက္ကသိုလ်(သန်လျင်နှင့် စစ်ကိုင်း) တို့မှပါမောက္ခချုပ်များ၊ ယွန်းပညာကောလိပ်(ပုဂံ)၊ ဆောင်းဒါးရက်ကန်းနှင့်အသက်မွေးပညာသိပ္ပံ(အမရပူရ)တို့မှ ကျောင်းအုပ်ကြီးများ၊ ကြီးကြပ်သူ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။



တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက ယွန်းပညာကောလိပ်(ပုဂံ)တွင် တက်ရောက်ပညာသင်ကြားနေသော ကျောင်းသား၊ ကျောင်းသူများအနေဖြင့် သင်တန်းကာလနှစ်နှစ်ပြီးဆုံးပါက ယွန်းပညာဒီပလိုမာဘွဲ့ ချီးမြှင့်ပေးအပ်မည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းမီသူများအနေဖြင့် သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်နှင့် စစ်ကိုင်း)တို့သို့ ပေါင်းကူးတက်ရောက်ခွင့်ရမည်ဖြစ်ကြောင်း၊ လက်တွေ့လုပ်ငန်းခွင်ဝင်ရောက်လုပ်ကိုင်မည့်သူများအနေဖြင့်လည်း ပုဂံ-ညောင်ဦးဒေသရှိ မြန်မာ့ရိုးရာယွန်းလုပ်ငန်းများတွင် လည်းကောင်း၊ ကိုယ်ပိုင်ယွန်းလုပ်ငန်းရှင်များအဖြစ် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ထူထောင်သွားနိုင်မည်ဖြစ်ကြောင်း၊ အလားတူ ဆောင်းဒါးရက်ကန်းနှင့်အသက်မွေးပညာသိပ္ပံသို့တက်ရောက်နေသော ကျောင်းသား၊ ကျောင်းသူများအနေဖြင့်လည်း ချည်မျှင်နှင့်အထည်အလိပ်ကျွမ်းကျင်သူ တစ်နှစ်သင်တန်းတက်ရောက်အောင်မြင်ပြီးပါက ချည်မျှင်နှင့်အထည်အလိပ်ဒီပလိုမာ တစ်နှစ်သင်တန်းကို တက်ရောက်ခွင့်ရကြမည်ဖြစ်ကြောင်း၊ သင်တန်းပြီးဆုံးသွားပါက အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအောက်ရှိ ရက်ကန်းသင်တန်းကျောင်းများ၊ နိုင်ငံပိုင်၊ တပ်မတော်ပိုင်၊ ပုဂ္ဂလိကပိုင်ချည်မျှင်နှင့်အထည်စက်ရုံကြီးများတွင် ဝင်ရောက်လုပ်ကိုင်ခွင့်ရရှိရေးချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး ယွန်းပညာကောလိပ်နှင့် ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံတို့၏ သင်တန်းဆိုင်ရာ Video Clip ကို ပြသသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ယွန်းပညာကောလိပ်မှ ကျောင်းသား၊ ကျောင်းသူများ၏ ယွန်းနည်းစဉ်ပြုလုပ်ပုံအဆင့်ဆင့် လက်တွေ့သရုပ်ပြသခြင်းကို လိုက်လံကြည့်ရှုအားပေးသည်။

ယင်းနောက် လေ့လာရေးအဖွဲ့ဝင် ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး ယွန်းပညာကောလိပ်(ပုဂံ)မှ ကျောင်းသူလေးများက ပုဂံမုဒြာအကဖြင့် လည်းကောင်း၊ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ(အမရပူရ)မှကျောင်းသူလေးများက မင်္ဂလာပါနှင့် လက်ခတ်သံတေးသရုပ်ဖော်အကဖြင့်လည်းကောင်း ကပြဖျော်ဖြေကြရာ ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်သည်။

ထို့နောက် လေ့လာရေးအဖွဲ့ဝင်များက ပြည်ထောင်စုဝန်ကြီးထံ ဂါရဝပြုလက်ဆောင်များပေးအပ်ခဲ့ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါလေ့လာရေးအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇင်လတ်နှင့် တာဝန်ရှိသူများနှင့်အတူ နေပြည်တော် (ဗုဒ္ဓဂယာ) မဟာဗောဓိစေတီတော်ကြီးအတွင်းရှိ ရုပ်ပွားတော်မြတ်အားဖူးမြော်ပြီး အလှူငွေများ ထည့်ဝင်လှူဒါန်းကြပြီး မြတ်စွာဘုရား ခုနစ်ရက်စီ သီတင်းသုံးနေထိုင်တော်မူခဲ့သော သတ္တသတ္တာဟခုနစ်ဌာနဖြစ်သည့် မဟာဗောဓိပင်နှင့် ရွှေပလ္လင်တော်၊ အနိမိသကုန်းတော်၊ ရတနာစင်္ကြံတော်၊ ရတနာဃရရွှေစံအိမ်၊ အဇပါလဆိတ်ကျောင်းညောင်ပင်၊ မုစ္စလိန္ဒာရေကန်နှင့် ရာဇာယတနလင်းလွန်းပင်တို့ကို လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

ထို့အတူ လေ့လာရေးအဖွဲ့ဝင်များသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MRTV) သို့သွားရောက်၍ သတင်းရိုက်ကူးတည်းဖြတ်ထုတ်လွှင့်ပုံအဆင့်ဆင့်၊ တိုင်းရင်းသားရုပ်သံလိုင်း(NRC)ထုတ်လွှင့်နေမှု၊ စိန်ရတုပြတိုက်နှင့်ရေဒီယိုထုတ်လွှင့်ရေးအစီအစဉ်များကို လိုက်လံကြည့်ရှုလေ့လာပြီး လေ့လာရေးအဖွဲ့များ၏ ပုဂံမုဒြာအက၊ မင်္ဂလာပါနှင့် လက်ခတ်သံတေးသရုပ်ဖော်အကများကို မှတ်တမ်းတင်ရိုက်ကူးကြသည်။

ယင်းနောက် အမျိုးသားပြတိုက်ရှိ ရှေးဟောင်းရုပ်ကြွင်း၊ ပန်းချီ၊ မြို့ဟောင်းပုံစံငယ်များ၊ ပလ္လင်နှင့်နန်းသုံးပစ္စည်းများ၊ လက်မှုအနုပညာများ၊ အာဆီယံပြခန်းနှင့် ကလေးသူငယ်ပညာပေးရေးအစီအစဉ်များကို သွားရောက်လေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**"ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"**အစီအစဉ်မှ **"ယုံစားပုံမှားမိကြလို့ နေစရာပျောက်၊ ပင်စင်ပျောက်၊ လမ်းဘေးရောက်ခဲ့ကြရတဲ့ သစ္စာဖောက် နိုင်ငံ့ဝန်ထမ်းတွေရဲ့ ပကတိဘဝအခြေအနေ"**ခေါင်းစဉ်ဖြင့် ၂၆-၆-၂၀၂၄ ရက်**(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ဓားပြတိုက်၊ သတ်ဖြတ်၊ ပြန်ပေးဆွဲလုပ်ရပ်များနဲ့ မဇ္ဈိမရိယအမှောင်ဖုံးနေတဲ့ အကြမ်းဖက်သမားများရဲ့တော်လှန်ရေး"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

* စာမျက်နှာ ၁၁ မှအဆက်

သို့ဖြစ်၍ မူလတန်းမှ အထက်တန်းအထိ ကျောင်းသား၊ ကျောင်းသူတိုင်း အခမဲ့ပညာသင်ယူနိုင်သည့် အခွင့်အရေးရရှိနေပြီဖြစ်ရာ ကျောင်းသား၊ ကျောင်းသူများ အတန်းစဉ်ကူးပြောင်းမှုနည်းပါးနေခြင်းကို ကုစားနိုင်တော့မည်ဖြစ်သည်။ ကုစားနိုင်အောင်လည်း နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်သင့်ပေသည်။

ဖြစ်ပေါ်တိုးတက်နေသည့် ကမ္ဘာ့အခြေအနေများအရ လူ့ဘဝရပ်တည်ရန်အတွက် လူတစ်ယောက်သည် အနည်းဆုံး အလယ်တန်းပညာအဆင့်အထိ တတ်သင့်သည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် လူတိုင်း KG+ 9 အထိ ပညာသင်ကြားရန် ဦးတည်ချက်ချမှတ်ပေးထားသည်။ အဆိုပါဦးတည်ချက် ပေါက်မြောက်အောင်မြင်ရန် လူတိုင်း KG+ 9 အထိ ပြီးမြောက်အောင်မြင်ရေးအတွက် မသင်မနေရသင်ကြားနိုင်ရေး၊ ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ကြားနိုင်ရေး၊ အထူးသဖြင့် အခိုက်အတန့် ကျောင်းအပ်လျော့နည်းနေသည့် မူလတန်းအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေးအတွက် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဆရာ၊ ဆရာမများ၊ မိဘများ၊ ရပ်မိရပ်ဖများ ပူးပေါင်း၍ ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် လိုအပ်ပေသည်။ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိကထားသည့် နိုင်ငံဖြစ်သည့်အတွက် စနစ်ကျသောစိုက်ပျိုးမွေးမြူရေးနှင့်ပတ်သက်သော ကုန်ထုတ်လုပ်မှုများ ပြုလုပ်နိုင်ရန် ကျွမ်းကျင်သူများစွာလိုအပ်ပေသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်နှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွင်း ခရိုင် ၈၄ ခုတွင် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး အထက်တန်းကျောင်း ၈၅ ကျောင်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ အဆိုပါကျောင်းများတွင် အလယ်တန်းအဆင့်ပြီးသူများ တက်ရောက်နိုင်ပြီး တန်ဖိုးမြင့်ထုတ်ကုန်များနှင့် ဈေးကွက်လိုအပ်သည့် ကျွမ်းကျင်မှု အရည်အသွေးများကို ဖြည့်ဆည်းပေးနိုင်ရန် လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်သည်။

**● ဖြစ်ပေါ်တိုးတက်နေသည့် ကမ္ဘာ့အခြေအနေများအရ လူ့ဘဝရပ်တည်ရန်အတွက် လူတစ်ယောက်သည် အနည်းဆုံး အလယ်တန်းပညာအဆင့်အထိ တတ်သင့်သည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် လူတိုင်း KG+ 9 အထိ ပညာသင်ကြားရန် ဦးတည်ချက်ချမှတ်ပေးထားသည်။**

**● အနာဂတ်နိုင်ငံသည် မျိုးဆက်သစ်လူငယ်တို့၏လက်ဝယ် ရောက်ရှိလာမည်ဖြစ်ရာ မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်ရှိသော လူငယ်များကသာ နိုင်ငံတည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းကာကွယ်နိုင်ပြီး ဖွံ့ဖြိုးတိုးတက်အောင်လည်း ဆောင်ရွက်နိုင်ပေလိမ့်မည်။**

ကျွန်ုပ်တို့သည် အသိပညာ၊ အတတ်ပညာဖြင့် မိမိဘဝကို တည်ဆောက်ကြရသည်။ အသိပညာ၊ အတတ်ပညာဖြင့် နိုင်ငံကိုအကျိုးပြုကြရသည်။ ထို့ကြောင့် အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်သော ဝိဇ္ဇာ၊ သိပ္ပံပညာရှင်များ မွေးထုတ်ပေးနိုင်အောင် လေ့ကျင့်ပျိုးထောင်ရန် လိုအပ်သကဲ့သို့ ဘဝရပ်တည်မှုအတွက်လည်း ဝိဇ္ဇာ၊ သိပ္ပံပညာရပ်များ (အသိပညာ၊ အတတ်ပညာများ) သိရှိတတ်ကျွမ်းနေရန် လိုအပ်သည်။ ယင်းအသိပညာ၊ အတတ်ပညာများကို ဘဝတစ်လျှောက်လုံး ရယူအသုံးပြုနိုင်စေရန် အတန်းပညာ အခြေခံလိုအပ်သည်။ အတန်းပညာရှိမှသာ အသိပညာ၊ အတတ်ပညာများကို တိုးတက်ရရှိရန် လွယ်ကူပေသည်။

တစ်ဖန် မိမိတို့၏ နိုင်ငံတည်တံ့ခိုင်မြဲရေး၊ ဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံသားတို့၏ မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်ပေါ်တွင်မူတည်ပါသည်။ မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်ရှိခြင်းသည်လည်း လူငယ်များကို ဆရာမိဘတို့၏သွန်သင်ဆုံးမမှု၊ ပညာသင်ကြားလမ်းညွှန်မှုအပေါ်တို့တွင် မူတည်ပါသည်။ အနာဂတ်နိုင်ငံသည် မျိုးဆက်သစ်လူငယ်တို့၏ လက်ဝယ်ရောက်ရှိလာမည်ဖြစ်ရာ မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်ရှိသော လူငယ်များကသာ နိုင်ငံတည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းကာကွယ်နိုင်ပြီး ဖွံ့ဖြိုးတိုးတက်အောင်လည်း ဆောင်ရွက်နိုင်ပေလိမ့်မည်။

ထို့ကြောင့် ၂၀၂၄ ခုနှစ် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံရည်ရွယ်ချက်များ အောင်မြင်ရေးသည် နိုင်ငံသားတစ်ဦးချင်းစီ၏ ပူးပေါင်းဆောင်ရွက်မှုအပေါ် မူတည်ပါသည်။သို့ဖြစ်ရာ နိုင်ငံတော်အစိုးရ၏ မှန်ကန်သောဦးဆောင်မှုအောက်တွင် ပညာရေးဝန်ထမ်းများ၊ မိဘပြည်သူများ၊ ပညာရှင်များကအားလုံးပူးပေါင်းဆောင်ရွက်ကြမည်ဆိုလျှင် "မြန်မာနိုင်ငံ၏ အနာဂတ်ပညာရေး ပိုမိုတိုးတက်ကောင်းမွန်စေရေး" ကို မလွဲမသွေအောင်မြင်အောင် စွမ်းဆောင်နိုင်မည်ဖြစ်ပေသည်။ ။

ရန်ကုန် ဇွန် ၂၅

## လှိုင်သာယာစက်မှုဇုန်နှင့် မင်္ဂလာဒုံစက်မှုဇုန်ရှိ စက်ရုံများသို့ ဒုတိယဝန်ကြီး ဦးဝင်းရှိန် ကွင်းဆင်းအားပေး



အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ် ရွှေလင်ပန်းစက်မှုဇုန်ရှိ Hanboom (Myanmar) Garment Co., Ltd. နှင့် New Forest Co., Ltd. အထည်ချုပ်စက်ရုံတို့သို့ ကွင်းဆင်းစစ်ဆေးကာ လိုအပ်သည်များမှာကြားပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှု၍ လုပ်သားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက CMP လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် CMP လုပ်ငန်းများကြီးကြပ်ရေးကော်မတီနှင့် ဆပ်ကော်မတီများဖွဲ့စည်း၍ CMP လုပ်ငန်း စနစ်တကျရှိစေရေးကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း၊ CMP စက်ရုံ အလုပ်ရုံများတွင် လုပ်ငန်းခွင်တည်ငြိမ်အေးချမ်းရေး၊ ကုန်ထုတ်စွမ်းအားတိုးတက်ရေး၊ အလုပ်သမားရေးရာအငြင်းပွားမှုလျော့နည်းပပျောက်စေရေး တည်ဆဲအလုပ်သမားရေးရာဥပဒေများနှင့်အညီ အလုပ်ရှင်၊ အလုပ်သမားများက ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်ပေးရန် ဆွေးနွေးမှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မင်္ဂလာဒုံမြို့နယ် မင်္ဂလာဒုံစက်မှုဇုန်ရှိ Asia Caps Co., Ltd .အထည်ချုပ်စက်ရုံနှင့် Yacheng Foot Wear Co., Ltd. ဖိနပ်ချုပ်စက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး စက်ရုံတာဝန်ခံများက လုပ်ငန်းခွင်တည်ငြိမ်အေးချမ်းရေးနှင့် ကုန်ထုတ်စွမ်းအားတိုးတက်စေရေးအတွက် အလုပ်သမားရေးရာ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်နေမှု၊ စက်ရုံတွင်းအလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC) ဖွဲ့စည်းဆောင်ရွက်နေမှု၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကော်မတီများ ဖွဲ့စည်းဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် စက်ရုံအတွင်း အလုပ်သမားများ အေးချမ်းစွာလုပ်ကိုင်နေမှုကို ကြည့်ရှုပြီး ဒုတိယဝန်ကြီးက အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီ(WCC)နှင့် အလုပ်ရှင်တို့သည် စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းပြီး မတော်တဆထိခိုက်မှုနှင့် လုပ်ငန်းခွင်ရောဂါထိခိုက်ခံစားမှု လျော့နည်းကျဆင်းလာသည်နှင့်အမျှ ကုန်ထုတ်စွမ်းအားတိုးတက်စေရေးကို အထောက်အကူများစွာဖြစ်စေနိုင်ကြောင်း ပြောကြားသည်။

**(သတင်းစဉ်)**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ပညာရေးညီလာခံ ရည်မှန်းချက်များအောင်မြင်ဖို့ ဝိုင်းဝန်းကြိုးပမ်းကြပါစို့

ညွန့်ဝင်း(နတ်တလင်း)



မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၄) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II) တွင်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်၍ မိန့်ခွန်းပြောကြားခဲ့သည်။

ထိုသို့ မိန့်ခွန်းပြောကြားရာတွင် **"အရည်အသွေးမြင့်သည့်ပညာရပ်များကို ကျွမ်းကျင်သူများသည် ဝင်ငွေကောင်းသည့် အလုပ်အကိုင်ကောင်းများကို ရရှိနိုင်ကြောင်း၊ ဆန်းသစ်တီထွင်ဖန်တီးတတ်သူ၊ ဉာဏ်ရည်မြင့်မားသူ၊ ဝီရိယရှိပြီး ကြိုးစားအားထုတ်သူများသည် သက်ဆိုင်ရာလုပ်ငန်းများတွင် အောင်မြင်သူများဖြစ်လာကြကြောင်း"** ပြောကြားခဲ့သည်။

ထိုညီလာခံကို "လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ပညာရေးကိုမြှင့်တင်ပေး" ဆိုသည့် ဦးတည်ချက်ဖြင့်ကျင်းပရန် နေပြည်တော်ကောင်စီအပါအဝင် ဝန်ကြီးဌာန ၁၃ ခုတို့ ညှိနှိုင်းစီစဉ်ခဲ့ခြင်းဖြစ်သည်။

ပညာရေးကို ပိုမိုတိုးတက်ကောင်းမွန်လာအောင် မြှင့်တင်ခြင်းသည် ပညာရှာမှီးသူ ပုဂ္ဂိုလ်များကိုသာမက လူ့အသိုင်းအဝိုင်းနှင့် မျက်မှောက်ကမ္ဘာကြီးတစ်ခုလုံး၏အနာဂတ်ကို ပုံဖော်နေခြင်းသည်။ လူငယ်လူရွယ်များ မိမိခြေထောက်ပေါ်မိမိ ရပ်တည်နိုင်ရေးအတွက် ပညာရေးနိမ့်ကျနေမှုကို ကုစားနိုင်မည့် နည်းလမ်းများကို ဖော်ထုတ်ကျင့်သုံးသွားရမည်ဖြစ်သည်။ ထိုသို့ ကုစားနိုင်မည့်နည်းလမ်းများကို ဖော်ထုတ်ကျင့်သုံးနိုင်ရန် ပညာရေးဆိုင်ရာ လိုအပ်ချက်များကို ပညာရှင်များဝိုင်းဝန်းဆွေးနွေးအဖြေရှာကြရန် လိုအပ်ပါသည်။ ထို့ကြောင့် ဒုတိယအကြိမ်မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံကို ရည်ရွယ်ချက်ခြောက်ချက်ဖြင့် ကျင်းပမည်ဖြစ်သည်။ ယင်းရည်ရွယ်ချက် ခြောက်ချက်မှာ -

(၁) တိုင်းချစ်ပြည်ချစ်စိတ်ရှိသည့် လူငယ်များ ပေါ်ထွန်းလာစေရန်

(၂) အရည်အသွေးပြည့်ဝသော ပညာတတ်များ မွေးထုတ်ပေးနိုင်ရန်

(၃) ထုတ်လုပ်မှုကိုအားပေးသည့် သက်မွေးပညာများ ဖွံ့ဖြိုးတိုးတက်လာစေရန်

(၄) ဆရာ/ဆရာမများ၏ အရည်အသွေးကို စဉ်ဆက်မပြတ်မြှင့်တင်နိုင်ရန်

(၅) သုတေသနနှင့် တီထွင်ဆန်းသစ်မှုဖွံ့ဖြိုးတိုးတက်စေရန်နှင့်

(၆) အရည်အသွေးအာမခံမှုရှိသည့် ပညာရေးစနစ် ပိုမိုအားကောင်းလာစေရန်

တို့ဖြစ်ပါသည်။

ယခုနှစ် ပညာရေးညီလာခံတွင် ယခင်နှစ်ညီလာခံက ဖော်ထုတ်ရရှိခဲ့သည့် လုပ်ငန်းစဉ်များကို ပြန်လည်ဆွေးနွေးပြီး Parallel Session များအလိုက် အခြေခံပညာ၊ အဆင့်မြင့်ပညာ၊ သက်မွေးပညာ၊ ဆရာအတတ်ပညာနှင့် သုတေသနနှင့် တီထွင်ဆန်းသစ်မှုကဏ္ဍတို့အပြင် အရည်အသွေးအာမခံမှုဆိုသည့်ကဏ္ဍသစ်တစ်ခုကို ထပ်တိုးထားသည့်အတွက် စုစုပေါင်းကဏ္ဍခြောက်ခု ပါရှိမည်ဖြစ်သည်။ ယခင်နှစ်က ကဏ္ဍငါးခုအတွက် စာတမ်း ၄၂ စောင်ဖတ်ကြားခဲ့ပြီး ယခုနှစ်တွင် ကဏ္ဍခြောက်ခုအတွက် စာတမ်း ၃၆ စောင်ဖတ်ကြားသွားမည်ဖြစ်သည်။ ယခုနှစ်ညီလာခံ၏ ဆွေးနွေးမှုရလဒ်များကိုသုံးသပ်ပြီး အနာဂတ်မျိုးဆက်သစ်များအတွက် ကောင်းမွန်သည့် ပညာရေးရလဒ်များနှင့် ကောင်းမွန်သည့် ပညာရေးအခြေအနေများရရှိစေရန်ဦးတည်၍ ဝိုင်းဝန်းဆွေးနွေးသွားကြမည်ဖြစ်သည်။ ပညာရေးညီလာခံက နိုင်ငံ၏ အနာဂတ်လူငယ်များအတွက် ကောင်းမွန်သည့် အဖြေများ၊ ကောင်းမွန်သည့်အချက်အလက်များနှင့် ကောင်းမွန်သည့်ရလဒ်များ ထွက်ပေါ်လာစေရန် အထောက်အကူပြုမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ပညာရေးအဆင့်အတန်းတိုးတက်လာရေးအတွက် အားသွန်ခွန်စိုက်ဆောင်ရွက်ပေးလျက်ရှိသည်။ ကျောင်းနေအရွယ် ကလေးများအားလုံး ကျောင်းတက်ရေးနှင့် KG+9 ပြီးမြောက်ရေး ဆောင်ရွက်ခြင်း၊ အခြေခံပညာနှင့် စက်မှု၊ လက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများ တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ Naypyitaw State Academy ဖွင့်လှစ်ပေးခြင်း၊ အုပ်ချုပ်မှုစရိတ်နှင့် ထောက်ပံ့ငွေများချီးမြှင့်ခြင်း၊ စွမ်းရည်မြှင့်သင်တန်းများဖွင့်လှစ်စေခြင်း၊ စာတတ်မြောက်သူများ တိုးပွားလာစေရေးဆောင်ရွက်ခြင်း၊ စာဖတ်သောအလေ့အထတိုးပွားလာအောင် ဆောင်ရွက်ပေးနေခြင်းတို့သည် ထင်ရှားသည့်သာဓကများပင်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ အားထုတ်မှုသာမက ပြည်သူအားလုံးက ပညာ၏တန်ဖိုးကိုသိရှိပြီး အားထုတ်ခြင်းကသာ နိုင်ငံ၏ပညာရေးရည်မှန်းချက်ကို အောင်မြင်စေမည်ဖြစ်သည်။

နိုင်ငံတော်၏တာဝန်ကို ပခုံးပြောင်းထမ်းဆောင်ကြမည့် လူငယ်များ၏ပညာရေးသည် ကောင်းမွန်အောင်မြင်သည့် ပညာရေးဖြစ်ရမည်ဖြစ်၍ ထိုသို့အောင်မြင်ကောင်းမွန်စေရန်အတွက် ယခုကဲ့သို့ ပညာရေးညီလာခံကြီးကို နိုင်ငံတော်အနေဖြင့် ကျင်းပဆောင်ရွက်ပေးနေခြင်းဖြစ်သည်။



ပညာရေးရည်ရွယ်ချက်များအတိုင်းဆောင်ရွက်နိုင်ရန် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းသို့ရောက်ရှိ ပညာသင်ယူနိုင်ရေးသည် ကနဦးဆောင်ရွက်ရမည့် အခြေခံအချက်ဖြစ်သည်။ ထို့ကြောင့်နိုင်ငံတော်က ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းတက်ရောက်နိုင်ရေးအတွက် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းအပ်နှံရေးဆောင်ပုဒ်ကို "ကျောင်းနေအရွယ် ကလေးအားလုံး အခြေခံပညာသင်ယူဖို့ ကျောင်းအပ်နှံကြစို့" ဟူ၍သတ်မှတ်ကာ (၂၃-၅-၂၀၂၄) မှ (၂-၆-၂၀၂၄) အထိ တစ်ပြည်လုံးရှိ အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ လှုပ်ရှားဆောင်ရွက်ခဲ့ကြပေသည်။ ဆက်လက်၍ ကျောင်းအပ်နှံပြီး ကျောင်းသား၊ ကျောင်းသူများ ကျောင်းနေမြဲရေးအတွက် စည်းရုံးဟောပြောမှုများ၊ ထောက်ပံ့ကူညီမှုများ၊ ကျောင်းနေပျော်အောင်ဆောင်ရွက်မှုများဖြင့် ထိန်းသိမ်းကြရပေဦးမည်။ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေမြဲပြီး အတန်းစဉ်ကူးပြောင်းမှုနှုန်းမြင့်မားလာအောင် မိဘ၊ ဆရာနှင့် ပြည်သူတစ်ရပ်လုံးက စိတ်ဝင်တစား ပူးပေါင်းဆောင်ရွက်ကြရပေမည်။

**စာမျက်နှာ ၁၀ သို့** ✳



အခမ်းအနားတက်ရောက်လာကြသူများက ခင်းကျင်းပြသထားသည့် မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၄)အထိမ်းအမှတ်ပြခန်းများအား ပြခန်းတစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာဖြင့် လိုက်လံကြည့်ရှုကြစဉ်။

**❖ ပညာတတ်နိုင်ငံသားများ အများဆုံးရှိနေသည့်နိုင်ငံများသည် ဖွံ့ဖြိုးတိုးတက်မှု အမြင့်ဆုံးနိုင်ငံကြီးများအဖြစ် ရပ်တည်နေသည်ကို မျက်ဝါးထင်ထင်တွေ့မြင်နိုင်၊ "ပညာတတ်" နိုင်ငံသားများဆိုသည်မှာ "အရည်အချင်း" ကိုဆိုလိုပြီး "အများဆုံး" ရှိသည်ဆိုသည်မှာ "အရေအတွက်"ကိုဆိုလို၊ မိမိတို့နိုင်ငံသည်လည်း အရည်အချင်းရှိသည့် ပညာတတ်များအရေအတွက်အများကြီးရှိသည့် နိုင်ငံဖြစ်လာရန်လိုအပ်သည်မှာ ပေါ်လွင်ထင်ရှား. . .**

★ **စာမျက်နှာ ၁၅ မှအဆက်**

ပြည့်စုံသည့်၊ အရည်အချင်းပြည့်ဝသည့် လူငယ်များကို မွေးထုတ်ပေးနိုင်ရန်မှာ ဆရာ၊ ဆရာမများ၏ သွန်သင်ဆုံးမမှု ကောင်းမွန်ရေးအပေါ်မှာ တည်မှီနေကြောင်း။

အခြေခံပညာကဏ္ဍတွင် ကိုဗစ်-၁၉ ကပ်ရောဂါအလွန် ကျောင်းများပြန်လည်ဖွင့်လှစ်ခဲ့သည့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် ကျောင်းသားဦးရေ ၅ ဒသမ ၃ သန်းရှိရာမှ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ၈ သန်းကျော်အထိ တိုးတက်လာခဲ့ကြောင်း၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ဇွန်လ ၂၁ ရက်နေ့အထိ ကျောင်းအပ်နှံသူ ၇ ဒသမ ၃ သန်းကျော်ရှိပြီဟုသိရကြောင်း။

**ဖြစ်ပေါ်တိုးတက်နေသည့် ကမ္ဘာ့အခြေအနေများအရ လူ့ဘဝရပ်တည်ရန်အတွက် လူတစ်ယောက်သည် အနည်းဆုံး အလယ်တန်းပညာအဆင့်အထိ တတ်သင့်**ကြောင်း၊ ထို့ကြောင့် မိမိတို့အစိုးရအနေဖြင့် လူတိုင်း KG+9 အထိ ပညာသင်ကြားရန် ဦးတည်ချက်ချမှတ်ထားကြောင်း၊ အဆိုပါဦးတည်ချက် ပေါက်မြောက်အောင်မြင်ရန် လူတိုင်း KG+9 အထိ ပြီးမြောက်အောင်မြင်ရေးအတွက် မသင်မနေရ သင်ကြားနိုင်ရေး၊ ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ကြားနိုင်ရေး၊ အထူးသဖြင့် အခိုက်အတန့် ကျောင်းအပ်လျော့နည်းနေသည့် မူလတန်းအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေးအတွက် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဆရာ၊ ဆရာမများ၊ မိဘများ၊ ရပ်မိရပ်ဖများပူးပေါင်းပြီး လှုံ့ဆော်ခြင်း၊ စည်းရုံးခြင်း၊ ရှင်းပြခြင်း၊ အားပေးပံ့ပိုးခြင်း နည်းလမ်းအသွယ်သွယ်ဖြင့် စဉ်ဆက်မပြတ် ဆက်လက်ပြီး ဝိုင်းဝန်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

တစ်ဖက်တွင်လည်း အလယ်တန်းနှင့် အထက်တန်းတွင် ကျောင်းဝင်နှုန်းတိုးမြင့်လာပြီး တန်းစဉ်ကူးပြောင်းမှုနှုန်း မြင့်မားလာသည်နှင့် ကျောင်းထွက်မှုနှုန်းလျော့နည်းသွားသည်ကိုလည်းတွေ့ရကြောင်း၊ အလယ်တန်းအဆင့် Grade 9 အောင်မြင်ပြီးမြောက်သူများအတွက် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးနှင့် သက်မွေးပညာရေးအပါအဝင် သင်ယူမှုအခွင့်အလမ်းများကို ယခုထက်ပိုမိုဖော်ထုတ်အားပေးသွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

ယခု ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို ဇွန်လ (၁၁) ရက်နေ့က ထုတ်ပြန်ကြေညာခဲ့ရာတွင် တစ်နိုင်ငံလုံးဖြေဆိုသူ ၁၂၈၈၂၀ ဦးရှိခဲ့ပြီး ၇၄၅၉၂ ဦးအောင်မြင်ခဲ့သည့်အတွက် အောင်မြင်မှုရာခိုင်နှုန်းမှာ ၅၇ ဒသမ ၉ ဖြစ်ကြောင်း၊ အောင်မြင်သူအားလုံးနီးပါး အဆင့်မြင့်ပညာဆက်လက်သင်ယူနိုင်ရေး ဝိုင်းဝန်းကြိုးစားတိုက်တွန်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

**မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အဓိကထားသည့်နိုင်ငံဖြစ်သည့်အတွက် စနစ်ကျသော စိုက်ပျိုးမွေးမြူရေးနှင့်ပတ်သက်သော ကုန်ထုတ်လုပ်မှုများ ပြုလုပ်နိုင်ရန် ကျွမ်းကျင်သူများစွာ လိုအပ်**ကြောင်း၊ ထို့ကြောင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်နှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွင်း ခရိုင် ၈၄ ခုတွင်အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး အထက်တန်းကျောင်း ၈၅ ကျောင်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ အဆိုပါကျောင်းများတွင် အလယ်တန်းအဆင့်ပြီးသူများ တက်ရောက်နိုင်ပြီး တန်ဖိုးမြင့်ထုတ်ကုန်များနှင့် ဈေးကွက်အတွက် လိုအပ်သည့်ကျွမ်းကျင်မှုအရည်အသွေးများကို ဖြည့်ဆည်းပေးနိုင်ရန် လေ့ကျင့်သင်ကြားပေးမည်ဖြစ်ကြောင်း။



အခမ်းအနားတက်ရောက်လာကြသူများက ခင်းကျင်းပြသထားသည့် မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၄)အထိမ်းအမှတ်ပြခန်းများအား ပြခန်းတစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာဖြင့် လိုက်လံကြည့်ရှုကြစဉ်။

အတန်းပညာ တတ်မြောက်ရေးအတွက် စာသင်ကျောင်း၊ စာသင်ဆောင်၊ စာသင်ခန်း၊ စာကြည့်တိုက်၊ သန့်စင်ခန်း၊ အားကစားရုံ၊ အားကစားကွင်း၊ အခြေခံအဆောက်အအုံ၊ သင်ထောက်ကူပစ္စည်းများ ပြည့်စုံမှု၊ နည်းပညာအသုံးပြုသင်ကြားနည်းစနစ်များ ပံ့ပိုးမှု၊ အင်တာနက်ရရှိမှု၊ သောက်ရေသုံးရေရရှိမှု၊ သင်ယူမှုပတ်ဝန်းကျင်ကောင်းနှင့် ကျောင်းဥပမိရုပ်ကောင်းမွန်မှု စသည်များနှင့် ပြည့်စုံရန်လည်း လိုအပ်ကြောင်း၊ ထို့ပြင် အရည်အသွေးရှိသည့် ဆရာအရေအတွက် လုံလောက်မှု၊ ဆရာအရည်အသွေးမြင့်မွမ်းမံသင်တန်းများပို့ချမှု၊ သင်ရိုးညွှန်းတမ်းခေတ်မီမှု၊ ကျောင်းသားဗဟိုပြုသင်ကြားနည်းစနစ်များမှန်ကန်မှု၊ စစ်ဆေးအကဲဖြတ်စနစ်ကောင်းမွန်မှု၊ စီမံခန့်ခွဲကြီးကြပ်မှုနှင့် သက်သာချောင်ချိရေးပံ့ပိုးမှု စသည်များသည် ဟန်ချက်ညီညီ ပြည့်စုံလုံလောက်မည်ဆိုပါက

**စာမျက်နှာ ၁၃ သို့** ★





အခမ်းအနားတက်ရောက်လာကြသူများက ခင်းကျင်းပြသထားသည့် မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၄)အထိမ်းအမှတ်ပြခန်းများအား ပြခန်းတစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာဖြင့် လိုက်လံကြည့်ရှုကြစဉ်။

☆ စာမျက်နှာ ၁၂ မှအဆက်

နိုင်ငံ၏ပညာရေးအဆင့်သည် အချိန်တိုအတွင်းတိုးတက်လာမည်ဟု ယုံကြည်သည့်အတွက် နိုင်ငံတော်က ပညာရေးကိုဦးစားပေးပြီး တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ **ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ မိဘဆရာများ၊ ကျောင်းသား၊ ကျောင်းသူများကိုယ်တိုင်ကလည်း မိမိကျောင်း၏ကောင်းသည့် ဂုဏ်သတင်းကျော်ကြားမှုများကို တန်ဖိုးထားထိန်းသိမ်းမြှင့်တင်နေကြမည်ဆိုပါက ကျောင်းတစ်ကျောင်းချင်းစီမှသည် တစ်နိုင်ငံလုံးအတိုင်းအတာအထိ ပညာရေးဂုဏ်သတင်း သင်းပျံ့လာမည်မှာ မလွဲဧကန်ပင်ဖြစ်**ကြောင်း။

ကျောင်းကောင်စီ ကတိသစ္စာလေးချက်နှင့်အညီ မိမိကိုယ်ကို၊ မိမိအတန်း၊ မိမိကျောင်း၊ မိမိတိုင်းပြည်အတွက် ကောင်းအောင်ကြိုးစားကြရာတွင် ကျောင်းသား၊ ကျောင်းသူများ၏ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာကိုမှန်ကန်တည့်မတ်ပေးရေးသည် ဆရာ၊ ဆရာမများ၏ တာဝန်များပင်ဖြစ်ကြောင်း။

ယဉ်ကျေးလိမ္မာရန်၊ ရိုးသားဖြောင့်မတ်ရန်၊ စိတ်ထားဖြူစင်ရန်၊ ကိုယ်ချင်းစာစိတ်ရှိရန်၊ ပြည်သူ့နီတိနှင့်အညီ ပြုမူနေထိုင်တတ်ရန်၊ တာဝန်ယူမှုတာဝန်ခံမှု စိတ်ဓာတ်ရှိရန်၊ အချိန်ကိုလေးစားရန်၊ စုပေါင်းဆောင်ရွက်တတ်ရန်၊ အတ္တ ပရ မျှတရန်၊ တိုင်းချစ်ပြည်ချစ် စိတ်ဓာတ်ရှိရန် စသည့်စိတ်ဓာတ်ကောင်းများနှင့် အမူအကျင့်ကောင်းများကို လေ့ကျင့်ပျိုးထောင်ပေးကြရမည်ဖြစ်ကြောင်း။

**အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းကဆိုသည့်အတိုင်း** မိမိစာသင်ခန်းအတွင်း၊ မိမိကျောင်းဝင်းအတွင်း အမှိုက်ပစ်ခြင်း၊ စာသင်ခုံများအပေါ်တွင် ရေးခြစ်ခြင်း၊ ကွမ်းစားခြင်း၊ ဆေးလိပ်သောက်ခြင်းကအစ လုံးဝမပြုလုပ်ရန် ကျောင်းစည်းကမ်း လိုက်နာခြင်းမှအစပြုပြီး **ဥပဒေစည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာတတ်သည့် နိုင်ငံကြီးသားအလေ့အကျင့်ကောင်းများ ကိန်းအောင်းလာကြစေရန် လေ့ကျင့်ပေး**သွားကြရမည်ဖြစ်ကြောင်း။

ကျေးလက်နေ ပြည်သူများအပါအဝင် ပြည်သူတစ်ရပ်လုံး စာတတ်မြောက်ရေးအတွက် စာမတတ်သူပပျောက်ရေးစီမံချက်ရေးဆွဲအကောင်အထည်ဖော်ပြီး စာဖတ်ရှိန်မြှင့်တင်ရေးအတွက် စာဖတ်ဝိုင်းများ စဉ်ဆက်မပြတ် ဖွင့်လှစ်ပေးခြင်းအားဖြင့် စာမတတ်သူပပျောက်ရေးမှသည် စာမဖတ်သူပပျောက်ရေးအထိ တိုးချဲ့ဆောင်ရွက်သွားကြရန်လည်း မှာကြားလိုကြောင်း။

**အဆင့်မြင့်ပညာရပ်များကို သင်ယူခြင်းသည် ဘွဲ့အဆင့်အတန်းတစ်ခုရရှိရန်အတွက်သာမဟုတ်ဘဲ လူတစ်ဦးချင်းစီ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေပြီး ဘက်စုံအသိဉာဏ်ကြွယ်ဝသည့် နိုင်ငံသားများ ပေါ်ပေါက်စေ**ကြောင်း၊ အရည်အသွေးရှိသည့် အဆင့်မြင့်ပညာရပ်များကို နှံ့စပ်စွာတတ်မြောက်ထားသည့် ဘွဲ့ရပညာတတ်များစွာ ပေါ်ထွက်လာမှသာ နိုင်ငံအတွက် ပိုမိုအကျိုးရှိနိုင်မည်ဖြစ်ကြောင်း။

တက္ကသိုလ်များတွင် ပညာရပ်နယ်ပယ်တစ်ခု၊ ဘာသာရပ်တစ်ခု၏ အခြေခံအဆင့်မှ တန်းမြင့်အဆင့်ထိ လွှမ်းခြုံသည့် သင်ရိုးညွှန်းတမ်းများ တိကျစွာသတ်မှတ်ပြဋ္ဌာန်းထားသည့်အတွက် တက္ကသိုလ်ကျောင်းသားများအနေဖြင့် မိမိသင်ယူလေ့လာသည့်ဘာသာရပ်၏အခြေခံကောင်းများကိုရရှိပြီး နှံ့စပ်စွာ နားလည်တတ်မြောက်နိုင်မည်ဖြစ်ကြောင်း။

တက္ကသိုလ်ပညာရေးသည် ဆန်းစစ်ဝေဖန်မှုစွမ်းရည်၊ ခွဲခြမ်းစိတ်ဖြာသုံးသပ်မှုစွမ်းရည်၊ ပြဿနာကိုဖြေရှင်းသည့်စွမ်းရည်၊ စုပေါင်းဆောင်ရွက်မှုစွမ်းရည်တို့ကို မြှင့်တင်ပေးသည့်အတွက် အနာဂတ်တွင် မိမိအတွက်ရော၊ နိုင်ငံအတွက်ပါ အလွန်တန်ဖိုးရှိသည့် စွမ်းရည်များ၊ အလေ့အကျင့်ကောင်းများကိုလည်းရရှိစေမည်ဖြစ်ကြောင်း။

ထို့ကြောင့် မြန်မာနိုင်ငံတက္ကသိုလ်များတွင် တက္ကသိုလ်ကျောင်းသားများ နိုင်ငံတကာအရည်အသွေးမီ အဆင့်မြင့်ပညာကို လေ့လာသင်ယူခွင့် ရရှိစေရန်အတွက် သင်ရိုးညွှန်းတမ်းများကို ပြန်လည်သုံးသပ်မွမ်းမံခဲ့သကဲ့သို့ ဆရာ၊ ဆရာမအရည်အသွေးမြှင့် မွမ်းမံသင်တန်းများ တိုးမြှင့်ဖွင့်လှစ်လေ့ကျင့်ပေးကြရမည်ဖြစ်ကြောင်း၊ သင်ကြားနည်းဗျူဟာများကို တက္ကသိုလ်ပါမောက္ခများ၏ကြီးကြပ်မှုနှင့် ထိရောက်စွာအသုံးချပြီး သင်ကြားသင်ယူမှုကို မြှင့်တင်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း။

**ပညာတတ်နိုင်ငံသားများ အများဆုံးရှိနေသည့် နိုင်ငံများသည် ဖွံ့ဖြိုးတိုးတက်မှုအမြင့်ဆုံးနိုင်ငံကြီးများအဖြစ် ရပ်တည်နေသည်ကို မျက်ဝါးထင်ထင်တွေ့မြင်နိုင်ကြ**မည်ဖြစ်ကြောင်း၊ **"ပညာတတ်" နိုင်ငံသားများဆိုသည်မှာ "အရည်အချင်း"ကိုဆိုလိုပြီး "အများဆုံး" ရှိသည်ဆိုသည်မှာ "အရေအတွက်"ကိုဆိုလို**ကြောင်း၊ ထို့ကြောင့် **မိမိတို့နိုင်ငံသည်လည်း အရည်အချင်းရှိသည့် ပညာတတ်များအရေအတွက် အများကြီးရှိသည့် နိုင်ငံဖြစ်လာရန် လိုအပ်သည်မှာ ပေါ်လွင်ထင်ရှား**နေကြောင်း၊ အရည်အသွေးအာမခံမှုရှိစေရန် ရလဒ်အခြေပြုပညာရေးစနစ် (Outcome-based Education)ကို ပီပြင်စွာအကောင်အထည်ဖော်ရန် လိုအပ်ကြောင်း။

ကျောင်းသားဗဟိုပြု သင်ကြားသင်ယူမှုစနစ်ကိုကျင့်သုံးပြီး ကျောင်းသားများ၏ စဉ်းစားတွေးခေါ်မှု၊ ဆန်းသစ်တီထွင်ဖန်တီးမှုစွမ်းရည်များကို အားပေးသည့် သင့်တော်မည့်သင်ခန်းစာများ၊ လေ့ကျင့်ခန်းများ၊ သင်ကြားနည်းစနစ်များ၊ လုပ်ငန်းစဉ်များကို ရွေးချယ်အသုံးပြုပြီး ကျောင်းသားများ၏ နိုးကြားတက်ကြွသည့် Active Learning ဖြစ်အောင် သင်ကြားလေ့ကျင့်ပေးစေလိုကြောင်း။

ထိုသို့ဆောင်ရွက်သည့်နေရာတွင် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများပါ သုတေသနပရောဂျက်အခြေပြုသင်ကြားသင်ယူမှုစနစ်ကို ကျင့်သုံးကြသည့်အခါ ကျောင်းသား၊ ကျောင်းသူ အုပ်စုတစ်ခုချင်းစီအလိုက် သင့်တော်မည့် သုတေသန ပရောဂျက်ခေါင်းစဉ်များကို ချမှတ်ပေးနိုင်ရန် ဆရာ၊ ဆရာမများကိုယ်တိုင်က စာကြည့်တိုက်မှဖြစ်စေ၊ အင်တာနက်မှဖြစ်စေ ကြိုတင်ရှာဖွေရန် လိုအပ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ ပရောဂျက်ပြုလုပ်ရာတွင်လည်း စာကြည့်တိုက်များ၊ အင်တာနက်များကိုအသုံးပြုပြီး ရှာဖွေလေ့လာဖတ်ရှုမှသာ ပရောဂျက်ကို အောင်အောင်မြင်မြင်ဖြင့် စုပေါင်းဆောင်ရွက်တတ်အောင် တက္ကသိုလ်များတွင်လည်း စာကြည့်တိုက်ယဉ်ကျေးမှုကို ထူထောင်ကြရန်နှင့် နိုင်ငံအကျိုးပြုသုတေသနရလဒ်များ ဖော်ထုတ်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

အသိပညာ၊ အတတ်ပညာ ပြည့်စုံသည့် ပညာတတ်များဖြင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို တည်ဆောက်သွားနိုင်ရန် ယခုညီလာခံကို တက်ရောက်လာသည့် ပညာရှင်များအားလုံးက **"လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ပညာရေးကို ပိုမိုမြှင့်တင်ပေး"** ဆိုသည့် ဦးတည်ချက်နှင့် ဖတ်ကြားဆွေးနွေးကြမည့် ညီလာခံစာတမ်း(၃၆)စောင်အပေါ် အခြေပြုညှိနှိုင်းဆွေးနွေးအဖြေရှာကာ ရေတိုရေရှည် လုပ်ငန်းအစီအမံများချမှတ်ပြီး အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ မြဝတီရုပ်မြင်သံကြားနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနတို့မှ အနုပညာရှင်များက "စာသင်ကျောင်းကခေါင်းလောင်းသံ"တေးသီချင်း၊ "ဖူးပွင့်ဝေဆီအနာဂတ်ဆီ"တေးသီချင်းနှင့် "ပညာနှင့်သစ္စာ" တေးဂီတ ကဇာတ်တို့ဖြင့် ဖျော်ဖြေတင်ဆက်ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၄) ကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၄)အထိမ်းအမှတ် လက်ဆောင်ကို ဂါရဝပြုပေးအပ်သည်။

ဂုဏ်နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ခင်းကျင်းပြသထားသည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄) အထိမ်းအမှတ်ပြခန်းများအား ပြခန်းတစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာဖြင့် လိုက်လံကြည့်ရှုခဲ့ကြသည်။

အဆိုပါ မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄)ကို **"လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေးကို ပိုမိုမြှင့်တင်ပေး"** ဟူသည့် ဦးတည်ချက်နှင့်အညီ ပညာရေးဝန်ကြီးဌာနနှင့် ပညာရေးဆိုင်ရာ အခြားဆက်စပ်ဝန်ကြီးဌာနများ အတူတကွပူးပေါင်း၍ ဇွန်လ ၂၇ ရက်နေ့အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

---

နေပြည်တော် ဇွန် ၂၅

# ၂၀၂၄ ခုနှစ် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ တိုင်းရင်းဆေး ပညာရပ်ဆိုင်ရာညီလာခံသို့ တက်ရောက်ရန် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာ

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၄ ခုနှစ် ဇွန်လ ၂၆ ရက်မှ ၂၈ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျန်းရှီးပြည်နယ် နန်းချန်းမြို့၌ ကျင်းပမည့် ၂၀၂၄ ခုနှစ် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေး အဖွဲ့၏ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ ညီလာခံ (Shanghai Cooperation Organization Forum on Traditional Medicine)သို့ တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ စီးပွားရေးကောင်စစ်ဝန် Mr.Ouyang Daobing ဦးဆောင်သောကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ ညီလာခံကို တရုတ်ပြည်သူ့သမ္မတနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်၍ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ အဖွဲ့ဝင်နိုင်ငံများ၊ လေ့လာသူနိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများ၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ ပညာရှင်များ ပါဝင်တက်ရောက်ကြမည်ဖြစ်ပြီး ညီလာခံကို "Inheritance, Integration and Development"ခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်သောကြောင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ဝင်နိုင်ငံများအကြား တိုင်းရင်းဆေးပညာရပ်ကို အပြန်အလှန်လေ့လာနိုင်ရန်၊ တိုင်းရင်းဆေးမူပိုင်ခွင့်ကိစ္စရပ်များကို ဆွေးနွေးနိုင်ရန်၊ တိုင်းရင်းဆေး တက္ကသိုလ်များအကြား ပူးပေါင်းဆောင်ရွက်နိုင်ရန်၊ တိုင်းရင်းဆေးကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအသိပညာဖလှယ်မှုများပိုမိုခိုင်မာလာစေရန်နှင့် ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးအသိုက်အဝန်းထူထောင်ရာတွင် အထောက်အကူပြုနိုင်ရန်ရည်ရွယ်၍ ကျင်းပကြောင်း သိရသည်။

(သတင်းစဉ်)

---

## ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်မြင်အောင်သင်ယူရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာ အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်သင်ကြားနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ အလယ်တန်းအဆင့် (Grade 9)ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အခြေခံပညာ အထက်တန်းအဆင့်၊ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့် ပညာရေးလမ်းသွယ်(၄)မျိုးကို ဆက်လက်သင်ကြားနိုင်မည်ဖြစ်ပါသည်။ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များကို တွဲဖက်သင်ကြားပေးမည့် အခြေခံပညာအထက်တန်းကျောင်းများကို ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ၅၁ ကျောင်းဖွင့်လှစ်ခဲ့ပြီး ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် ၃၄ ကျောင်း ထပ်မံဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။ ထို့ကြောင့် ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်သင်ယူနိုင်ရေး တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

---

နေပြည်တော် ဇွန် ၂၅ **မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပါသည်။ (မိုး/ဇလ)

# ပြင်ဦးလွင်မြို့၌ ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ဖွင့်ပွဲအခမ်းအနားကျင်းပ



**နေပြည်တော် ဇွန် ၂၅**

ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရန်၊ ကျောင်းသား၊ ကျောင်းသူများ စာအုပ်စာပေလေ့လာဖတ်ရှုနိုင်ရန်နှင့် စာပေလေ့လာဖတ်ရှုခြင်းမှရရှိသော အသိပညာဗဟုသုတများကို ပြန်လည်အသုံးချမှုဝေနိုင်ရန်ရည်ရွယ်၍ ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်တို့ တက်ရောက်အားပေးသည်။

ရှေးဦးစွာ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်မုခ်ဦးကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ စည်ပင်သာယာရေးဝန်ကြီး ဦးကျော်ဆန်း၊ လူမှုရေးဝန်ကြီး ဦးအောင်ကျော်မိုးနှင့်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန့်ဇော်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တက်ရောက်လာကြသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကာ ပါဝင်ကူညီခဲ့သည့် ပန်းဖွားအဖွဲ့၊ ဘင်ခရာအဖွဲ့နှင့် တိုးနယားအကအဖွဲ့တို့အား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကြသည်။

ဆက်လက်၍ အခမ်းအနားဒုတိယပိုင်း အစီအစဉ်ကို အဆိုပါကျောင်း၌ ဆက်လက်ကျင်းပရာ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက **"ပညာဘဏ်တိုက်စာကြည့်တိုက်သို့သွားကြစို့"** သီချင်းဖြင့် သီဆိုဖွင့်လှစ်ပေးပြီး **"စာပဒေသာဝေဆာစေမည်"** Video Clip ကိုပြသသည်။

ထို့နောက် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အမှာစကားပြောကြားရာတွင် နိုင်ငံတစ်နိုင်ငံကိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် လူ့အရင်းအမြစ်များကိုအခြေခံ၍ တည်ဆောက်ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်စေရန် ကျောင်းသား၊ ကျောင်းသူ၊ လူငယ်လူရွယ်များအား အမိကပြုစုပျိုးထောင်၍ ဝိုင်းဝန်းလုပ်ဆောင်ရမည်ဖြစ်ကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ်က ပညာသင်ခြင်းသည် နိုင်ငံ၏အနာဂတ်အတွက် မရှိမဖြစ်အရေးပါသည့် လူ့စွမ်းအားအရင်းအမြစ်ပျိုးထောင်ခြင်းဖြစ်၍ လူငယ်များအပါအဝင် ပြည်သူများ စာဖတ်ကြစေရန်၊ စာပေလေ့လာဖတ်ရှုနိုင်သည့် ပတ်ဝန်းကျင်များဖန်တီးပေးရန် လမ်းညွှန်ထားပါကြောင်း၊ စာပေဖတ်ရှုလေ့လာခြင်းဖြင့် အသိပညာဗဟုသုတများစွာရရှိနိုင်သဖြင့် စာအုပ်စာပေကိုခင်တွယ်ပြီး တန်ဖိုးထားဖတ်ရှုကြရန်လိုပါကြောင်း၊ စာအုပ်စာပေလေ့လာဖတ်ရှုရာတွင် ဖတ်ရှုရုံသက်သက်မလုပ်ဘဲ ဖတ်သမျှကို မှတ်သားခြင်း၊ မှတ်သားမိသမျှကိုလည်း ပြန်လည်မျှဝေဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သို့မှသာ နောင်တစ်ခေတ်တွင် တိုင်းပြည်က အားကိုးအားထားပြုရမည့် နိုင်ငံသားကောင်းများဖြစ်ပေါ်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မန္တလေးတိုင်းဒေသကြီးအတွင်း ကျေးရွာစာကြည့်တိုက်အသစ် ၁၇ လုံးဆောက်လုပ်နိုင်ရေးအတွက် ငွေကျပ်သိန်း ၂၅၅၀ နှင့် ဒေသခံပြည်သူများ စာပေဖတ်ရှုလေ့လာနိုင်ရန် ကျေးရွာစာကြည့်တိုက် ၆၀၀ အတွက် စာအုပ်စာစောင် ၁၂၀၀၀ တို့ကို ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က လက်ခံရယူပြီး ပြင်ဦးလွင်မြို့ပေါ်ရှိ အခြေခံပညာအထက်တန်းကျောင်းနှင့် အလယ်တန်းကျောင်းများအတွက် DTH စလောင်း ၇ စုံနှင့် DVB T2 Set Top Box ၇ လုံးတို့အား ပေးအပ်လှူဒါန်းရာ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများက လက်ခံရယူကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က ကျေးဇူးတင်ဝမ်းမြောက်စကားပြောကြားသည်။

ထို့နောက် စာရေးဆရာ ဦးအောင်သင်း (ကိုရွှေအောင်သင်း)က ကျောင်းစာကြည့်တိုက်အတွက် စာအုပ်/စာစောင်များကို ပေးအပ်လှူဒါန်းရာ ခရိုင်ပညာရေးမှူး ဒေါ်ရွှေစင်အိက လက်ခံရယူသည်။

ဆက်လက်၍ နိုင်ငံကျော်အနုပညာရှင်များဖြစ်သည့် အကယ်ဒမီအုန်းသီး၊ ဒိန်းဒေါင်နှင့် ငြိမ်းချမ်းတို့က ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက **"ထာဝရမြန်မာ"** သီချင်းဖြင့်လည်းကောင်း၊ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက **"အောင်မြင်ပါစေ မြန်မာပြည်"** သီချင်းဖြင့်လည်းကောင်း၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက **"ဘက်စုံပညာရည် တို့လှမ်းချီ"** သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး အကအဖွဲ့များအား ဂုဏ်ပြုငွေများပေးအပ်ချီးမြှင့်ကာ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အတွင်း ခင်းကျင်းပြသထားသော စာအုပ်စာစောင်များ၊ ဌာနဆိုင်ရာပြခန်းများ၊ ဓာတ်ပုံပြပွဲများ၊ ပုံပြောပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ဂိမ်းပြိုင်ပွဲများကျင်းပနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယခုကျင်းပသည့် ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်သို့ ပြင်ဦးလွင်မြို့ရှိ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ၄၀၀၀ ခန့် တက်ရောက်ခဲ့ကြပြီး ပွဲတော်တွင်ခင်းကျင်းပြသထားသည့် ပြခန်းများကို ကြည့်ရှုလေ့လာကာ ပြိုင်ပွဲများနှင့် ဖျော်ဖြေပွဲများတွင်လည်း ပျော်ပျော်ရွှင်ရွှင် ပါဝင်ဆင်နွှဲခဲ့ကြသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၄)ကျင်းပ





**နေပြည်တော် ဇွန် ၂၅**

"လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး ပညာရေးကိုပိုမိုမြှင့်တင်ပေး" ဦးတည်ချက်ဖြင့် မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၄)ကို ဇွန်လ ၂၅ ရက်မှ ၂၇ ရက်အထိ နေပြည်တော်ရှိမြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II)၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ပညာရှင်ကြီးများ၊ ပညာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဒုတိယပါမောက္ခချုပ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်ပညာရေးမှူးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပညာရေးဖွံ့ဖြိုးတိုးတက်ရန် ပညာရေးဝန်ကြီးဌာနက အဓိကအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော်လည်း ဆက်စပ်ဝန်ကြီးဌာနများအနေဖြင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် နယ်ပယ်အလိုက်၊ လုပ်ငန်းသဘာဝအလိုက်လေ့ကျင့်သင်ကြားပေးလျက်ရှိသည့်အတွက် ယခုကျင်းပသည့် ညီလာခံတွင် ဝန်ကြီးဌာန ၁၁ ခု ပူးပေါင်းညှိနှိုင်းပြီး အကောင်အထည်ဖော်ဆောင်ရွက်ရန်ဆွေးနွေးညှိနှိုင်းကြမည်ဖြစ်ကြောင်း၊ ယခုနှစ်တွင် ကျင်းပသည့် ပညာရေးညီလာခံတွင် ပညာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများက စာတမ်းများဖတ်ကြားတင်သွင်းဆွေးနွေးကြမည်ဖြစ်ကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် မူလတန်းအရွယ်မှ လုပ်ငန်းခွင်ဝင်မည့်အရွယ်ထိ လူငယ်လူရွယ်များကို အဘက်ဘက်က ပြည့်စုံစေရန်ကြိုးစားသင်ကြားပေးလျက်ရှိရာ လိုအပ်ချက်၊ လစ်ဟာချက်များရှိခဲ့ပါက ယခုကျင်းပသည့် မြန်မာနိုင်ငံလုံးဆိုင်ရာညီလာခံကြီးက ဆွေးနွေးချက်၊ ဆုံးဖြတ်ချက်များက ဖြည့်ဆည်းပေးနိုင်မည်ဟု ယုံကြည်ကြောင်း၊ ယခုကျင်းပသည့်ညီလာခံအနေဖြင့် နိုင်ငံတော်အတွက်လိုအပ်သည့် နိုင်ငံ့သားကောင်းများ ပြုစုပျိုးထောင်ရေး၊ စွမ်းဆောင်နိုင်သော ပြည်သူပြည်သားများ ပေါ်ထွက်လာစေရေးအတွက် ဝိုင်းဝန်းဆွေးနွေးအကြံပြုကာ နိုင်ငံတော်အစိုးရ၏ မျှော်မှန်းချက်များ အောင်မြင်စေရေးအတွက် ကြိုးပမ်းအားထုတ်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ကဏ္ဍအလိုက် ရေတိုရေရှည် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုင်းကျော်နိုင်ဦးက သဘာပတိအဖြစ်လည်းကောင်း၊ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းထွန်းနှင့် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်တို့က တွဲဖက်သဘာပတိများအဖြစ်လည်းကောင်း ဆောင်ရွက်ကြသည်။

ယင်းနောက် အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးမြင့်ထွန်းက အခြေခံပညာကဏ္ဍနှင့်ပတ်သက်၍လည်းကောင်း၊ မကွေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်မောင်ဦးက အဆင့်မြင့်ပညာကဏ္ဍနှင့်ပတ်သက်၍လည်းကောင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန နည်းပညာ၊ သက်မွေးနှင့် ပညာလေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဉာဏ်ဝင်းသန်းက သက်မွေးပညာကဏ္ဍနှင့်ပတ်သက်၍လည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း) ပါမောက္ခချုပ် ဦးအောင်သိုက်ထွန်းက ဆရာအတတ်ပညာကဏ္ဍနှင့်ပတ်သက်၍လည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာလှိုင်မြတ်သူက သုတေသနနှင့်တီထွင်ဆန်းသစ်မှုကဏ္ဍနှင့်ပတ်သက်၍လည်းကောင်း ဆွေးနွေးတင်ပြကြရာ တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးကြသည်။

ညနေပိုင်းတွင် မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၄)၌ ပညာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများမှ ခင်းကျင်းပြသထားသည့်ပညာရေးပြခန်းများသို့ အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ပညာရေးမိသားစုများလာရောက်ကြည့်ရှုလေ့လာကြပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၄) ကို ဇွန်လ ၂၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄)အထိမ်းအမှတ်ပြခန်းများအား ပြခန်းတစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာဖြင့် လိုက်လံကြည့်ရှုစဉ်။

## ❖ အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက ဆိုသည့်အတိုင်း ဥပဒေစည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာတတ်သည့် နိုင်ငံကြီးသားအလေ့အကျင့်ကောင်းများ ကိန်းအောင်းလာကြစေရန် လေ့ကျင့်ပေး...

## ❖ အဆင့်မြင့်ပညာရပ်များကိုသင်ယူခြင်းသည် ဘွဲ့အဆင့်အတန်းတစ်ခုရရှိရန်အတွက်သာမဟုတ်ဘဲ လူတစ်ဦးချင်းစီ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေပြီး ဘက်စုံအသိဉာဏ်ကြွယ်ဝသည့် နိုင်ငံသားများပေါ်ပေါက်စေ...

**အောင် ဦးဆောင်လမ်းပြသင်ကြားပေး**ရန် တိုက်တွန်းလိုကြောင်း။

**ပြည်သူလူထုအများစုသည်** ဝင်ငွေအလယ်အလတ်အဆင့်ရှိသူများ ဖြစ်သည့်အတွက် **နိုင်ငံတော်၏ကျောင်းပညာရေးကိုသာ အားကိုးကြ**ကြောင်း၊ အများပြည်သူက ယုံကြည်အားကိုးကြသည့်အတိုင်း ကျောင်းသား၊ ကျောင်းသူများ ကျောင်းပညာရေးတွင် ပညာတော်၊ ပညာတတ်၊ ဘက်စုံထူးချွန်သည့် လူငယ်လူရွယ်များ ပေါ်ထွန်းလာစေရေးကို အလေးထားဆောင်ရွက်ပေးကြစေလိုကြောင်း၊ အနာဂတ်တွင် နိုင်ငံတော်က အားကိုးအားထားပြုရသည့် ဗလငါးတန်နှင့် **စာမျက်နှာ ၁၂ သို့** ☆

## ❖ ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ မိဘဆရာများ၊ ကျောင်းသား၊ ကျောင်းသူများကိုယ်တိုင်ကလည်း မိမိကျောင်း၏ ကောင်းသည့် ဂုဏ်သတင်းကျော်ကြားမှုများကို တန်ဖိုးထားထိန်းသိမ်းမြှင့်တင်နေကြမည်ဆိုပါက ကျောင်းတစ်ကျောင်းချင်းစီမှသည် တစ်နိုင်ငံလုံးအတိုင်းအတာအထိ ပညာရေးဂုဏ်သတင်း သင်းပျံ့လာမည်မှာ မလွဲဧကန်ပင်ဖြစ်...

☆ **စာမျက်နှာ ၁၇ မှအဆက်**

မြန်မာ့ယဉ်ကျေးမှုတွင် **အနန္တောအနန္တဂိုဏ်းဝင် ဆရာသခင် ကျေးဇူးရှင်ဟု ဆရာကို အလေးအမြတ်ထားပြီး နှလုံးသွင်းချစ်ခင်ရှိသေကြ**ကြောင်း၊ တပည့်များကို ပညာပေးဝေသူ၊ ပညာဖြင့် တပည့်များ၏ဘဝကို ရှင်သန်စေသူဖြစ်သည့် ဆရာ၏မြင့်မြတ်လှသည့်ကျေးဇူးကို ဂုဏ်တင်အသိအမှတ်ပြုပြီး မိဘ၊ ဆရာကို တစ်ဂိုဏ်းတည်းထားကာ အာစရိယဂုဏော အနန္တော၊ ဆရာသမား၏ ဂုဏ်ကျေးဇူးသည် အဆုံးအပိုင်းအခြားမရှိဟု သတ်မှတ်လျက် လေးစားကြည်ညိုကြကြောင်း၊ ထို့ကြောင့် **ဆရာသခင် ကျေးဇူးရှင်များကလည်း မိဘသဖွယ် စိတ်ဝယ်ထားပြီး မိမိတပည့်များကို ပညာတတ်များဖြစ်လာအောင်၊ လိမ္မာယဉ်ကျေးသူများဖြစ်လာ**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄)အထိမ်းအမှတ်ပြခန်းများအား ပြခန်းတစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာဖြင့် လိုက်လံကြည့်ရှုစဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၄)အခမ်းအနားမုခ်ဦးအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

# မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အဓိကထားသည့်နိုင်ငံဖြစ်သည့်အတွက် စနစ်ကျသော စိုက်ပျိုးမွေးမြူရေးနှင့် ပတ်သက်သော ကုန်ထုတ်လုပ်မှုများပြုလုပ်နိုင်ရန် ကျွမ်းကျင်သူများစွာလိုအပ်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၄)ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၄)ကျင်းပရေးဦးစီးကော်မတီအတွင်းရေးမှူး၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေး ညီလာခံ(၂၀၂၄)အထိမ်းအမှတ်လက်ဆောင်ကို ဂါရဝပြုပေးအပ်စဉ်။

❖ နိုင်ငံတော်အနေဖြင့် အသိပညာ၊ အတတ်ပညာပြည့်စုံသည့် ပညာတတ်များဖြင့် သာယာဝပြောသည့် အနာဂတ်နိုင်ငံတော်ကြီးကိုတည်ဆောက်ရန် ဦးတည်ဆောင်ရွက်လျက်ရှိနေပြီး အရည်အသွေးပြည့်ဝသည့် ဘက်စုံပညာရေးစနစ်တိုးတက်ဖြစ်ပေါ်ရေးကို ကြိုးပမ်းဆောင်ရွက်သွားမည် . . .

❖ အရည်အသွေးမြင့်သည့်ပညာရပ်များကိုတတ်ကျွမ်းသူများသည် ဝင်ငွေကောင်းသည့် အလုပ်အကိုင်ကောင်းများကိုရရှိ၊ ဆန်းသစ်တီထွင်ဖန်တီးတတ်သူ၊ ဉာဏ်ရည်မြင့်မားသူ၊ ဝီရိယရှိပြီး ကြိုးစားအားထုတ်သူများသည် သက်ဆိုင်ရာလုပ်ငန်းများတွင် အောင်မြင်သူများဖြစ်လာ . . .

❖ မိဘရင်ခွင်ပြီးပါက ဆရာ့ရင်ခွင်သည် ကျောင်းသားလူငယ်များအတွက် ဒုတိယရင်ခွင်ဖြစ်၊ မြန်မာ့ယဉ်ကျေးမှုတွင် အနန္တော အနန္တဂိုဏ်းဝင် ဆရာသခင်ကျေးဇူးရှင်ဟု ဆရာကို အလေးအမြတ်ထားပြီး နှလုံးသွင်းချစ်ခင်ရှိသေကြ၊ ဆရာသခင်ကျေးဇူးရှင်များကလည်း မိဘသဖွယ် စိတ်ဝယ်ထားပြီး မိမိတပည့်များကိုပညာတတ်များဖြစ်လာအောင်၊ လိမ္မာယဉ်ကျေးသူများဖြစ်လာအောင် ဦးဆောင်လမ်းပြသင်ကြားပေး . . .

❖ ဖြစ်ပေါ်တိုးတက်နေသည့် ကမ္ဘာ့အခြေအနေများအရ လူ့ဘဝရပ်တည်ရန်အတွက် လူတစ်ယောက်သည် အနည်းဆုံးအလယ်တန်းပညာအဆင့်အထိ တတ်သင့် . . .

☆ ရှေ့ဖုံးမှအဆက်

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီတွဲဖက်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများက ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက်ရှိ မြဝတီရုပ်မြင်သံကြားနှင့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနတို့မှ အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများကိုကြည့်ရှုအားပေးစဉ်။

အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ စာတမ်းရှင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄)ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄)အထိမ်းအမှတ်ပြခန်းများအား ပြခန်းတစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာဖြင့် လိုက်လံကြည့်ရှုစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ညီလာခံအခမ်းအနားမှခ်ဦးအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် အခမ်းအနားဒုတိယပိုင်းကို ဆက်လက်ကျင်းပပြုလုပ်ရာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ အနုပညာရှင်များက "ပညာစံအရေး၊ ညီလာခံတေး" အဖွင့်သီချင်းဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားရာတွင် နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအုတ်မြစ်သည် ပညာတတ်အရင်းအမြစ်များပေါများခြင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၄)ကို **"လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး ပညာရေးကို ပိုမိုမြှင့်တင်ပေး"**ဟူသည့် ဦးတည်ချက်ဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် အသိပညာ၊ အတတ်ပညာပြည့်စုံသည့် ပညာတတ်များဖြင့် သာယာဝပြောသည့် အနာဂတ်နိုင်ငံတော်ကြီးကို တည်ဆောက်ရန် ဦးတည်ဆောင်ရွက်လျက်ရှိနေပြီး အရည်အသွေးပြည့်ဝသည့် ဘက်စုံပညာရေးစနစ် တိုးတက်ဖြစ်ပေါ်ရေးကို ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ပညာဆိုသည်မှာ အသေးစိတ်သိခြင်း၊ သိအောင်လုပ်ခြင်း၊ ကျယ်ကျယ်ပြန့်ပြန့် သိခြင်းတို့ဖြစ်ကြောင်း၊ ပညာသင်ကြားခြင်းကို ကျောင်းသင်ခန်းစာများကို သင်ယူခြင်း (Formal Learning) အပြင် ကျောင်းပြင်ပသင်ယူခြင်း (Non-formal Learning) နှင့် အတွေ့အကြုံများမှ ကိုယ်တိုင်လေ့လာသင်ယူခြင်း (Informal Learning) စသည်များနှင့် ရယူတတ်မြောက်နိုင်ကြောင်း၊ ထိုမှတစ်ဆင့် ဘဝတစ်သက်တာလေ့လာသင်ယူသွားကြရမည်လည်းဖြစ်ကြောင်း၊ **ပညာသည် အလင်းရောင်နှင့်တူပြီး အလင်းရောင်သည် အမှောင်ကိုဖယ်ရှားနိုင်**ကြောင်း၊ **ပညာသည် မောဟ(မသိခြင်း)ကို ပယ်ဖျောက်နိုင်**ကြောင်း၊ ထို့ကြောင့် **"ပညာသမာ အာဘာနတ္ထိ" "ပညာနှင့်တူသော အလင်းရောင်မရှိ "**ဟု မြတ်စွာဘုရားကဟောကြားခဲ့ကြောင်း။

ပညာတတ်ဖြစ်မှသာ လူ့ဘဝရှင်သန်ရပ်တည်ရန်အတွက် မရှိမဖြစ်လိုအပ်သည့် လုပ်ငန်းကျွမ်းကျင်မှု အရည်အသွေးများကိုရရှိပြီး စဉ်းစားတွေးခေါ်မှု၊ ပြဿနာကိုဖြေရှင်းတတ်မှု၊ ဝေဖန်ပိုင်းခြားတတ်မှု၊ တီထွင်ကြံဆတတ်မှု၊ ပူးပေါင်းဆောင်ရွက်တတ်မှု စသည့်ပင်ကိုအရည်အသွေးများကို ပိုင်ဆိုင်လာသည့်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုပွင့်လန်းစေနိုင်မည်ဖြစ်ကြောင်း၊ **အရည်အသွေးမြင့်သည့် ပညာရပ်များကို တတ်ကျွမ်းသူများသည် ဝင်ငွေကောင်းသည့် အလုပ်အကိုင်ကောင်းများကို ရရှိ**နိုင်ကြောင်း၊ **ဆန်းသစ်တီထွင်ဖန်တီးတတ်သူ၊ ဉာဏ်ရည်မြင့်မားသူ၊ ဝီရိယရှိပြီး ကြိုးစားအားထုတ်သူများသည် သက်ဆိုင်ရာလုပ်ငန်းများတွင် အောင်မြင်သူများဖြစ်လာ**ကြကြောင်း၊ တက္ကသိုလ်၊ ကောလိပ်၊ အခြေခံကျောင်းများတွင် ခင်မင်ရင်းနှီးခဲ့သည့် သူငယ်ချင်းများသည်လည်း လုပ်ငန်းခွင်မိတ်ဖက်များ ဖြစ်လာနိုင်ကြကြောင်း၊ ဘဝအောင်မြင်မှုအတွက်ဆိုပါက အရာရာတိုင်းတွင် ပညာသည်သာ အခရာဖြစ်ကြောင်းကို မိမိနှင့်နီးစပ်ရာ ပြည်သူများကို ရှင်းလင်းပြောကြားပေးကြရန် တိုက်တွန်းလိုကြောင်း။

**နိုင်ငံတစ်နိုင်ငံ၏အင်အားသည် ပညာအပေါ်တွင် အခြေခံ**ကြောင်း၊ ဗလငါးတန်ပြည့်ဝပြီး အသိဉာဏ်ပညာပြည့်စုံသည့် ကျောင်းသား၊ ကျောင်းသူလူငယ်များသည် နိုင်ငံ၏အင်အား၊ နိုင်ငံ၏အနာဂတ်များဖြစ်ကြောင်း၊ မိဘများက သားသမီးများလူလားမြောက်အောင် ကျွေးမွေးပြုစုယုယကြကြောင်း၊ ပညာသင်ယူရမည့် အရွယ်ရောက်သည့်အခါ နွေးထွေးသည့်မိဘရင်ခွင်မှခွာပြီး စာသင်ကျောင်းဆီ ဦးတည်ကြရကြောင်း၊ **မိဘရင်ခွင်ပြီးပါက ဆရာ့ရင်ခွင်သည် ကျောင်းသားလူငယ်များအတွက် ဒုတိယရင်ခွင်ဖြစ်**ကြောင်း၊ တစ်နည်းအားဖြင့် ဆရာ၊ ဆရာမများသည် ကျောင်းသား၊ ကျောင်းသူများအတွက်ဒုတိယမိဘများပင်ဖြစ်ကြကြောင်း။

စာမျက်နှာ ၁၅ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄)အထိမ်းအမှတ်ပြခန်းများအား ပြခန်းတစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာဖြင့် လိုက်လံကြည့်ရှုစဉ်။

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

NAY PYI TAW June 25

# Myanmar National Education Conference 2024 opens; Chairman of State Administration Council Prime Minister Senior General Min Aung Hlaing delivers address

The Myanmar National Education Conference opened at MICC-II here this morning, addressed by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing.

Also present were SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win, SAC Joint Secretary Lt-Gen Ye Win Oo, SAC members, union ministers, union level officials, the Nay Pyi Taw Council chair, senior military officers from the Office of the Commander-in-Chief, the Nay Pyi Taw Command commander, deputy ministers, rectors, principals, ministry officials, resource persons, teachers and students.

First, Chairman of the Steering Committee to hold Myanmar National Education Conference 2024, Vice-Senior General Soe Win, SAC Joint Secretary Lt-Gen Ye Win Oo, SAC member General Mya Tun Oo, Union Minister for Education Dr Nyunt Pe and Union Minister for Science and Technology Dr Myo Thein Kyaw formally opened the ceremony.

Senior General Min Aung Hlaing unveiled the archway by pushing a button.

At the second part of the ceremony, artistees of the Fine Arts Department, Ministry of Religious Affairs and Culture sang the song "The issue of education, the song of the conference" and staged dance performances.



Senior General Min Aung Hlaing speaks at the opening of Myanmar National Education Conference 2024.

In his address, the Senior General said the number of well-educated persons is the foundation of national development. Hence, the theme of this year's conference is **"Promoting education for the development of human resources".** The goal of the country is to build a prosperous future state with educated persons imbued with educational and technological knowledge. So, efforts will be made to realize a multifaceted education system that meets the quality standard.



Senior General Min Aung Hlaing views a product at an exhibit.

In fact, education involves trying to attain detailed knowledge, getting to know, or having a broader knowledge. Studying can be conducted through formal learning, non-formal learning and informal learning. From that stage, a person will have to join the lifelong learning process. **Knowledge is like the light that can overcome darkness. It can also overcome ignorance. In this regard, Buddha taught mankind that there was no such thing as knowledge.**

Education can provide skill and qualifications required for existence, and can also develop intrinsic qualities, such as, thinking power, problem solving skills, critical thinking, creativity, and cooperation. A person with all those qualifications may find better job opportunities. **Highly skilled and educated persons can get high salary jobs. Hard working persons with creative power, high-level IQ, perseverance become successful in their career.** University, college and school friends can become associates. All should disseminate knowledge -- education is the key to success in every field among the public.

**The power of a nation depends**

See Page - 21 ●●



Senior General Min Aung Hlaing watches performances.



# A Message from Member of the National Administration Council, Chairman of the Central Committee for Drug Abuse Control, and Union Minister for Ministry of Home Affairs, H.E. Lt. Gen. Yar Pyae during 2024 International Day Against Drug Abuse and Illicit Trafficking (June 26, 2024)

May all the citizens of the Republic of the Union of Myanmar be filled with happiness and joy.

Since the United Nations General Assembly designated June 26 as the International Day Against Drug Abuse and Illicit Trafficking (World Drug Day), it has been the 37th occasion that the celebrations have been commemorated in various countries around the world to promote cooperation and elimination of drug abuse.

The drug problem is emerging as a complicated challenge that is seriously affecting the lives of millions of people around the world. The production and trafficking of drugs is somehow related to transnational crimes of money laundering, arms smuggling and terrorism, which is seriously affecting the national security, stability and law and order. Drug use also greatly affects physical and mental health, and is causing a loss of human resources around the world.

The State Administration Council is accelerating the development of the country, in contrast, efforts also are being rendered from all sides to control the drug problem that hinders the development of the country.

Myanmar is severely facing challenges related to opium poppy cultivation, synthetic drug production and drug abuse. To address these issues, the Central Committee for Drug Abuse Control was systematically established various working groups and took its role as a national duty.

After evaluating the existing 1993 Narcotic Drugs and Psychotropic Substances Law to be in line with international standards and norms, it was amended and enacted on February 14, 2018. Similarly, the amendment of 1995 Rules relating to Narcotic Drugs and Psychotropic Substances was also announced on February 13, 2023. In addition, the National Drug Control Policy, which includes a multipronged approach was adopted and announced on February 20, 2018, and the National Drug Control Strategic Plan is also being developed.

In order effectively carry out our drug law enforcement activities, we have purchased and installed advanced modern detection equipment and are taking action to effectively identify drug trafficking activities. The Drug Enforcement Division under Myanmar Police Force has 11 sub-divisions and 71 task forces, and they are being deployed all over the country to carry out effective drug control measures.

In 2023, Myanmar has been a slight increase in illegal opium poppy cultivation. Therefore, the persuasion by Myanmar Military, Myanmar Police Force, and various departments to local ethnic communities in drug prevention efforts through educational activities has led to destruction a total of 6,181 acres of poppy fields during 2023-2024 opium poppy cultivation season. As for the opium alternative development activities, the implementation is continuously being carried out by the alternative development management sector, crops substitution sector and livestock breeding sector.

Even though opium cultivation and production were a major problem in Myanmar, but now, like any other country in the world, Myanmar is also severely faced with the production, trafficking and distribution of synthetic drugs. In order to reduce the production of synthetic drugs. Synthetic Drug Production reduction can only be achieved by effectively controlling the illegal entry of controlled precursors and non-controlled chemicals.

Therefore, Myanmar has prescribed 39 types of chemicals as controlled substances, and is conducting strict inspection to prevent any diversion of these chemicals. Likewise, we also communicating with foreign countries through the Pre-Export Notification (PEN) system for the export of precursors and to ensure that the chemicals don't get diverted anyway.

Since Myanmar cannot produce chemicals, but geographically, it is located among industrialized countries that produce chemicals and these precursors are illegally flowing into drug production sites from the border areas with various means. Even though some ethnic armed organizations in Myanmar have denied their involvement in drug activities, but in reality, they illegally import chemicals across the border into the areas they control by working together with foreign chemists to produce drugs.

While the State Administration Council is accelerating its fight against Drugs activities, it has been found that the terrorist insurgents are taking advantage of the current political instability to burn down towns and villages, expanding their force, destabilizing the areas where their ethnic groups live by carrying out destructive activities to cause economic decline and people are being denied access to education in cities and villages.

To ensure uninterrupted transportation and regional stability, to prevent and suppress illegal drug trafficking by terrorist insurgents and to prevent the smuggling of arms and ammunition, ethnic armed organizations that want peace, military personnel and Myanmar Police Force are working together with concerted efforts on security measures.

In terms of law enforcement measures, the country overall carried out 40 drug special operations from 2013 to 2024. In 2023, "Operation 39" was carried out on a nationwide scale, and since huge quantities of narcotic drugs and essential precursors used in drug production process were successfully seized, Operation 39/24 is also currently being carried out as well.

Despite the success of the prevention and suppression activities, effective punishments are set to be imposed on the main culprits caught and since some of the offenders have been found to be committing more crimes after being released from punishment, assets obtained from the defendants' drug offenses will be effectively confiscated as public funds.

As every seized drug and its related substances are burned during the commemoration of the International Day Against Drug Abuse and Illicit Trafficking on June 26 each year, over Ks-936 billion worth of narcotic drugs and its related substances were burned in various places of Yangon, Mandalay and Taunggyi on June 26, 2023.

Recognizing that "prevention is better than cure". Drug risk prevention awareness activities were implemented for young students in high and elementary schools and out-of-school camps. In order for the entire public to be fully aware of the danger of drugs, awareness raising activities are being carried out by the five working groups of the Department of Information and Public Relations, Myanma Radio and Television News, press agency, Printing and Publishing, Public Relations and Psychological Operations Directorate with oriented approaches.

To provide treatment for individuals addicted to drugs and reduce subsequent risks, Myanmar has established 29 major clinics, 56 minor medical clinics and 90 methadone clinics across the country. They have given treatment to 26,595 drug addiction patients and 23,875 individuals were given methadone treatment in 2023. In order for the drug addicts to reintegrate back into the community, Ministry of Relief and Resettlement has established 14 rehabilitation centers and is continuously developing them as well.

Myanmar has been actively engaged in fighting against drugs activities in collaboration with neighboring countries, including the United Nations, ASEAN member states, Mekong regional countries, BIMSTEC member countries and international drug control agencies, the country has close ties with UNODC (United Nations Office on Drugs and Crime) based in Yangon, AFP (Australian Federal Police), DEA (Drug Enforcement Administration) NNCC (National Narcotics Control Commission) and ONCB (Office of Narcotics Control Board) by enhancing its existing cooperation mechanism.

Furthermore, in 2023, the country has successfully hosted 24th Myanmar-Thai Bilateral Meeting on Drug Control Cooperation, 44th ASEAN Senior Official Meeting on Drug Matters, and likewise in 2024, the country also hosted the 7th Myanmar-India DG Level Talks on Drug Control Cooperation, ASEAN Development Action Plans Workshop for ASOD Focal Points and 16th ASEAN Drug Monitoring Network Meeting. Thus, Myanmar itself is accelerating its concerted efforts on drug law enforcement activities with the international community as well.

Therefore, to mark this year's 37th International Day against Drug Abuse and Illicit Trafficking, all countries are entitled to carry out comprehensive preventive measures according to the theme "The Evidence is clear: invest in Prevention." sent by the United Nations Office on Drugs and Crime (UNODC).

As the national government is trying to increase its speed in various ways to prevent the danger of drugs that hinders peace and stability of the Union, rule of law, modern development, safe and smooth road communication, and I also urge all ethnic people to cooperate with oriented-balanced approach and assist with the strength of unity.

●● From Page - 21

education, there are essential factors such as proper schools, lecture rooms, classrooms, libraries, toilets, gymnasiums, sport grounds, infrastructures, teaching aids, teaching methods with the use of technologies, internet connections, drinking water supply, proper learning environment and characteristics of schools. Moreover, as the government believes that the education standards of the country will make progress within a short period if there are sufficient number of qualified teachers, refresher courses for teachers, modern curriculums, correctness of student-centered teaching methods, proper assessment systems, systematic management and provision of welfare, the government has given priority to education and has been exerting more efforts. **If education officers, principals, parents, teachers and students themselves appreciate, preserve and promote the good reputation of their schools, the educational reputation of each school will surely spread to the entire country.**

In making efforts for betterment of oneself, one's class, one's school and one's country in accordance with the four pledges of school councils, teachers are responsible for correctly shaping the morale, disciplines and education of students.

It is necessary for teachers to nurture students to possess fine spirits like being polite, clever, honest, sincere, sympathetic and proper manners like acting in accordance with public ethics and possessing the spirit of accountability and responsibility, respect for the time, habit of cooperation, striking balance between ego and altruism and patriotism.

To completely prevent bad manners like littering in one's classroom and school compound, writing on the surface of school table, chewing betel and smoking, students must be nurtured and **instilled with the fine practice good citizens such as respecting and observing laws, rules and disciplines** in accordance with the motto **"National discipline starts at school."**

I would also like to order them to develop and implement a plan to eliminate illiteracy for the literacy of the entire population, including the rural people, and to continuously open reading circles to promote reading, from the elimination of illiteracy to the elimination of those who do not read.

**Learning higher education is not only for obtaining a degree, but also develops the socio-economic life of individuals and creates citizens who are rich in multi-faceted knowledge.** It will be more beneficial for the country only if many graduates who are thoroughly educated in quality advanced sciences emerge.

Since the curriculum covering a field of study and subject in universities from the basic level to the advanced level is precisely defined and enacted, university students will be able to get the good basics of the subject they are studying and be able to understand it thoroughly.

University education can improve critical analysis skills, analytical skills, problem solving skills and collective action skills and in the future, skills and good habits that are very valuable to the country, will also be obtained for himself and the country.

Therefore, in order for university students in Myanmar's universities to have the opportunity to learn international quality higher education, the curricula have been reviewed and updated, and the number of training courses will be increased for the teachers to improve the quality. He would like to urge them to use teaching strategies effectively under the supervision of university professors and promote teaching and learning, the Senior General said.



Attendees view documentary photos of activities of the Education Ministry.

**We are clearly seen that the countries with the most educated citizens are the most developed countries. "Educated" citizens means "competence" and "most" means "quantity",** so **it is obvious that our country needs to become a country with a large number of qualified educators,** and it is necessary to clearly implement an outcome-based education system to ensure quality.

The Senior General said he want the teachers to teach and train the students to be active learning by using student-centered teaching and learning system for lessons, exercises, teaching methods and the processes that encourage innovative and creative skills.

When teachers and students use the research project-based teaching and learning system, teachers need to search in advance either from the library or internet to establish appropriate research project topics for each group of students. The Senior General said he would like to encourage them to establish a library culture in universities and to develop nationally beneficial research results so that only by using the internet to search and read, they can learn to collectively carry out the project successfully.

The Senior General said with best wishes that all the experts attending this conference will be able to read and discuss the 36 conference monographs that will be read and discussed with the aim of **"Further promoting the development of human resources and education",** and they will be able to formulate short-term and long-term business plans and implement them successfully in order to build a democratic country based on a federal system with well-educated intellectuals.

After that, artists from the Myawady Television under the supervision of Directorate of Public Relations and Psychological Warfare, Ministry of Information and Department of Arts under the Ministry of Religious Affairs and Culture, performed the songs "Sar Thin Kyaung Ka Khaung Laung Tan" and "Phu Pwint Waisi, Ah Nar Gar Si", and the musical drama "Education and Veracity", which was watched and cheered by the Chairman of the State Administration Council, the Prime Minister and those attending the ceremony.

After that, Dr. Nyunt Pe, the Union Minister for Education and the Secretary of the Organizing Committee of the Myanmar Education Conference (2024) presented the Myanmar National Education Conference (2024) commemorative gift to the SAC Chairman.

After that, the SAC Chairman and those who attended the ceremony took a photo together.

After that, the SAC Chairman and those who attended the ceremony watched the displays of the Myanmar Education Conference (2024) commemorative galleries with interest.

The Myanmar Education Conference (2024) will be held until June 27 in cooperation with the Ministry of Education and other related ministries under the theme of **"Promoting education for the development of human resources".**

**100**

HEALTH

# 70 foodstuffs, personal goods allowed for laboratory tests

"Aimed at turning out manageable scale entrepreneurs in Mandalay Region, a total of 70 items of foodstuffs and personal goods are allowed to take laboratory tests," said U Win Bo, Director of Mandalay Region SME Department.

The department has earmarked giving laboratory services to 620 items of goods this financial year. So far, the department has performed chemical tests for items of foodstuffs, cosmetics and personal goods and microorganism tests for 41 items of foodstuffs, personal goods and cosmetics, totalling 41.

"Our department conducts two kinds of laboratory tests for businesspersons. At present, the department allows the items in compliance with prescribed disciplines. In financial years, laboratory tests were conducted for relevant products of businesses to sell them at the domestic markets," he explained.

The laboratory test aims to prevent dangerous chemical elements in the products and to produce quality foodstuff and personal goods. **SMK**

●● From Page - 18

**on education.** Students with high-level IQ and five physical and intellectual qualifications are the strength and future of the nation. Parents care and nurture their children with love and kindness. When children reach school age, they start to attend classes at school. **Parents take care of them at home, and teachers do the same work at school.** So, teachers are the second parents of students.

**In Myanmar culture, teachers are loved and respected as infinite benefactors.** Teachers are honoured and recognized for their noble work of developing their students. The Myanmar society places teachers at the same level with parents and praised their invaluableness. **The benefactor mentors are urged to guide their students, with parental love, to become polite, clever and educated.**

As **the majority of the people** are middle-income earners, they **rely on government education.** Being trusted by the public, everyone is urged to place emphasis on nurturing all-round outstanding youths in their school education. Cultivating youths who are instilled with five strengths and qualifications and can be relied on by the country in the future rests on proper guidance of teachers.

In the basic education sector, the number of students increased from 5.3 million in the 2021-2022 academic year when schools were reopened in the post-COVID-19 period to more than 8 million in the 2023-2024 academic year. It was learnt that more than 7.3 million students have been admitted to school as of 21 June in the 2024-2025 academic year.

**With the progress of global circumstances, everyone should at least complete middle-school education to lead a life.** Therefore, the government has set an objective to help everyone to study up to KG+9 level education. To achieve the goal, local authorities, teachers, par-ents and elders are urged to make concerted efforts through organizing everyone and holding talks and supporting them to complete KG+9 level education as compulsory education, to enable all school-aged children and all primary school-aged children, whose rate of school admission is currently and temporarily low, to go to school.

On the other hand, it was found that school admission rates for middle-school and high-school had increased and their drop-out rates had decreased.

It is urged that more learning opportunities including technical, agricultural and livestock breeding and vocational education be created for those who have passed middle school education or Grade 9.

The results of matriculation examinations for the 2024 academic year were announced on 11 June and 74,592 out of 128,820 students who took the exams passed matriculation, resulting in a 57.9 percent passing rate. Concerted efforts must be made to enable almost all those who passed the matriculation to acquire university education.

**As ours is a country that has placed emphasis on agriculture and livestock breeding, a large number of experts who can manufacture agriculture and livestock breeding products are needed.** Therefore, in the 2023-2024 academic year and 2024-2025 academic year, 85 technical, agriculture and livestock breeding high schools were opened in 84 districts. Those who have completed their middle school education can study at the high schools and they will be trained to acquire skills and qualifications required to manufacture value-added products needed in the market.

In acquiring formal school

See Page - 20 ●●



Senior General Min Aung Hlaing views an exhibit.



Senior General Min Aung Hlaing hears presentation at an exhibit.



Vice-Senior General Soe Win and dignitaries formally open Myanmar National Education Conference 2024.

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

တီဟီရန် ဇွန် ၂၅

# ထိုင်း၊ နီပေါနှင့် ကာတာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တီဟီရန်မြို့၌ သီးခြားစီတွေ့ဆုံ

(၁၉) ကြိမ်မြောက် အာရှပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာဆွေးနွေးပွဲအဖွဲ့ (အေစီဒီ)၏ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့တက်ရောက်ရန် တီဟီရန်မြို့၌ရောက်ရှိနေသည့် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ဇွန်လ ၂၄ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီတွင် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. Maris Sangiampongsa နှင့်လည်းကောင်း၊ ဒေသစံတော်ချိန် ညနေ ၃ နာရီခွဲတွင် နီပေါနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး Mr. Narayan Kaji Shrestha Prakash နှင့်လည်းကောင်း၊ ဒေသစံတော်ချိန် ညနေ ၄ နာရီခွဲတွင် ကာတာနိုင်ငံ State Minister of Foreign Affairs Mr. Soltan Saad S. K. Al-Moraikhi နှင့်လည်းကောင်း တီဟီရန်မြို့ရှိ ပါရှန်အဇာဒီဟိုတယ်၌ သီးခြားစီတွေ့ဆုံသည်။



**ထိုင်း**နိုင်ငံခြားရေးဝန်ကြီးနှင့်တွေ့ဆုံစဉ် မြန်မာနှင့် ထိုင်းနိုင်ငံတို့အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာစေရေး၊ နှစ်နိုင်ငံ အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရေး၊ အေစီဒီ၊ အာဆီယံနှင့် ဘင်းမ်စတက်မျက်နှာစာတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးကိစ္စရပ်များ အပေါ် ခင်မင်ရင်းနှီးစွာအမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက လာမည့် ၂၀၂၅ ခုနှစ်တွင် အေစီဒီဥက္ကဋ္ဌအဖြစ် တာဝန်လွှဲပြောင်းထမ်းဆောင်မည့် ထိုင်းနိုင်ငံ၏ အရေးပါသည့်အခန်းကဏ္ဍအပေါ် ကြိုဆိုကြောင်းကိုလည်း ထည့်သွင်းပြောကြားခဲ့သည်။

**နီပေါ**ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးနှင့်တွေ့ဆုံစဉ် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း၊ မြန်မာနှင့် နီပေါနိုင်ငံတို့အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာစေရေး၊ နှစ်နိုင်ငံအကြား ယဉ်ကျေးမှု၊ ခရီးသွားလုပ်ငန်း၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများ၌ အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေး၊ နိုင်ငံတကာမျက်နှာစာတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးကိစ္စရပ်များအပေါ် ခင်မင်ရင်းနှီးစွာအမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**ကာတာ** State Minister of Foreign Affairs နှင့်တွေ့ဆုံစဉ် နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီဖော်ဆောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများနှင့် မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ် တိုးတက်မှုအခြေအနေများကို ထည့်သွင်းရှင်းလင်းပြောကြားခဲ့သည်။

ထို့ပြင် မြန်မာ-ကာတာ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာစေရေး၊ အေစီဒီအဖွဲ့တွင်း ပူးပေါင်းဆောင်ရွက်မှုများအပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် ပိုမိုနီးကပ်စွာပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲများသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များဖြစ်ကြသည့် အီရန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမိုးကျော်အောင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြကြောင်းသိရသည်။

(သတင်းစဉ်)

ရန်ကုန် ဇွန် ၂၅

## အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်၏ ၂၀၂၃-၂၀၂၄ ခု ဘဏ္ဍာနှစ်အတွင်း အာမခံနှစ်စေ့ပြီးသူများအား ကံစမ်းမဲဖောက်ပွဲအခမ်းအနားကျင်းပ

အောင်မြင့်မိုရ်မင်း အာမခံကုမ္ပဏီလီမိတက်တွင် အာမခံထားရှိသူများအနက် ၂၀၂၃-၂၀၂၄ ခု ဘဏ္ဍာနှစ်အတွင်း အာမခံနှစ်စေ့ပြီးသူများအား ကံစမ်းမဲဖောက်ပေးခြင်းကို ဇွန်လ ၂၅ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့၌ကျင်းပရာ အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက် ဦးဆောင်ညွှန်ကြားရေးမှူး ဦးညိုဝင်းနှင့်တာဝန်ရှိသူများ၊ အာမခံထားရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက် ဦးဆောင်ညွှန်ကြားရေးမှူး ဦးညိုဝင်းက အဖွင့်အမှာစကားပြောကြားပြီး အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူတစ်ဦးက လက်ရှိဆောင်ရွက်နေသော အာမခံအမျိုးအစားများအကြောင်းနှင့် ကံစမ်းမဲဖွင့်ဖောက်သည့်စနစ်တို့အား ရှင်းလင်းပြောကြားသည်။

ထို့နောက် ၂၀၂၃-၂၀၂၄ ခု ဘဏ္ဍာနှစ်အတွင်း အာမခံနှစ်စေ့ပြီးသူများအား ကံစမ်းမဲဖွင့်ဖောက်ခြင်းကိုကျင်းပရာ တာဝန်ရှိသူများက စက်ခလုတ်နှိပ်၍ ကံစမ်းမဲဖွင့်ဖောက်ပေးခဲ့ပြီး မဲပေါက်သည့် ကံထူးရှင်အမည်စာရင်းများကို ကြေညာခဲ့သည်။



အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်၏ ၂၀၂၃-၂၀၂၄ ခု ဘဏ္ဍာနှစ်အတွင်း အာမခံနှစ်စေ့ပြီးသူများအား ကံစမ်းမဲဖောက်ပွဲအခမ်းအနားကျင်းပစဉ်။

အဆိုပါ ကံစမ်းမဲဖွင့်ဖောက်ပေးရာတွင် ကံစမ်းမဲနှိုက်သည့်စနစ်အား ကွန်ပျူတာဆော့ဝဲနည်းပညာဖြင့် မဲဖောက်ဆောင်ရွက်ခြင်းဖြစ်ပြီး ကံစမ်းမဲချီးမြှင့်ငွေကျပ်သိန်း ၁၂၀၀ နှင့်ညီမျှသော ဆုမဲများဖြစ်သည့် လျှပ်စစ်ဆိုင်ကယ်၊ လျှပ်စစ်စက်ဘီး၊ စက်ဘီး (ရိုးရိုး)၊ Samsung Tablet နှင့် ဖုန်းအမျိုးအစားအမျိုးမျိုးတို့ကို မဲဖောက်ချီးမြှင့်ခြင်းဖြစ်ကာ ကံစမ်းမဲပေါက်သည့် ကံထူးရှင်များကို ဆက်သွယ်အကြောင်းကြားဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်အနေဖြင့် အသက်အာမခံအမျိုးအစား ၂၁ မျိုးကို ဆောင်ရွက်ပေးလျက်ရှိပြီး အထွေထွေအာမခံလုပ်ငန်းဝန်ဆောင်မှုများကိုလည်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အသေးစိတ်သိရှိလိုပါက E-mail ; aungmyintmohmin2013@gmail.com နှင့် ၀၉-၄၂၄၄၄၆၆၆၁၊ ၀၉-၄၂၄၄၄၆၆၆၂၊ ၀၉-၄၂၄၄၄၆၆၆၃ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ (၅၀၀)

နေပြည်တော် ဇွန် ၂၅

## ကာကွယ်ရေးဦးစီးချုပ်(ရေ)တံခွန်စိုက်ဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲပြုလုပ်



ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား နယ်မြေခံရေတပ်ကွပ်ကဲမှုဌာနချုပ်၊ ကွပ်ကဲမှုဌာနချုပ်မှူး ဗိုလ်ချုပ်ထိန်ဝင်းက ဆုရရှိသော ရေတပ်သင်္ဘောကျင်းဌာနချုပ်အသင်းအား တံခွန်စိုက်ဆုဖလားနှင့်ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်စဉ်။

၂၀၂၄ ခုနှစ်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)တံခွန်စိုက်ဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့ညနေပိုင်းတွင် ဧရာဝတီရေတပ်စခန်းဌာနချုပ် အားကစားကွင်း၌ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား နယ်မြေခံရေတပ်ကွပ်ကဲမှုဌာနချုပ်၊ ကွပ်ကဲမှုဌာနချုပ်မှူး ဗိုလ်ချုပ်ထိန်ဝင်းနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသူများက ဧရာဝတီရေတပ်စခန်းဌာနချုပ်အသင်းနှင့် ရေတပ်သင်္ဘောကျင်းဌာနချုပ်အသင်းတို့၏ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ပြိုင်ပွဲအမျိုးအစားအလိုက်ဆုရရှိသူများနှင့် တံခွန်စိုက်ဖလားဆုရရှိသော ရေတပ်သင်္ဘောကျင်းဌာနချုပ်အသင်းအား ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ကွပ်ကဲမှုဌာနချုပ်မှူးနှင့်အဖွဲ့ဝင်များက တံခွန်စိုက်ဆုဖလားနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါဘောလုံးပြိုင်ပွဲကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကွပ်ကဲမှုအောက် ရေတပ်စခန်းဌာနချုပ်များမှ ပြိုင်ပွဲဝင်အသင်း ၁၁ သင်းဖြင့် မေလ ၂၇ ရက်မှ ယနေ့အထိပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၆° C | / | ၃၃.၄° C |
| ရန်ကုန် | ၂၅° C | / | ၃၂.၅° C |
| မန္တလေး | ၃၀° C | / | ၃၇.၅° C |

လျှပ်စစ်မီးကိုချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

မော်စကို၊ နိုင်ငံရေး

## ရုရှား-မြောက်ကိုရီးယားသဘောတူညီချက်က ဒေသတွင်းပြဿနာများကို စစ်ရေးနည်းဖြင့် ဖြေရှင်းရန်ကြိုးပမ်းသူများအတွက် သတိပေးချက်ဖြစ်



ရုရှားနိုင်ငံနှင့်မြောက်ကိုရီးယားနိုင်ငံတို့ကြားရရှိခဲ့သည့် သဘောတူညီချက်သည် ဒေသတွင်းပြဿနာများကို စစ်ရေးနည်းဖြင့် ဖြေရှင်းရန် ကြိုးပမ်းနေသူများအတွက် သတိပေးချက်ဖြစ်ကြောင်း ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီး အန်ဒရေးရူဒန်ကိုက Sputnik သတင်းဌာနသို့ပြောသည်။

ထို့ပြင် အဆိုပါနှစ်နိုင်ငံသဘောတူညီချက်သည် တောင်ကိုရီးယားနိုင်ငံ သို့မဟုတ် အခြားတတိယနိုင်ငံများကို ရည်ညွှန်းခြင်းမဟုတ်ကြောင်း ဒုတိယနိုင်ငံခြားရေးဝန်ကြီးက ဆက်ပြောသည်။

အလားတူ ထိုသဘောတူညီချက်သည် လက်ရှိအရှေ့မြောက်အာရှဒေသရှိ ခက်ခဲနေသောအခြေအနေကို လျှော့ပါးစေရန် ရည်ရွယ်ခြင်းမဟုတ်ကြောင်း ၎င်းကဆက်ပြောသည်။

ထို့ကြောင့် တောင်ကိုရီးယားနိုင်ငံအနေဖြင့် ရုရှား-မြောက်ကိုရီးယားသဘောတူညီချက်ကို အေးချမ်းစွာလက်ခံမည်ဟု ရုရှားနိုင်ငံက မျှော်လင့်ကြောင်း အန်ဒရေးရူဒန်ကိုကပြောသည်။

ရုရှားနိုင်ငံနှင့်မြောက်ကိုရီးယားနိုင်ငံတို့ကြား ဘက်စုံမဟာဗျူဟာမြောက်မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်ရရှိမှုနှင့်ပတ်သက်၍ တောင်ကိုရီးယားကယူကရိန်းသို့ စစ်လက်နက်ပစ္စည်းများထောက်ပံ့ပေးနိုင်ခြေရှိမှုကို ပြန်လည်ဆန်းစစ်သွားမည်ဖြစ်ကြောင်း တောင်ကိုရီးယားသမ္မတရုံး၏ ထုတ်ပြန်ချက်ကို ကိုးကား၍ Yonhap သတင်းဌာနက ပြီးခဲ့သည့်သီတင်းပတ်တွင် ဖော်ပြထားသည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအွန်တို့က ဇွန်လ ၁၉ ရက်တွင် နှစ်နိုင်ငံကြားဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုသဘောတူညီချက်ကို လက်မှတ်ထိုးခဲ့ခြင်းဖြစ်သည်။

အဆိုပါသဘောတူညီချက်တွင် တစ်နိုင်ငံက တိုက်ခိုက်ခံရလျှင် ကျန်တစ်နိုင်ငံက စစ်ရေးအကူအညီပေးမည့်သတ်မှတ်ချက်များလည်းပါဝင်ကြောင်း သိရသည်။

***Ref: Sputnik***

နယူးဒေလီ၊ နိုင်ငံရေး

## အိန္ဒိယဝန်ကြီးချုပ် ရုရှားနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားမည်

အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီသည် ဇူလိုင်လ ၈ ရက်တွင် ရုရှားနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားမည်ဖြစ်ကြောင်း ပြည်တွင်းသတင်းဌာနက ဖော်ပြထားသည်။

ဝန်ကြီးချုပ်၏ တစ်ရက်ကြာခရီးစဉ်သည် အိန္ဒိယနိုင်ငံနှင့်ရုရှားနိုင်ငံတို့ကြား အပြန်အလှန်ဆက်ဆံရေးကို ပိုမိုလေးနက်စေမည်ဖြစ်သည်။

အဆိုပါနှစ်နိုင်ငံသည် လျင်မြန်စွာပြောင်းလဲနေသော ကမ္ဘာ့အစီအစဉ်တွင် မိတ်ဖက်နိုင်ငံအသစ်များကို ရှာဖွေနေသော သမိုင်းဝင် မိတ်ဖက်နိုင်ငံများဖြစ်သည်။

သို့သော် နာရန်ဒရာမိုဒီ၏ ရုရှားနိုင်ငံခရီးစဉ်နှင့်ပတ်သက်၍ မည်သည့်အသေးစိတ်အချက်အလက်မျှထုတ်ပြန်ထားခြင်းမရှိသေးကြောင်း The Tribune သတင်းစာက ဖော်ပြထားသည်။

နာရန်ဒရာမိုဒီအနေဖြင့် ရုရှားနိုင်ငံသို့ နောက်ဆုံးလာရောက်သည့်အချိန်က ၂၀၁၉ ခုနှစ်တွင်ဖြစ်ပြီး ဗလာဒီဗော့စတော့မြို့သို့ သွားရောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

***Ref: Sputnik***

ရောမ၊ စားနပ်ရိက္ခာ

## ဂါဇာပြည်သူ ငါးသိန်းနီးပါး အငတ်ဘေးဆိုက်လုနီးပါးဖြစ်နေ



ဂါဇာဒေသရှိ ပြည်သူ ငါးသိန်းနီးပါးသည် အငတ်ဘေးဆိုက်လုနီးပါးဖြစ်နေပြီး စားနပ်ရိက္ခာမဖူလုံမှုနှင့် ရင်ဆိုင်နေရကြောင်း ကုလသမဂ္ဂ၏အငတ်ဘေး စောင့်ကြည့်မှုအဖွဲ့ (IPC)က ထုတ်ပြန်သည်။

မတ်လနှင့်ဧပြီလအတွင်း ဂါဇာမြောက်ပိုင်းသို့ အစားအစာများဝင်ရောက်မှုမြင့်မားသည့်အတွက် ရှောင်လွှဲမရဖြစ်နေသည့်အငတ်ဘေးကိုကင်းလွတ်ခဲ့သော်လည်း ပြီးခဲ့သည့် သီတင်းပတ်များအတွင်း တိုက်ပွဲများနှင့် အခြေအနေများ ပိုမိုဆိုးဝါးလာသည့်အတွက် ဂါဇာကမ်းမြောင်ဒေသတစ်ခုလုံး နီးပါး အငတ်ဘေးဆိုက်လုနီးပါးဖြစ်နေကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ဥပမာအားဖြင့် ဂါဇာပြည်သူထက်ဝက်ခန့်မှာ အစားအစာများဝယ်ယူနိုင်ရေးအတွက် ၎င်းတို့၏အဝတ်အစားများကိုပင် ရောင်းချနေရကြောင်း ထုတ်ပြန်ချက်တွင်ဆက်လက်ဖော်ပြထားသည်။

အိမ်ထောင်စုထက်ဝက်ကျော်မှာ အိမ်တွင် စားစရာမရှိတော့ကြောင်း၊ ၂၀ ရာခိုင်နှုန်းကျော်မှာ တစ်နေ့လုံးနှင့်တစ်ညလုံးအစာမစားရကြောင်း၊ ယခုအခြေအနေသည် အပြုသဘောဆောင်သည့် အခြေအနေမဟုတ်ကြောင်း၊ ဧပြီလတွင်ဖြစ်ပေါ်ခဲ့သော တိုးတက်မှုများကဲ့သို့ရှိလာပါက လက်ရှိအခြေအနေမှာ လျင်မြန်စွာပြောင်းလဲသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်ကိုတွေ့ရသည်။

ယခုကဲ့သို့ စားနပ်ရိက္ခာရှားပါးမှု၊ တော်ပြတ်မှုနှင့် ပြန့်ပွားမှုများ၏သက်ရောက်မှုကို ကလေးငယ်များက အများဆုံးခံစားနေရခြင်းဖြစ်သည်။

အလားတူ ဂါဇာမြောက်ပိုင်းရှိ ကလေးငယ် သုံးဦးလျှင်တစ်ဦးမှာ အလွန်အမင်း အာဟာရချို့တဲ့နေပြီး ပိန်လှီလျက်ရှိကြောင်း ကုလသမဂ္ဂကလေးငယ်များရန်ပုံငွေအဖွဲ့၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

***Ref: Sputnik***

ဘရာတစ်လာဗာ၊ နိုင်ငံရေး

## အနောက်အုပ်စုအနေဖြင့် ရုရှားနှင့်စစ်ပွဲတွင် စစ်ရေးအရသာမက စိတ်ဓာတ်ရေးနှင့်နိုင်ငံရေးအရပါရှုံးနေပြီဟုဆို

အနောက်အုပ်စုအနေဖြင့် ရုရှားနှင့်ဖြစ်ပွားနေသောစစ်ပွဲတွင် စစ်ရေးအရသာမက စိတ်ဓာတ်ရေးနှင့် နိုင်ငံရေးအရပါ ရှုံးနိမ့်နေပြီဖြစ်ကြောင်း ဆလိုဗက်ကီးယားလွှတ်တော်ဒုတိယဥက္ကဋ္ဌ လူဘော့ဘလာဟာက ဇွန်လ ၂၄ ရက်တွင်ပြောသည်။

လက်ရှိအချိန်တွင် အနောက်အုပ်စုရှိ စစ်မီးမွှေးသူများသည် အရှုံးနှင့်ရင်ဆိုင်နေရပြီဖြစ်ကြောင်း၊ ပြည်သူများကအစိုးရများအပေါ် ဖိဆန်မှုကို စောင့်ကြည့်ရမည်ဖြစ်ကြောင်း၊ လစ်ဘရယ်ဝါဒီများကျရှုံးတော့မည်ဖြစ်ကြောင်း လူဘော့ဘလာဟာက တယ်လီဂရမ်တွင်ရေးထားသည်။

ထို့ပြင် ဆလိုဗက်ကီးယားနိုင်ငံသည် ငြိမ်းချမ်းရေးရှိသည့်မှန်ကန်သောဘက်တွင် ရပ်တည်နေကြောင်း လွှတ်တော်ဒုတိယဥက္ကဋ္ဌကပြောသည်။

အနောက်အုပ်စုသည် ရုရှားအပေါ် အမုန်းတရားပွားစေရန် လုပ်ဆောင်မှုများကြောင့် နိုင်ငံရေးတွင်အရှုံးများနှင့်ရင်ဆိုင်နေရပြီဖြစ်ကြောင်း၊ ပြင်သစ်တွင်အတိုက်အခံအုပ်စုက နေရာရလာပြီး အမေရိကန်တွင် ဂျိုးဘိုင်ဒင်ထက် ဒေါ်နယ်ထရမ့်ကို လူအများက ပိုမိုလက်ခံလာကြောင်း လူဘော့ဘလာဟာကပြောသည်။

အလားတူ အနောက်အုပ်စုသည် အကျပ်အတည်းကာလနှင့် ရင်ဆိုင်နေရကြောင်း၊ ယူကရိန်းက အနောက်နိုင်ငံထုတ်လက်နက်များဖြင့် ခရိုင်မီးယားရှိ အမျိုးသမီးများနှင့် ကလေးငယ်များကို ဗုံးကြဲကြောင်း၊ ထိုလုပ်ရပ်ကိုလူသတ်မှုအဖြစ် လေ့လာသူများက သတ်မှတ်ကြောင်း ၎င်းကအလေးပေးပြောသည်။

***Ref: Sputnik***



# ပြည်သူ့စစ်မှုထမ်းခြင်းမှသည် နိုင်ငံတော်ကာကွယ်ရေးဆီသို့

လမင်းမောင်

ပြည်သူ့စစ်မှုထမ်းသင်တန်းများနှင့် သတင်းများသည် ယခုအခါ ပြည်သူလူထုကြား၌ ရင်းနှီးကျွမ်းဝင်လာပြီဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၁၀ ပြည့်နှစ်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၂၇/၂၀၁၀ ဖြင့် ပြဋ္ဌာန်းခဲ့သော ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်မှစတင်၍ အာဏာတည်သည့်နေ့ရက်အဖြစ်သတ်မှတ်ကြောင်း ထုတ်ပြန်ခဲ့သည့်အချိန်တွင် ပြည်သူလူထုအကြား၌ စိတ်ဝင်စားမှုမြင့်တက်ခဲ့သည်။ နိုင်ငံတော်အစိုးရအပေါ်၌လည်း အထင်အမြင်များလွဲမှားခဲ့ကြသည်။ ထိုစနစ်သည် မိမိတို့နိုင်ငံတစ်ခုတည်းက တစ်မူထူးခြားစွာ တီထွင်ထားခြင်းမဟုတ်၊ အခြားနိုင်ငံများတွင်လည်း ကျင့်သုံးလျက်ရှိကြောင်းကို ရုပ်မြင်သံကြားနှင့် သတင်းစာများတွင် အလျဉ်းသင့်သလို ဖော်ပြရှင်းပြထားပြီးဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းဥပဒေသည် မိမိတို့နိုင်ငံ၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံတော်ကာကွယ်ရေးအင်အားကို တစ်ဖက်တစ်လမ်းမှတိုးချဲ့ခြင်းဖြစ်သည်။ နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန် နိုင်ငံသားအားလုံးတွင် တာဝန်ရှိသည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) တွင်လည်း နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များပြဋ္ဌာန်းချက် ပုဒ်မ ၃၈၅ တွင် "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်" ဟူ၍လည်းကောင်း၊ ပုဒ်မ ၃၈၆ တွင် "နိုင်ငံသားတိုင်းသည် ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန် တာဝန်ရှိသည်" ဟူ၍လည်းကောင်း ပြဋ္ဌာန်းထားသည်။

ယခု ဖေဖော်ဝါရီလ ၁၀ ရက်တွင် စတင်အာဏာတည်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းဥပဒေတွင် အခန်း(၈)ခန်းပါရှိပြီး အခန်း(၁)တွင် အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်၊ အခန်း(၂) တွင် ပြည်သူ့စစ်မှုထမ်းရန်ကာလ၊ အခန်း(၃)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ အဆင့်ဆင့်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ၊ အခန်း(၄) တွင် ပြည်သူ့စစ်မှုထမ်းတို့၏ ခံစားခွင့်များ၊ အခန်း(၅)တွင် စစ်စည်းရုံးခြင်း၊ အခန်း(၆)တွင် ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုခြင်း၊ အခန်း(၇)တွင် ပြစ်မှုနှင့်ပြစ်ဒဏ်များ၊ အခန်း(၈)တွင် အထွေထွေဟူ၍ ဖော်ပြပါရှိသည်။

အခန်း(၁)တွင် အမျိုးသားဖြစ်လျှင် အသက် ၁၈ နှစ်ပြည့်ပြီး၍ အသက် ၃၅ နှစ် မပြည့်သေးသော နိုင်ငံသားတိုင်း၊ အမျိုးသမီးဖြစ်လျှင် အသက် ၁၈ နှစ်ပြည့်ပြီး၍ အသက် ၂၇ နှစ် မပြည့်သေးသော နိုင်ငံသားတိုင်း၊ ကျွမ်းကျင်သူအမျိုးသားဖြစ်လျှင် အသက် ၁၈ နှစ်ပြည့်ပြီး၍ အသက် ၄၅ နှစ် မပြည့်သေးသူများ၊ ကျွမ်းကျင်သူအမျိုးသမီးဖြစ်လျှင် အသက် ၁၈ နှစ်ပြည့်ပြီး၍ အသက် ၃၅ နှစ်မပြည့်သေးသူ နိုင်ငံသားတိုင်းကို စစ်မှုထမ်းရမည့် အသက်အရွယ်အဖြစ် သတ်မှတ်ပြဋ္ဌာန်းထားသည်။ ကျွမ်းကျင်သူဆိုသည်မှာ ဆရာဝန်၊ အင်ဂျင်နီယာ၊ စက်မှုလက်မှုတတ်မြောက်သူ သို့မဟုတ် အခြားအတတ်ပညာတစ်ရပ်ရပ်ဖြင့် အသက်မွေးဝမ်းကျောင်းနေသူများကို ဆိုသည်။ စစ်မှုထမ်းဆောင်ရမည့်ကာလမှာ ၂၄ လ (နှစ်နှစ်)ဖြစ်ပြီး ကျွမ်းကျင်ပညာရှင်များအနေဖြင့်မူ ၃၆ လ (သုံးနှစ်) ဖြစ်သည်။ နိုင်ငံတော်တွင် အရေးပေါ်အခြေအနေဖြစ်ပေါ်လျှင် အစိုးရအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းရန်ကာလကို ငါးနှစ်အထိ တိုးမြှင့်သတ်မှတ်နိုင်ကြောင်း ဖော်ပြပါရှိသည်။



ပြည်သူ့စစ်မှုထမ်းစနစ်ပြဋ္ဌာန်းခြင်းသည် နိုင်ငံတော်၏ပစ္စုပ္ပန်နှင့် အနာဂတ်ကိုလည်း ကာကွယ်ခြင်းဖြစ်သည်။ ပြည်သူပြည်သားအားလုံး တည်ငြိမ်အေးချမ်းစွာနေထိုင်သွားလာနိုင်ရန် သင်တန်းဆင်းပြည်သူ့စစ်မှုထမ်းများအနေဖြင့် နောင်တော်တပ်မတော်သားများနည်းတူ ကိုယ့်နေရပ်၊ ကိုယ့်မြို့ရွာမှသည် မြန်မာနိုင်ငံအနှံ့တာဝန်ကျရာတပ်ရင်းတပ်ဖွဲ့၊ ရုံး၊ ဌာနချုပ်များတွင် ပေးအပ်သည့်တာဝန်များကိုကျေပွန်စွာထမ်းဆောင်ကြရမည်ဖြစ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဥပဒေဆိုသည်မှာလည်း လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်၊ တစ်သင်းတစ်ဖွဲ့အတွက် ရည်ရွယ်ပြဋ္ဌာန်းခဲ့သည့်ဥပဒေမဟုတ်ပေ။ နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကိုစောင့်ထိန်းရန်. . .



လတ်တလောကာလတွင် မြန်မာနိုင်ငံသားများအဖို့ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ အမှန်တကယ် လက်တွေ့လိုက်နာ ကျင့်သုံးဆောင်ရွက်သည့်အခါ အောင်မြင်သည့်အတွက် သင်တန်းများ ဆက်တိုက်ဆိုသလိုဖွင့်လှစ်လျက်ရှိရာ ယခုဆိုလျှင် သင်တန်းအမှတ်စဉ်(၃)သို့ပင် ဖွင့်လှစ်သင်ကြားပေးနိုင်ပြီဖြစ်သည်။ ပြည်သူများအနေဖြင့်လည်းအချိန်ကြာလာသည်နှင့်အမျှ ကမ္ဘာ့နိုင်ငံများနည်းတူ စစ်မှုထမ်းခြင်းကို နိုင်ငံသားတစ်ဦး၏သာမန်ဝတ္တရားအဖြစ် ရှုမြင်လာကြမည်ဟု ယုံကြည်မိပါသည်။ သင်တန်းအမှတ်စဉ်(၁)ကို ဧပြီလ ၈ ရက်တွင်လည်းကောင်း သင်တန်းအမှတ်စဉ်(၂)ကို မေလ ၁၄ ရက်တွင်လည်းကောင်း ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။ သင်တန်းကာလမှာ ရက်သတ္တ ၁၂ ပတ်ဖြစ်သည်။

ထိုသို့ သင်တန်းများဖွင့်လှစ်ပေးရာတွင်လည်း နိုင်ငံတော်အစိုးရအနေဖြင့် လက်လွတ်စပယ် ဖွင့်လှစ်ပေးခြင်းမျိုးမဟုတ်ပေ။ အရပ်သားပြည်သူများကို စစ်ပညာသင်ကြားပေးရမည်ဖြစ်၍ သေချာစိစစ်ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ရသည်။ သင်ကြားပေးမည့် နည်းပြများမှအစ စစ်ပညာအခြေခံသင်ခန်းစာများအထိ သေချာမွမ်းမံပြင်ဆင်ရသည်။ ပြည်သူ့စစ်မှုထမ်းသင်တန်း တက်ရောက်ခြင်းဖြင့် ခန္ဓာကိုယ်ပိုင်းဆိုင်ရာကြံ့ခိုင်လာခြင်း၊ အသင်းအဖွဲ့ဖြင့် လုပ်ဆောင်တတ်လာခြင်း၊ အချိန်ကိုက် စစ်သင်တန်းဖြစ်သည့်အတွက် သတ်မှတ်ချိန်အတိုင်း အချိန်ကိုက်လုပ်ဆောင်တတ်လာခြင်း၊ နည်းပြများ၏ သွန်သင်လမ်းညွှန်ပြသပေးမှုကြောင့် စိတ်ဓာတ်နှင့်ခံယူချက်များမြင့်မားလာပြီး ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားတတ်လာခြင်း၊ မိမိကိုယ်တိုင်မှ မိမိ၏မိသားစု၊ မိမိ၏မြို့ရွာ၊ မိမိ၏နိုင်ငံတော်ထိ တန်ဖိုးထားချစ်တတ်လာမည်ဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းဥပဒေဆိုသည်မှာလည်း လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၊ တစ်သင်းတစ်ဖွဲ့အတွက် ရည်ရွယ်ပြဋ္ဌာန်းခဲ့သည့် ဥပဒေမဟုတ်ပေ။ နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကိုစောင့်ထိန်းရန်နှင့် တိုင်းရင်းသားပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်အတွက် စစ်ပညာသင်ကြားပေးကာ နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် နိုင်ငံ၏လူသားအရင်းအမြစ်ကို နိုင်ငံတကာနှင့်ယှဉ်နိုင်ရန် အရည်အသွေးမြှင့်တင်ပေးခြင်းပင်ဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းစနစ်ပြဋ္ဌာန်းခြင်းသည် နိုင်ငံတော်၏ ပစ္စုပ္ပန်နှင့်အနာဂတ်ကိုလည်း ကာကွယ်ခြင်းဖြစ်သည်။ ပြည်သူပြည်သားအားလုံး တည်ငြိမ်အေးချမ်းစွာ နေထိုင်သွားလာနိုင်ရန် သင်တန်းဆင်းပြည်သူ့စစ်မှုထမ်းများအနေဖြင့် နောင်တော်တပ်မတော်သားများနည်းတူ ကိုယ့်နေရပ်၊ ကိုယ့်မြို့ရွာမှသည် မြန်မာနိုင်ငံအနှံ့ တာဝန်ကျရာတပ်ရင်းတပ်ဖွဲ့၊ရုံး၊ ဌာနချုပ်များတွင် ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်ကြရမည်ဖြစ်ပါသည်။ ပြည်သူ့စစ်မှုထမ်းများအနေဖြင့် နိုင်ငံတော်ကာကွယ်ရေးပညာများကို နည်းမှန်လမ်းမှန်အသုံးချကာ နိုင်ငံတော်ကို ကာကွယ်နိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းလိုက်ရပါသည်။ ။

# ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာအစီရင်ခံစာအပေါ် မြန်မာနိုင်ငံ၏ တုံ့ပြန်ချက်

မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၂၁ဒါဇင်ကျော်နှင့်ပတ်သက်သော ဖော်ပြချက်များပါဝင်သည့် ၂၀၂၃ ခုနှစ်အတွက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အစီရင်ခံစာကို ၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၃ ရက်တွင် ထုတ်ပြန်ခဲ့သည်။

အဆိုပါအစီရင်ခံစာပါမြန်မာနိုင်ငံနှင့်ပတ်သက်သည့်ဖော်ပြချက်တွင် အတည်မပြုနိုင်သော သတင်းရင်းမြစ်များနှင့် အစိုးရကိုဆန့်ကျင်သည့် အုပ်စုများထံမှရရှိသော အချက်အလက်များအပေါ် အခြေခံထားသည့် အခြေအမြစ်မရှိသော တစ်ဖက်သတ်စွပ်စွဲချက်များနှင့် မမှန်ကန်သည့် ကိန်းဂဏန်းများပါဝင်သည်ကို တွေ့ရှိရသည်။ ထို့အပြင် အစီရင်ခံစာ၌ ချိုးဖောက်မှုကျူးလွန်သည်ဟုစွပ်စွဲခံရသူများနှင့်ပတ်သက်၍ ရှင်းလင်းစွာ ဖော်ပြထားခြင်းမရှိသဖြင့် ထင်ယောင်ထင်မှားဖြစ်စေသည်။ ထို့ပြင် တပ်မတော်ကကျူးလွန်သည်ဟု စွပ်စွဲဖော်ပြထားသည့် စာရင်းတွင် လက်နက်ကိုင်အဖွဲ့အမျိုးမျိုး၏ ကျူးလွန်မှုများအား ထည့်သွင်းထားသည်ကိုလည်းတွေ့ရှိရသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အထူးကိုယ်စားလှယ်၏ မေတ္တာရပ်ခံချက်အရ မြန်မာအစိုးရက အချက်အလက်များအား အစီရင်ခံစာမထုတ်ပြန်မီ ကြိုတင်ပေးပို့ခဲ့သော်လည်း ယင်းအချက်များကို အစီရင်ခံစာတွင် ထင်ဟပ်ဖော်ပြထားခြင်းမရှိသည်ကို တွေ့ရှိရသည်။

မြန်မာနိုင်ငံသည် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းတွင်ပါဝင်သည့် ကလေးသူငယ်များ၏ အခြေခံအခွင့်အရေးများကို ကာကွယ်စောင့်ရှောက်လျက်ရှိသည်။ ကလေးသူငယ်ဥပဒေ (၁၉၉၃)ကို ပြင်ဆင်အစားထိုးခဲ့သည့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ (၂၀၁၉)တွင် လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများအား အရေးယူအပြစ်ပေးရန် ထည့်သွင်းပြဋ္ဌာန်းထားပြီးဖြစ်သည်။ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီ၏ ဦးဆောင်မှုဖြင့် လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ အမျိုးသားအဆင့်တိုင်ကြားမှုယန္တရားအဖြစ် 4 Digits (1566) Helpline ဝန်ဆောင်မှုကို ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလတွင် စတင်ဆောင်ရွက်ခဲ့သည်။

အရွယ်မရောက်သေးသူများအား စစ်မှုထမ်းစေသည်ဟူသော စွပ်စွဲမှုများနှင့်စပ်လျဉ်း၍ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးရေးကော်မတီသည် ကုလသမဂ္ဂစောင့်ကြည့်လေ့လာအစီရင်ခံတင်ပြရေးလုပ်ငန်းအဖွဲ့ (UN Country Task Force on Monitoring and Reporting)နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ကော်မတီအနေဖြင့် ၂၀၁၂ ခုနှစ်မှစ၍ CTFMR နှင့် အစည်းအဝေးစုစုပေါင်း ၅၈ ကြိမ်ကျင်းပခဲ့ပြီးဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် CTFMR ၏ စုံစမ်းချက်များအပေါ် အချက်အလက်အထောက်အထားများဖြင့် ပြန်ကြားလျက်ရှိသည်။ ၂၀၂၃ ခုနှစ်အတွင်း CTFMR ကစုံစမ်းသည့် အသက်မပြည့်သူဟု သံသယရှိသူစုစုပေါင်း ၉ ဦးသာရှိခဲ့သော်လည်း ယခုအစီရင်ခံစာတွင် တပ်မတော်က ၂၀၂၃ ခုနှစ်အတွင်း အသက်မပြည့်သေးသူ ၁၁၀၂ ဦးကို စစ်မှုထမ်းစေခဲ့သည်ဟု ချဲ့ကားဖော်ပြထားသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် အစီရင်ခံစာတွင်ပါဝင်သည့် အခြေအမြစ်မရှိသော စွပ်စွဲချက်များကို ကန့်ကွက်ပယ်ချပြီး၊ အပြုသဘောဆောင်သောချဉ်းကပ်မှုဖြင့် မျှတမှုရှိပြီး ယုံကြည်လက်ခံနိုင်သော အစီရင်ခံစာများကိုထုတ်ပြန်ရန် ကုလသမဂ္ဂအားတောင်းဆိုသည်။

**လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ်**
**ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီ**
**၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၅ ရက်**

---

နေပြည်တော် ဇွန် ၂၅

## နိုင်ငံတကာညီလာခံနှင့် (၁၂)ကြိမ်မြောက် နိုင်ငံတကာဥပဒေရေးရာဖိုရမ်သို့ တက်ရောက်ရန် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့သို့ထွက်ခွာ



ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဥက္ကဋ္ဌ H.E. Mr. Valery D.Zorkin ၏ ဖိတ်ကြားချက်အရ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့တွင် "Protection of Rights and Constitutional Supervision" ခေါင်းစဉ်ဖြင့် ကျင်းပမည့် နိုင်ငံတကာညီလာခံ (International Conference)နှင့် (၁၂) ကြိမ်မြောက် နိုင်ငံတကာဥပဒေရေးရာဖိုရမ် (XII St. Petersburg International Legal Forum) သို့ တက်ရောက်ရန်အတွက် ယမန်နေ့ ညနေပိုင်းက ရန်ကုန်မြို့မှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ နိုင်ငံတကာညီလာခံနှင့် (၁၂) ကြိမ်မြောက် နိုင်ငံတကာဥပဒေရေးရာဖိုရမ်သို့တက်ရောက်ရန် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်းနှင့်အတူ အဖွဲ့ဝင် ဦးခင်မောင်ဦး လိုက်ပါသွားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

နေပြည်တော် ဇွန် ၂၅

## ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတွင် ခရီးသွားစစ်တမ်းကောက်ယူတွေ့ရှိချက်များ မိတ်ဆက်ခြင်းအခမ်းအနားကျင်းပ





ခရီးသွားစစ်တမ်းကောက်ယူတွေ့ရှိချက်များ မိတ်ဆက်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း၊ တစ်မျိုးသားလုံးဆိုင်ရာစာရင်းအင်းလုပ်ငန်းအဖွဲ့ (National Account Cluster) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ဗဟိုစာရင်းအင်းအဖွဲ့(CSO)နှင့် ဆက်စပ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ နေပြည်တော် ဟိုတယ်နှင့်ခရီးသွားဆိုင်ရာအသင်းအဖွဲ့များမှ တာဝန်ရှိသူများတက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ စီးပွားရေးရာဝန်ကြီးများနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မုံရွာစီးပွားရေးတက္ကသိုလ်၊ အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်၊ မန္တလာတက္ကသိုလ်တို့မှ ပါမောက္ခချုပ်၊ တွဲဖက်ပါမောက္ခများနှင့် ဆရာ၊ ဆရာမများ၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးခွဲများမှ အရာထမ်း၊ အမှုထမ်းများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများက Online ဖြင့် တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက စစ်တမ်းကောက်ယူနိုင်ရေးအတွက် ဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများဦးဆောင်၍ မြို့ပေါင်း ၁၉ မြို့ရှိ ပြည်တွင်းလေဆိပ်များ၊ ခရီးသွားဆွဲဆောင်ရာနေရာများ၊ အဝေးပြေးကားဂိတ်များ၊ မီးရထားဘူတာရုံများ၊ အပြည်ပြည်ဆိုင်ရာဝင်ပေါက်များနှင့် နယ်စပ်ဝင်ပေါက်များ၌ သတ်မှတ်အရေအတွက်အတိုင်းပြည့်မီအောင်ကောက်ယူခဲ့ပြီး စစ်တမ်းကောက်ယူခြင်း နည်းပညာရပ်များပါအတိုင်း အဆင့်ဆင့်ဆောင်ရွက်ခဲ့ကြောင်း၊ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဆိုင်ရာ သုတေသနကဏ္ဍဖွံ့ဖြိုးတိုးတက်လာပြီး တိကျမှန်ကန်သည့် မူဝါဒ၊ ပန်းတိုင်များချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်မျိုးနိုင်က ပြည်တွင်း၊ ပြည်ပခရီးသွားစစ်တမ်းကောက်ယူတွေ့ရှိချက်များကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးအကြံပြုကြကာ ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးပြီး ဆက်လက်ဆောင်ရွက်သွားရမည့် ကိစ္စရပ်များကို ပြောကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ရေချိုကိုတန်ဖိုးထား ကမ္ဘာကြီးကိုစောင့်ရှောက်

**မော်သာထွေး(မန္တလေး)**

**ယမန်နေ့မှအဆက်**

တတိယတစ်ခုမှာ ၂၀၁၁ ခုနှစ်တွင် ဂျပန်နိုင်ငံ Fukushima Daiichi နျူကလီးယားဓာတ်ပေါင်းဖိုသည် သမုဒ္ဒရာတွင်ဖြစ်ပွားခဲ့သော ငလျင်ပင်မဗဟိုချက်၏အရှိန်ကြောင့် ဆူနာမီဟုခေါ်သည့် ဧရာမလှိုင်းလုံးကြီးများ ကမ်းခြေသို့ ရိုက်ခတ်မှုဒဏ်ကိုခံခဲ့ရသည်။

နည်းပညာမြင့်မားသည့်ပစ္စည်းများ အဆင်သင့်ပိုင်ဆိုင်ထားသည့်နိုင်ငံလည်းဖြစ်၊ စနစ်တကျစီမံဆောင်ရွက်နိုင်သော ပညာရှင်နှင့်ကျွမ်းကျင်သူများ အဆင်သင့်ရှိနေသောနိုင်ငံလည်းဖြစ်သည့်အတွက် ကြိုးစားထိန်းချုပ်နိုင်ခဲ့သည်။

သို့သော် ရေဒီယိုသတ္တိကြွပစ္စည်းတချို့ ပင်လယ်ထဲသို့ရောက်ရှိကုန်သည်။ အားလုံးတုန်လှုပ်ခဲ့ကြရသည်။ သတင်းတစ်ရပ်အရ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက်(ဖြစ်ပွားပြီး ၆ နှစ်ကြာ)အထိ ဤဖြစ်စဉ်ကြောင့် ဆက်စပ်သေဆုံးသူဦးရေ ၂၁၂၉ ဦးရှိသည်ဟု သိရသည်။

၂၀၂၁ ခုနှစ် ဩဂုတ်လအထိ ၎င်းစက်ရုံမတော်တဆမှုကြောင့် ထွက်ရှိလာသောအရည်များကို သိုလှောင်ကန်များထဲမှာပင် သိုလှောင်ထားရသေးသည်။ သတင်းတစ်ပုဒ်အရ ၎င်းအရည်များကို ပင်လယ်အနက်ပိုင်း အောက်ခြေအရောက် ရှည်လျားသော ကွန်ကရစ်ပိုက်ကြီးမြှုပ်၍ ပို့လွှတ်ဖြေရှင်းမည်ဟု ဆိုသည်။

ဤသို့ ၁၄ မီတာ(၄၆ ပေ)ခန့်ထိမြင့်မားသော လှိုင်းလုံးကြီးများ စက်ရုံသို့ရောက်ရှိလာမည်ဟု မခန့်မှန်းမိခဲ့ကြပါ။ ဤဖြစ်စဉ်ကြောင့် ဂျပန်ပြည်သူအများစုသည် နျူကလီးယားဓာတ်ပေါင်းဖိုဖြင့် ဓာတ်အားထုတ်လုပ်မှုကို ဆန့်ကျင်ဆန္ဒဖော်ထုတ်ကြသည်အထိဖြစ်ခဲ့သည်။ စက်ရုံများရပ်ဆိုင်းပေးရန် တောင်းဆိုကြသည်။ အစိုးရကလိုက်လျောပြီး စက်ရုံများရပ်ဆိုင်းပေးခဲ့ရသည်။ ဤစက်ရုံများဖြင့် ဖြန့်ဖြူးထားသောဓာတ်အားမှာ ထိုစဉ်က တစ်နိုင်ငံလုံး၏ ၂၀ ရာခိုင်နှုန်းကျော်ရှိနေရာ ဂျပန်တစ်နိုင်ငံလုံး လျှပ်စစ်အကျပ်အတည်းဖြစ်ပေါ်ခဲ့သည်။

အချိန်မီ ဓာတ်အားအသုံးလျှော့ချမှု နည်းပေါင်းစုံကိုသုံး၍လျှော့ကြသည်။ လေအေးပေးစက်များ၏ခွင့်ပြုဒီဂရီကိုပင် သတ်မှတ်ပေးပြီး ထိန်းချုပ်ခဲ့သည်။ မိတ်ဆွေတစ်ဦးပြောပြချက်အရ ၎င်းကာလအတွင်း လေအေးပေးစက် (Air Conditioner) များကို ၂၈ ဒီဂရီစင်တီဂရိတ်၏အောက်ကို ချ၍မောင်းခွင့်မပြုဟုသိရသည်။

ဤနျူကလီးယားဓာတ်ပေါင်းဖိုဖြစ်စဉ်မှာ Chernobyl ဓာတ်ပေါင်းဖိုမတော်တဆမှုပြီးလျှင် ဒုတိယအကြီးဆုံးမတော်တဆမှုဟု ကမ္ဘာကသတ်မှတ်ခဲ့သည်။

နောက်ထပ်အကျပ်အတည်းတစ်ခုမှာ နျူကလီးယားဓာတ်ပေါင်းဖိုများမှထွက်ရှိလာသည့် စွန့်ပစ်ပစ္စည်းဖျက်ဆီးမှုကိစ္စဖြစ်သည်။ ယနေ့အထိ မြေအောက်တွင်ကျင်းတူးပြီး အလုံပိတ်ရေလုံကွန်ကရစ်ကန်ကြီးများပြုလုပ်၍သာ ဖျက်ဆီးထိန်းသိမ်းထားရဆဲဖြစ်သည်။ ဤပြဿနာမှာ ရေရှည်ရင်ဆိုင်ရမည့်ပြဿနာဖြစ်သည်။ လက်ရှိ မိမိနိုင်ငံအခြေအနေနှင့် ကိုက်ညီမှု ရှိ၊ မရှိ စဉ်းစားရန်ရှိနေသည်။

ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အရင်းအမြစ်တစ်ခုဖြစ်သည့် ဘူမိအပူစွမ်းအင်မှာ ကမ္ဘာမြေထု၏ အလယ်ဗဟိုမှထွက်ရှိနေသည့်အပူကို ရယူ၍ ရေနွေးငွေ့ဓာတ်အားပေးစက်ရုံလည်ပတ်မှုဖြစ်သည်။ ဤအပူစွမ်းအင်အတွက် ဖြစ်နိုင်ခြေရှိသောနေရာတချို့တွင် မြေမျက်နှာပြင်အောက် ၅ မိုင်ကျော်အထိလွန်တူး၍ ရေဖိသွင်းရာမှ ပြန်လည်ထွက်ရှိလာသောရေပူ၏ရေနွေးငွေ့ကို ဖမ်းယူခြင်းဖြစ်သည်။ နေရာတိုင်းတွင် ဆောင်ရွက်၍မရသလို ရသည့်နေရာတိုင်းတွင်လည်း စီးပွားဖြစ်မထွက်ရှိပါ။ မီးတောင်ပေါက်ကွဲမှုမကြာခဏဖြစ်တတ်သည့် တချို့သောနိုင်ငံများတွင်မူ လက်တွေ့ဆောင်ရွက်နိုင်သည့်အခြေအနေရှိသည်။

ဖော်ပြခဲ့မှုများအပေါ် ခြုံငုံသုံးသပ်လျှင် ပြန်လည်ပြည့်ဖြိုးမြဲရေကို သုံးစွဲ၍ လျှပ်စစ်ထုတ်ခြင်းသည် ရေကို လိုသလိုပုံသွင်းယူနိုင်ခြင်း၊ ဓာတ်အားလိုလျှင် လိုသလိုထိန်းချုပ်နိုင်ခြင်းများအပြင် ဖြစ်လာနိုင်သည့် ဘေးထွက်ဆိုးကျိုးများကိုလည်း ကြိုတင်ကာကွယ်နိုင်ခြင်း၊ ဖြစ်လာပါကလည်း ပြန်လည်ကုစားမှုပြုနိုင်ခြင်း စသည့်အကျိုးများကိုရရှိစေနိုင်သည်။ ၂၀၂၀ ပြည့်နှစ်စာရင်းအရ ကမ္ဘာ့ဓာတ်အားထုတ်လုပ်သုံးစွဲမှုအားလုံးတွင် ရေအားဖြင့်ဓာတ်အားထုတ်လုပ်မှုသည် ၁၇ ရာခိုင်နှုန်းခန့်အထိပါဝင်နေသည်။ သို့သော် ဤပမာဏသည် တိုးချင်တိုင်းတိုးမရတော့ပေ။ အကြောင်းမှာ ပြန်လည်ပြည့်ဖြိုးမြဲရေသည် နေရာတိုင်း၊ နိုင်ငံတိုင်းတွင် အလုံအလောက်မရှိကြ၍ဖြစ်သည်။

ရေအားဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို နှစ်မျိုးနှစ်စားခွဲခြားလေ့လာနိုင်သည်။

ပထမတစ်မျိုးမှာ ရေစီးအားသုံး(Run-off-River Type)(RoR) ဓာတ်အားပေးစက်ရုံနှင့် ဒုတိယတစ်မျိုးမှာ တမံသိုလှောင်ရေသုံး (Reservoir Type) ဓာတ်အားပေးစက်ရုံဖြစ်သည်။

ပထမဦးစွာ Run-off-River Type(RoR) စက်ရုံအကြောင်း အနည်းငယ်ရှင်းပြပါမည်။

RoR Type သည် မူလစီးဆင်းနေသော ချောင်း/မြစ်မှရေကို စီးဆင်းရေအတိုင်း ရေသွယ်စနစ်တစ်ခုဖြင့်လွှဲယူ၍ ဓာတ်အားပေးစက်များကို လည်ပတ်စေပြီး ချောင်းအတွင်းသို့ ရေပြန်ချပေးသောစနစ်ဖြစ်သည်။

RoR Type စီမံကိန်းတွင် ဓာတ်အားပေးစက်ရုံသို့ ရေသွယ်ယူရန် ချောင်းပေါ်တွင် သင့်လျော်သောအမြင့်ရှိသည့် ရေတားတစ်ခုကိုတည်ဆောက်ပေးရန်လိုအပ်သည်။ ရေတားတမံကို ပစ္စည်းမျိုးစုံဖြင့် တည်ဆောက်နိုင်သော်လည်း ခိုင်ခံ့စေရန် ကွန်ကရစ်ဖြင့်ဆောင်ရွက်ကြသည်။

မုတ်သုံရာသီဥတုသက်ရောက်သောချောင်းတိုင်းသည် ရာသီအလိုက် ရေစီးနှုန်းအပြောင်းအလဲ ကြီးမားစွာရှိနိုင်သည်။ ခြောက်သွေ့ရာသီတွင် ချောင်းရေနည်းပါးလာသည့်အခါ RoR Type ဓာတ်အားပေးစက်များ မောင်းနှင်ရန် ရေမလုံလောက်သည်အထိ ဖြစ်လာတတ်သည်။ ဤသို့ဖြစ်လာပါက နေ့စဉ်ဓာတ်အားအသုံးနည်းပါးသည့်အချိန်များတွင် စက်များကိုရပ်၍ ရေထိန်းတမံထဲတွင် ရေစုရသည်။ ရေထိန်းတမံတွင် ရေသိုလှောင်နိုင်မှုပမာဏအပေါ် မူတည်၍ ဓာတ်အားထုတ်လုပ်ပေးသည်။

တစ်ဖန် မိုးကြီးသည့်ကာလများတွင်လည်း တပ်ဆင်ထားသော စက်များမှ သုံးနိုင်သလောက်သာ ရေကိုအကျိုးရှိအောင်အသုံးချနိုင်ပြီး ပိုလျှံနေသောရေအများစုမှာ ချောင်းတစ်လျှောက် ရေထိန်းတမံအပေါ်မှ ကျော်ဆင်းသွားသည်။ ဤဖြစ်ရပ်မျိုးသည် မိုးရာသီ (ဇွန်လ၊ ဇူလိုင်လ၊ ဩဂုတ်လ၊ စက်တင်ဘာလ) စသည့် လေးလခန့်တွင် တွေ့ကြုံရသည်။ ဤသို့ ရေကျော်မှ ရေကျော်ဆင်းသည့်အချိန်နှင့်ပမာဏသည် ကြာမြင့်ပြီး များပြားသည်ဖြစ်၍ ရေထိန်းတမံတည်ဆောက်ရာတွင် လုံလောက်သော အကျယ်ရှိသည့် ကွန်ကရစ်ရေကျော်ပြုလုပ်ထားမှသာ စီးဆင်းရေများ ကောင်းမွန်စွာ ကျော်ကျစီးဆင်းသွားနိုင်မည်ဖြစ်သည်။ သို့ပါ၍ ဤကဲ့သို့သော RoR စီမံကိန်းတိုင်းတွင် ချောင်းကိုကန့်လန့်ဖြတ်တည်ဆောက်သော ကွန်ကရစ်ရေထိန်းတမံအလျားသည် ချောင်းအကျယ်အတိုင်း ထည့်သွင်းတည်ဆောက်ကြခြင်းဖြစ်သည်။ ချောင်းကြမ်းပြင်သည် ကျောက်သားဖြစ်ရမည်ဆိုသောအချက်သည် ဤကိစ္စကိုရည်ညွှန်းခြင်းဖြစ်သည်။

> "မုတ်သုံရာသီဥတုသက်ရောက်သော ချောင်းတိုင်းသည် ရာသီအလိုက် ရေစီးနှုန်းအပြောင်းအလဲ ကြီးမားစွာရှိနိုင်သည်။ ခြောက်သွေ့ရာသီတွင် ချောင်းရေနည်းပါးလာသည့်အခါ RoR Type ဓာတ်အားပေးစက်များမောင်းနှင်ရန် ရေမလုံလောက်သည်အထိ ဖြစ်လာတတ်သည်။ ဤသို့ဖြစ်လာပါက နေ့စဉ်ဓာတ်အားအသုံးနည်းပါးသည့်အချိန်များတွင် စက်များကိုရပ်၍ ရေထိန်းတမံထဲတွင် ရေစုရသည်။ ရေထိန်းတမံတွင် ရေသိုလှောင်နိုင်မှုပမာဏအပေါ် မူတည်၍ ဓာတ်အားထုတ်လုပ်ပေးသည်. . ."

ဤစီမံကိန်းမျိုးတည်ဆောက်ခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးမှာ ရေဝပ်ဧရိယာကျဉ်း၍ သဘာဝပတ်ဝန်းကျင်နှင့်လူမှုဝန်းကျင် သက်ရောက်မှုနည်းပါးသည်။ လုပ်ငန်းမရှုပ်ထွေးသည့် RoR စက်ရုံဖြစ်ပါက တည်ဆောက်မှုမှာ နှစ်နှစ်မှလေးနှစ်အတွင်း ပြီးစီးနိုင်သည်။

ကုန်ကျစရိတ်တွင်မူ လုပ်ငန်းပမာဏနည်းပါး၍ သက်သာမည်ဟု ထင်ရသော်လည်း တစ်နှစ်ပတ်လုံးထွက်ရှိနိုင်သည့်ဓာတ်အားနှင့်ချိန်ထိုးပါက ဈေးသက်သာသည်ဟု မဆိုနိုင်ပေ။ အသုံးစရိတ်နည်းသလို ပြန်ရသည့်အကျိုးကျေးဇူးကလည်း လိုက်လျောညီထွေမှုနည်းသည်။

သို့သော် ဘီလူးချောင်း(၂)၊ နန်ချိုနှင့် ကျိုင်းတောင်းတို့ကဲ့သို့သော မြစ်ကြမ်းပြင်လျှောစောက်ကွာဟမှုကို များနိုင်သမျှများအောင်ရယူပြီး ထိရောက်စွာအသုံးချနိုင်သော RoR Type စက်ရုံများမှာမူ အကျိုးကျေးဇူးကောင်းစွာရရှိကြသည်။

ဤသို့သောစီမံကိန်းမျိုးကို တည်ဆောက်သင့်သောနေရာများမှာ မြစ်အတွင်းရေကြောင်းသွားလာမှုမရှိသော တောတောင်ထူထပ်သည့်နေရာ၊ မြစ်၊ ချောင်း၏ကြမ်းပြင်လျှောစောက်မတ်စောက်သော ရေတံခွန်၊ ရေကျ (Waterfalls, Rapids) စသည့် မြေမျက်နှာပြင်အားသာချက်ရှိသောဒေသနှင့် အောက်ခံချောင်းကြမ်းပြင် အမာခံကျောက်သားရှိသည့်နေရာများမှာသာ သင့်လျော်သည်။

**ဆက်လက်ဖော်ပြပါမည်။**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက် အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Accountများအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# BUSINESS

## ထိုင်းနိုင်ငံ၏မော်တော်ကားထုတ်လုပ်မှု ယမန်နှစ်ကထက် ၁၆ ဒသမ ၂ ရာခိုင်နှုန်းကျဆင်း



ပြီးခဲ့သည့်မေလအတွင်း ထိုင်းနိုင်ငံ၏ မော်တော်ကားထုတ်လုပ်မှုပမာဏသည် ယမန်နှစ်ကထက် ၁၆ ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းလာသည်။

အထူးသဖြင့် ကုန်တင်ပစ်ကပ်ကားများ ထုတ်လုပ်မှုကျဆင်းလာခြင်းကြောင့် မေလအတွင်းမော်တော်ကားအစီးရေ ၁၂၆၁၆၁ စီးသာထုတ်လုပ်နိုင်သည်ဟု ထိုင်းစက်မှုလုပ်ငန်းအဖွဲ့ချုပ်က ဇွန်လ ၂၅ ရက်တွင် ထုတ်ပြန်သည်။

ဧပြီလတွင် မော်တော်ကားထုတ်လုပ်မှုမှာ ၂၀၂၃ ခုနှစ်ကထက် ၁၁ ဒသမ ၀၂ ရာခိုင်နှုန်းကျဆင်းသည့်အတွက် ထိုင်းနိုင်ငံ၏မော်တော်ကားထုတ်လုပ်မှုပမာဏ ဆက်တိုက်ကျဆင်းလာခြင်းဖြစ်သည်။

ယခုနှစ်၏ ပထမငါးလတာကာလအတွင်းမှာမူ မော်တော်ကားအစီးရေ ၆၄၄၉၅၁ စီးသာထုတ်လုပ်နိုင်သည့်အတွက် ယမန်နှစ်ကထက် ၁၆ ဒသမ ၈၈ ရာခိုင်နှုန်းကျဆင်းလာသည်ကိုတွေ့ရသည်။

ယခုကဲ့သို့ မော်တော်ကားထုတ်လုပ်မှုကျဆင်းလာရခြင်းမှာ အိမ်ရာချေးငွေများမြင့်တက်လာစဉ် ဘဏ်များက မော်တော်ကားဝယ်ယူမှုအတွက်ချေးငွေများထုတ်ပေးခြင်းမူဝါဒကို တင်းကျပ်ထားသောကြောင့်ဖြစ်သည်ဟု စက်မှုလုပ်ငန်းအဖွဲ့ချုပ်၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

အလားတူ ပြည်တွင်းမော်တော်ကားရောင်းချရမှုမှာလည်း ယမန်နှစ်ကထက် ဧပြီလတွင် ၂၁ ဒသမ ၄၉ ရာခိုင်နှုန်းကျဆင်းရာမှ မေလတွင် ၂၃ ဒသမ ၃၈ ရာခိုင်နှုန်းအထိကျဆင်းလာသည်။

ထိုင်းနိုင်ငံသည် အရှေ့တောင်အာရှ၌ မော်တော်ကားထုတ်လုပ်မှုဌာနကြီးတစ်ခုဖြစ်ပြီး ကမ္ဘာ့ထိပ်တန်းမော်တော်ကားထုတ်လုပ်သူများအတွက် တင်ပို့မှုစခန်းတစ်ခုလည်းဖြစ်ကြောင်း သိရသည်။ ***Ref: RTA***

***K.H***

## BYD က တတိယမြောက် EV ကားကို ဂျပန်နိုင်ငံ၌ မိတ်ဆက်ပြသ




တရုတ်နိုင်ငံမှ BYD ကုမ္ပဏီက ၎င်းတို့၏ တတိယမြောက် EV မော်တော်ကားကို ဂျပန်နိုင်ငံ၌ မိတ်ဆက်ပြသလိုက်ပြီဖြစ်ကြောင်း ဇွန်လ ၂၅ ရက်တွင်ထုတ်ပြန်သည်။

အဆိုပါကားသည် ဇိမ်ခံဆီဒင်ကားအမျိုးအစားဖြစ်ပြီး ပြည်တွင်းထုတ်မော်တော်ကားများကိုသာ နှစ်သက်လေ့ရှိသည့် ဂျပန်မော်တော်ကားဈေးကွက်၌ ဈေးအကြီးဆုံးသောဇိမ်ခံကားတစ်စီးဖြစ်လာမည်ဖြစ်သည်။

ယခုမိတ်ဆက်ပြသလိုက်သော EV ကားမှာ BYD ကုမ္ပဏီ၏အထင်ကရဖြစ်သော Seal အမျိုးအစားဖြစ်ပြီး ဇွန်လ ၂၅ ရက်မှစ၍ အမှာစာများကိုလက်ခံနေပြီဖြစ်ကြောင်း ကုမ္ပဏီ၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

နောက်ယက်အမျိုးအစားဖြစ်သည့် အဆိုပါကား၏ဂျပန်နိုင်ငံအတွက်လက်လီဈေးနှုန်းမှာ ယန်း ၅ ဒသမ ၂၈ သန်း (အမေရိကန်ဒေါ်လာ ၃၃၀၀၀ ကျော်) ရှိမည်ဖြစ်သည်။

တရုတ်ပြည်တွင်းတွင်မူ ၎င်း၏ကနဦးသတ်မှတ်ဈေးနှုန်းမှာ ယွမ် ၁၇၉၈၀၀ (အမေရိကန်ဒေါ်လာ ၂၄၀၀၀ ကျော်) သာဖြစ်သည်။

ပြီးခဲ့သည့်နှစ်တွင် BYD က ဂျပန်ဈေးကွက်သို့ Atto 3 နှင့် Dolphin အမျိုးအစား EV များကိုမိတ်ဆက်ကာ အစီးရေ ၂၅၀၀ ခန့်ရောင်းချထားနိုင်သည်။

BYD အနေဖြင့် ဂျပန်နိုင်ငံမော်တော်ကားဈေးကွက်အထိထိုးဖောက်လာမှုမှာ ဂျပန်ပြည်တွင်းမော်တော်ကားထုတ်လုပ်သူများအတွက် စိုးရိမ်ရမည့်ကိစ္စတစ်ခုဖြစ်လာသည်။

BYD က ဂျပန်ဈေးကွက်အတွက် ဘက်ထရီစွမ်းအင်သုံးမော်တော်ကားများကိုသာ တင်သွင်းရောင်းချသွားမည်ဖြစ်ပြီး ဘက်ထရီနှင့်လောင်စာဆီအသုံးပြုသည့်မော်တော်ကားများကိုမူတင်သွင်းမည်မဟုတ်ကြောင်းသိရသည်။ ***Ref: RTA***

***K.H***

## အိန္ဒိယနိုင်ငံ၌ ဒစ်ဂျစ်တယ်ငွေကြေးအသုံးပြုမှုနည်းပါးလာ

အိန္ဒိယနိုင်ငံ၌ ဒစ်ဂျစ်တယ်ငွေကြေးဖြစ်သည့် e-rupee ကိုအသုံးပြုမှုနည်းပါးလာကြောင်း သတင်းအရင်းအမြစ်များကပြောသည်။

အဆိုပါဒစ်ဂျစ်တယ်ငွေကြေးကိုအသုံးပြုမှုပမာဏသည် ယမန်နှစ် ဒီဇင်ဘာလတွင် အမြင့်ဆုံးသို့ရောက်ရှိခဲ့ပြီးနောက် ယခုအခါ ထိုအမြင့်ဆုံးပမာဏ၏ ၁၀ ပုံ ၁ ပုံသာရှိတော့သည်။

ကမ္ဘာပေါ်ရှိနိုင်ငံအများအပြားကလည်း ဒစ်ဂျစ်တယ်ငွေကြေးကို ပြည်သူများ၏ထောက်ခံအားပေးမှုရရှိရန် ကြိုးပမ်းနေရသည်။ အိန္ဒိယဗဟိုဘဏ်က ငွေစက္ကူများအစား e-rupee ကိုဒစ်ဂျစ်တယ်ငွေကြေးအဖြစ် သတ်မှတ်အသုံးပြုရန် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် စတင်အကောင်အထည်ဖော်လိုက်ခြင်းဖြစ်သည်။

ထို့နောက် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလတွင် တစ်ရက်လျှင်ဒစ်ဂျစ်တယ်ငွေကြေးလွှဲပြောင်းမှုနှုန်းထားမှာ သတ်မှတ်ပမာဏဖြစ်သည့် တစ်သန်းသို့ရောက်ရှိလာသည်။

ထိုသို့ သတ်မှတ်ပမာဏသို့ရောက်ရှိလာခြင်းမှာ အစိုးရကစီမံချက်များချမှတ်ကာ မက်လုံးများပေး၍မဖြစ်မနေရရှိအောင် လုပ်ဆောင်ခဲ့ခြင်းကြောင့်ဖြစ်သော်လည်း ယခုအခါ ထိုမက်လုံးများမပေးတော့သည့်အတွက် တစ်ရက်လျှင်ဒစ်ဂျစ်တယ်ငွေကြေးလွှဲပြောင်းမှုနှုန်းထားမှာ တစ်သိန်းဝန်းကျင်သာရှိတော့ကြောင်းသိရသည်။ ***Ref: RTA***

***K.H***

# TECHNOLOGY

## တရုတ်၏လဆင်းယာဉ်က နမူနာများနှင့်အတူ ကမ္ဘာသို့ပြန်ရောက်လာ

လ၏တောင်ဝင်ရိုးစွန်းမှ နမူနာများကို သယ်ဆောင်လာသော တရုတ်နိုင်ငံမှ လဆင်းယာဉ်က ဇွန်လ ၂၅ ရက်တွင် ကမ္ဘာသို့ပြန်ရောက်လာပြီဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံကလွှတ်တင်လိုက်သော Chang'e-6 အာကာသယာဉ်မှ ဆင်းသက်ယာဉ်သည် အတွင်းမွန်ဂိုလီးယားဒေသရှိ ကြိုတင်သတ်မှတ်ထားသောနေရာသို့ ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီ ၇ မိနစ်တွင် ဆင်းသက်နိုင်ခြင်းဖြစ်သည်။

ထို့ကြောင့် တရုတ်နိုင်ငံ၏အဆိုပါရည်မှန်းချက်သည် အောင်မြင်မှုရရှိကြောင်း အမျိုးသားအာကာသအုပ်ချုပ်မှုအဖွဲ့က ထုတ်ပြန်ထားသည်။

လဆင်းယာဉ်ကသယ်ဆောင်လာသည်များမှာ ကမ္ဘာ၏မျက်နှာချင်းဆိုင်နေရာမှ တစ်ဖက်ရှိ မြေသားများနှင့် ကျောက်ခဲများဖြစ်သည်။


လပေါ်ရှိအဆိုပါနေရာသည် ကမ္ဘာမှ အာကာသယာဉ်များရောက်နိုင်ရန်ခဲယဉ်းလှသည့်နေရာဖြစ်ပြီး သုတေသနပြုရေးအတွက် အကောင်းဆုံးသောနမူနာများရရှိနိုင်သည့်နေရာဖြစ်ကြောင်း သိပ္ပံပညာရှင်များကပြောသည်။

အဆိုပါနမူနာများကိုစမ်းသပ်စစ်ဆေးခြင်းအားဖြင့် လဖြစ်ပေါ်လာပုံနှင့် ယခုအခြေအနေအထိပြောင်းလဲလာပုံများကို သိရှိနိုင်မည်ဖြစ်သည်။

တရုတ်နိုင်ငံသည် Chang'e-6 အာကာသယာဉ်ကို မေလ ၃ ရက်တွင်လွှတ်တင်လိုက်ခြင်းဖြစ်ပြီး ယင်းနောက်တစ်လအကြာတွင် လဆင်းယာဉ်က လပေါ်ရှိသတ်မှတ်နေရာသို့ဆင်းသက်ကာ နမူနာများကိုသယ်ဆောင်ပြီး ပြန်လာနိုင်ခြင်းဖြစ်ကြောင်း သိရသည်။

***Ref: RTA***

***K.H***



## အင်ဒိုနီးရှားဒေတာစင်တာ ဟက်ကာတို့၏တိုက်ခိုက်မှုခံရ

အင်ဒိုနီးရှားနိုင်ငံ၏ အမျိုးသားဒေတာစင်တာသည် ဟက်ကာတို့၏တိုက်ခိုက်မှုခံရကာ ပြန်ရွေးငွေအဖြစ် အမေရိကန်ဒေါ်လာ ၈ သန်းအတောင်းခံရကြောင်းသိရသည်။

အဆိုပါဒေတာစင်တာသည် အစိုးရရုံးဌာနရာပေါင်းများစွာနှင့်ချိတ်ဆက်ထားသည့်အတွက် ဟက်ကာတို့၏တိုက်ခိုက်မှုခံရခြင်းကြောင့် လေဆိပ်၏လူဝင်မှုကြီးကြပ်ရေးတွင်လည်း လူတန်းရှည်ဖြင့်စောင့်ဆိုင်းရမှုဖြစ်ပေါ်သည်။

ထိုသို့တိုက်ခိုက်ခံရမှုသည် ပြီးခဲ့သည့်သီတင်းပတ်တွင်ဖြစ်ပွားခြင်းဖြစ်ကြောင်းနှင့် ဇွန်လ ၂၄ ရက်တွင်မူ လုပ်ငန်းများအားလုံး ပုံမှန်အတိုင်းလည်ပတ်နိုင်နေပြီဖြစ်ကြောင်း ဆက်သွယ်ရေးဝန်ကြီးဌာနမှတာဝန်ရှိသူတစ်ဦးကပြောသည်။

လက်ရှိအချိန်တွင် တာဝန်ရှိသူများသည် Brain Cipher ဟုအမည်ရှိသော ခြိမ်းခြောက်ငွေညှစ်သည့်ကွန်ပျူတာဗိုင်းရပ်ကို စုံစမ်းစစ်ဆေးမှုများလုပ်ဆောင်နေသည်။

အင်ဒိုနီးရှားနိုင်ငံသည် ဆိုက်ဘာလုံခြုံရေးအားနည်းသည့်မှတ်တမ်းလည်းရှိဖူးကာ အွန်လိုင်းမှနေ၍ သတင်းအချက်အလက်များ မကြာခဏပေါက်ကြားမှုဖြစ်ပွားလေ့ရှိကြောင်းသိရသည်။

***Ref: RTA***

***K.H***

နေပြည်တော် ဇွန် ၂၅

# တရားမဝင်သစ်မျိုးစုံနှင့်စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များဖမ်းဆီးရမိ



မွန်ပြည်နယ်အတွင်း၌ ဖမ်းဆီးရမိမှု။





ရန်ကုန်တိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **ဇွန်လ ၂၄ ရက်** တွင် မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သထုံမြို့၊ အောက်ကျင်း ရပ်ကွက်၊ အောင်မြေရွှေဘုံ (၁)လမ်း၊ အိမ်အမှတ်(၃၉၅)နှင့် သထုံမြို့၊ အောက်ကျင်း ရပ်ကွက်၊ အုတ်ဖိုတန်းလမ်း၊ အိမ်အမှတ် (၄၇၅-က)တို့၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် Golden Mountain ခရုဆီ (၄၄၄)ပုလင်း၊ ပုစွန်နှစ်ကောင် စားအုန်းဆီ (၁)လီတာပါ (၉၆)ဘူး၊ (၂)လီတာပါ (၄၈)ဘူးနှင့် (၅) လီတာပါ (၁၂)ဘူးအပါအဝင် ကုန်ပစ္စည်း (၄၂)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉၈၅၀၀၀)**ကိုဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဇွန်လ ၂၄ ရက်**တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒဂုံအရှေ့ပိုင်းခရိုင်၊ ကျန်စစ်သားလမ်းမကြီး၊ (၆)ရပ်ကွက်၊ အမှတ် (၆၇၄)၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ပုစွန်နှစ်ကောင်စားအုန်းဆီ (၁၈)လီတာပါ (၄၅)ဘူး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၂၅၀၀၀) ကိုလည်းကောင်း၊ ရွာသာကြီး Dry Port ၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့မောင်းနှင်လာသော မော်တော်ယာဉ်(၁)စီးနှင့် မန္တလေးမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် (၁)စီးတို့ပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော ဂျပန်နိုင်ငံထုတ်စက်ဘီး (Used) (၂၅၀)စီးနှင့် တရုတ်နိုင်ငံထုတ် Screw Air Compressor(၂)လုံးအပါအဝင် ကုန်ပစ္စည်း (၄)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၅၈၁၅၇၅) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Hino Ranger Truck (၁)စီး၊ Nissan Diesel Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂၅၀၆၅၇၅)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဇွန်လ ၂၅ ရက်**တွင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်အတွင်း၌ တရားမဝင်အခြားသစ် (၈ ဒသမ ၃၇၄)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၃၈၈၆၄)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇွန်လ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၇)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၆၃၀၄၃၉)** ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။


**(သတင်းစဉ်)**

---

နေပြည်တော် ဇွန် ၂၅

# စဉ့်ကူးမြို့နယ်ရှိ ကျေးရွာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ပြည်သူများထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများ စွပ်စွဲရေးသားဖြန့်ဝေလျက်ရှိ

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကူးမြို့နယ်ရှိ ကျေးရွာများကို ဇွန်လ ၂၃ ရက်နေ့က လုံခြုံရေးတပ်ဖွဲ့ဝင်များမှ လက်နက်ကြီးများဖြင့် ပစ်ခတ်မှုကြောင့် မြသီတာကျေးရွာမှ ဒေသခံ ပြည်သူများ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း မဟုတ်မမှန် စွပ်စွဲရေးသားထားသည့် သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက ပြည်သူများ အထင်အမြင်လွဲမှားစေရန် လှုံ့ဆော်ဝါဒ ဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




ဖြစ်စဉ်အမှန်မှာ စဉ့်ကူးမြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင် အကြမ်းဖက်လုပ်ငန်းများလုပ်ဆောင်ရန် PDF အမည်ခံအကြမ်းဖက်သမားများ ဇွန်လ ၂၃ ရက်နေ့ ည ၁၀ နာရီချိန်ခန့်က ရောက်ရှိနေပြီး အင်အားစုဖွဲ့လျက်ရှိကြောင်း အကြမ်းဖက်မှုကို မလိုလားသည့် တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးပို့မှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်သမားများ စုဖွဲ့ရောက်ရှိနေသည့်နေရာများအား လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့ရာ အကြမ်းဖက်သမားများ ထိခိုက်သေဆုံးမှုများရှိပြီး ထွက်ပြေးသွားခဲ့ကြောင်းနှင့် ဒေသခံပြည်သူများ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ သိရှိရသည်။

အဆိုပါအကြမ်းဖက်သမားများမှ ဇွန်လ ၂၂ ရက်နေ့တွင်လည်း စဉ့်ကူးမြို့နယ်၊ ကျည်တောက်ပေါက်ကျေးရွာမှ အပြစ်မဲ့ပြည်သူ ၁ ဦးကို ဖမ်းဆီးသတ်ဖြတ်သွားခဲ့ကြောင်း သိရှိရသည်။ တရားမဝင်ပြည်ဖျက်မီဒီယာများသည် အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် မြေပြင်ဖြစ်စဉ်နှင့်ကွဲလွဲနေသည့် သတင်းတု၊ သတင်းအမှားများကို ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသားပြီး ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

---

ရန်ကုန် ဇွန် ၂၅

# အာဆီယံ ယူ-၁၆ ပြိုင်ပွဲ အုပ်စု(B) အုပ်စု ဒုတိယပွဲစဉ်တွင် မြန်မာအသင်းက ဘရူနိုင်းအသင်းကို အနိုင်ရရှိ

အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပလျက်ရှိသည့် အာဆီယံ ယူ-၁၆ ပြိုင်ပွဲ အုပ်စု(B) အုပ်စု ဒုတိယပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် ညနေ ၃နာရီခွဲတွင် မြန်မာ ယူ-၁၆အသင်းနှင့် ဘရူနိုင်း ယူ-၁၆အသင်းတို့ကစားခဲ့ရာ မြန်မာ ယူ-၁၆အသင်းက ၈ ဂိုး ၁ ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ကြောင်း သိရသည်။



အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက မြန်မာ ယူ-၁၆အသင်းက ခြေစွမ်းပိုင်းအသာစီးဖြင့် ဖိအားပေးကစားနိုင်ခဲ့ကာ ပွဲချိန် ၇ မိနစ်နှင့် ၂၇ မိနစ်တွင် ကျော်သီဟကလည်းကောင်း၊ ပွဲချိန် ၈ မိနစ်နှင့် ၂၃ မိနစ်တွင် သူရမင်းသန့်ကလည်းကောင်း၊ ပွဲချိန် ၉ မိနစ်တွင် ညဏ်အောင်ကလည်းကောင်း၊ ပွဲချိန် ၁၈ မိနစ်တွင် ကျော်ညီညီကလည်းကောင်း၊ ပွဲချိန် ၃၄ မိနစ်တွင် မျိုးနန္ဒအောင်ကလည်းကောင်း မြန်မာ ယူ-၁၆အသင်းအတွက် ဦးဆောင်ဂိုးများသွင်းယူနိုင်ခဲ့ပြီး ပွဲချိန်ပထမပိုင်းအပြီးတွင် မြန်မာ ယူ-၁၆အသင်းက ဘရူနိုင်း ယူ-၁၆ အသင်းကို ၇ ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်း ပြန်လည်စတင်ချိန်တွင်လည်း မြန်မာ ယူ-၁၆အသင်းကပင် ခြေစွမ်းပိုင်းအသာစီးဖြင့် ဆက်လက်ဖိအားပေးကစားနိုင်ခဲ့ကာ ပွဲချိန် ၅၆ မိနစ်တွင် မျိုးနန္ဒအောင်က မြန်မာ ယူ-၁၆အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပြီး ပွဲချိန်မိနစ် ၉၀ပြည့်ပြီး နာကျင်အချိန်ပို ၇ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် AK Farisu က ဘရူနိုင်း ယူ-၁၆အသင်းအတွက် ချေပဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် မြန်မာ ယူ-၁၆အသင်းက ဘရူနိုင်း ယူ-၁၆အသင်းကို ၈ ဂိုး ၁ ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ပြီး ရှုံးထွက်အဆင့်တက်ရောက်ရန် မျှော်လင့်ချက်ကောင်းမွန်လာခဲ့သည်။

မြန်မာ ယူ-၁၆အသင်းသည် အာဆီယံ ယူ-၁၆ပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ဇွန်လ ၂၈ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် ဗီယက်နမ်အသင်းနှင့်ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

**စည်သူအောင်**

---

၂၅-၆-၂၀၂၄

## ထူးခြားသည့်နေ့အပူချိန်များ

| | | | | |
|---|---|---|---|---|
| ချောက် | ၄၀ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| မြင်းမူ | ၃၉ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် |
| မြင်းခြံ | ၃၈ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| စစ်ကိုင်း | ၃၈ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| မန္တလေး | ၃၇ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| မုံရွာ | ၃၇ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| တံတားဦး (လေကြောင်းမိုးလေဝသ) | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| မိုးမိတ် | ၃၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| ဆင်ဖြူကျွန်း | ၃၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| ရမည်းသင်း | ၃၆ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယက် |

နေပြည်တော် ဇွန် ၂၅

## ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး ကွင်းဆင်းဆောင်ရွက်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ဇွန်လ ၂၃ ရက် နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနရုံး စုပေါင်းခန်းမ၌ပဲပုပ်စိုက်တောင်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံသည်။




တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက မွေးမြူရေးတိရစ္ဆာန်အစာကုန်ကြမ်းများတွင် အသားဓာတ်အရင်းအမြစ်အဖြစ်သုံးစွဲသည့် ပဲပုပ်ဖတ်များကို ပြည်ပမှတင်သွင်းမှု နှစ်အလိုက်လျှော့ချသွားနိုင်ရန်နှင့် ပြည်တွင်းတွင်ထုတ်လုပ်သည့်ဆီကြိတ်ဖတ်များကို အစားထိုးသုံးစွဲနိုင်ရန်အတွက် ဆီထွက်ပဲပုပ်သီးနှံတိုးချဲ့စိုက်ပျိုးရန် လိုအပ်ချက်များကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမိုးမင်းနိုင်က တိုင်းဒေသကြီးအတွင်း ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာနှင့် ဆီထွက်ပဲပုပ်သီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရန် အားပေးဆောင်ရွက်နေမှုကို ရှင်းလင်းပြောကြားပြီး တောင်သူများကို သဘာဝမြေဩဇာများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ပုသိမ်ငါးလုပ်ငန်းစခန်း၏ ငါးသားဖောက်လုပ်ငန်းဆောင်ရွက်နေမှုကိုကြည့်ရှုစစ်ဆေးပြီး ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်လျက်ရှိသည့် ငါးမျိုးစိုက်ထည့်ပေးခြင်းလုပ်ငန်းကို စနစ်တကျဆောင်ရွက်ရန် ဆွေးနွေးမှာကြားကာ ဧရာဝတီ VMS ငါးဖမ်းရေယာဉ်စောင့်ကြည့်ထိန်းချုပ်ရေးဌာနခွဲ၌ မြန်မာနိုင်ငံရေပိုင်နက်အတွင်း လုပ်ကိုင်လျက်ရှိသော ငါးဖမ်းရေယာဉ်များကို VMS တပ်ဆင်၍ စောင့်ကြည့်ထိန်းချုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ကန်ကြီးထောင့်မြို့နယ် ညောင်ချောင်းကျေးရွာရှိ မွေးမြူရေးတောင်သူ ဦးခင်အောင်၏ ဥစားဘဲမွေးမြူရေးခြံနှင့် ပန်းတနော်မြို့နယ် မွေးမြူရေးသုတေသနစခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

မွေးမြူရေးသုတေသနဦးစီးဌာန ပန်းတနော်မြို့နယ် ငါးမွေးမြူရေးသုတေသနစခန်းတွင် ဒေသနှင့်ကိုက်ညီသည့် ငါးမျိုးများမွေးမြူသုတေသနပြုခြင်း၊ တိုင်းရင်းငါးမျိုးများကို မျိုးထိန်းသိမ်းခြင်းနှင့် တိုင်းရင်းငါးမျိုးအမြောက်အမြားမွေးမြူထုတ်လုပ်နိုင်ရေး သုတေသနလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

နေပြည်တော် ဇွန် ၂၅

## (၃၆)ကြိမ်မြောက် အရှေ့အာရှပစိဖိတ်ဒေသများနှင့် တောင်အာရှဒေသများအတွက် ပူးတွဲကော်မရှင်အစည်းအဝေး (36th CAP-CSA joint Meeting) နှင့် အစားအသောက်ဆိုင်ရာခရီးသွားလုပ်ငန်းဖိုရမ်သို့တက်ရောက်ရန် ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ဦးဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့ ဖိလစ်ပိုင်နိုင်ငံသို့ထွက်ခွာ



ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ဦးဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့သည် ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့ အထွေထွေအတွင်းရေးမှူးချုပ်နှင့် ဖိလစ်ပိုင်နိုင်ငံ ခရီးသွားလုပ်ငန်းဌာန အတွင်းရေးမှူးတို့၏ ဖိတ်ကြားချက်အရ ဖိလစ်ပိုင်နိုင်ငံ စီဘူးမြို့တွင် ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့ (UN Tourism) နှင့် ဖိလစ်ပိုင်နိုင်ငံ ခရီးသွားလုပ်ငန်းဌာနတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ၂၀၂၄ ခုနှစ် ဇွန်လ ၂၆ ရက်မှ ၂၈ ရက်အထိကျင်းပမည့် (၃၆)ကြိမ်မြောက် အရှေ့အာရှပစိဖိတ်ဒေသများနှင့် တောင်အာရှဒေသများအတွက် ပူးတွဲကော်မရှင်အစည်းအဝေးနှင့် ပထမအကြိမ် ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့၏ အာရှနှင့်ပစိဖိတ်ဒေသအတွက် အစားအသောက်ဆိုင်ရာခရီးသွားလုပ်ငန်းဖိုရမ်သို့တက်ရောက်ရန် ယမန်နေ့ညနေပိုင်းက လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ဖိလစ်ပိုင်နိုင်ငံသို့ ထွက်ခွာသွားသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ ခရီးသွားလုပ်ငန်းဖိုရမ်တွင် ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့၏တွဲဖက်အဖွဲ့ဝင်များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ ဝန်ကြီးများအဆင့် စကားဝိုင်းဆွေးနွေးပွဲ၊ when gastronomy meets the territory Insights by Asia Pacific Destinations နှင့်စပ်လျဉ်း၍ဆွေးနွေးခြင်း၊ FAO Mountain Partnership project နှင့်ပတ်သက်၍ ဆွေးနွေးခြင်း အစားအစာထွက်အမှိုက်များ လျှော့ချရန်နှင့် ဒေသထွက်ကုန်များ ပိုမိုသုံးစွဲခြင်းအတွက်ဆွေးနွေးခြင်း၊ အာရှနှင့်ပစိဖိတ်ဒေသရှိ အစားအသောက်ဆိုင်ရာခရီးသွားလုပ်ငန်း၏အောင်မြင်မှုများအပေါ် ဆွေးနွေးခြင်း စသည့်အစီအစဉ်များပါဝင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

နေပြည်တော် ဇွန် ၂၅

## "ဝ"အထူးဒေသ (၂) မိုင်းပေါက်ခရိုင်အတွင်း ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအသိပညာပေး Bill Board စိုက်ထူ၊ သန်းခေါင်စာရင်းနည်းပြသင်တန်းဖွင့်လှစ်

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း အောင်မြင်စွာကောက်ယူနိုင်ရေးအတွက် လူထုအသိပညာပေးလုပ်ငန်းတစ်ရပ်ဖြစ်သည့် သန်းခေါင်စာရင်းဆိုင်ရာအသိပညာပေး Bill Board စိုက်ထူခြင်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ခရိုင်အလိုက် မြို့ကြီးများတွင် ဆောင်ရွက်လျက်ရှိရာ "ဝ"အထူးဒေသ (၂) မိုင်းပေါက်ခရိုင်အတွင်း သန်းခေါင်စာရင်းဆိုင်ရာအသိပညာပေး Bill Board စိုက်ထူပွဲကို ယနေ့နံနက်ပိုင်းတွင် မိုင်းပေါက်မြို့ ခရိုင်အုပ်ချုပ်ရေးမှူးရုံးအနီး၌ ကျင်းပသည်။



ဦးစွာ ရှမ်းပြည်နယ်အစိုးရ အုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းပြည်နယ်အရှေ့ပိုင်း) အဖွဲ့ဝင် ဦးလုကာ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရှမ်းပြည်နယ် ဒုတိယပြည်နယ်ဦးစီးမှူး ဦးအောင်မြတ်သာ၊ "ဝ" အထူးဒေသ (၂) မိုင်းပေါက်ခရိုင်အတွင်းရေးမှူး ဦးလီအိုက်ရိုင်း၊ ဒုတိယအတွင်းရေးမှူး ဦးကျန်ကျာလော၊ ဒုတိယခရိုင်မှူး ဦးအားဖာတို့က Bill Board ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် "ဝ"အထူးဒေသ(၂)အတွင်း သန်းခေါင်စာရင်းအောင်မြင်စွာကောက်ယူနိုင်ရေးအတွက် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းနည်းပြသင်တန်းဖွင့်ပွဲအခမ်းအနားကို နံနက် ၉ နာရီတွင် မိုင်းပေါက်ခရိုင် အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရှမ်းပြည်နယ် ဒုတိယပြည်နယ်ဦးစီးမှူး ဦးအောင်မြတ်သာက သန်းခေါင်စာရင်းကောက်ယူရခြင်းနှင့်စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်သူ့အင်အားဦးစီးဌာန သင်တန်းနည်းပြ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သီသီနွယ်က သင်တန်းနှင့်ပတ်သက်သည်များကိုရှင်းလင်းပြောကြားပြီး သန်းခေါင်စာရင်းဆိုင်ရာ အထောက်အကူပြုပစ္စည်းများနှင့် အမှတ်တရပစ္စည်းများကို "ဝ"အထူးဒေသ(၂)ခေါင်းဆောင်များနှင့် တာဝန်ရှိသူများကို ပေးအပ်သည်။

ဆက်လက်၍ မိုင်းပေါက်ခရိုင်အတွင်းရေးမှူး ဦးလီအိုက်ရိုင်းနှင့် ဒုတိယအတွင်းရေးမှူး ဦးကျန်ကျာလောတို့က ကျေးဇူးတင်စကားပြန်လည်ပြောကြားကြပြီး တက်ရောက်လာကြသည့် "ဝ" အထူးဒေသ(၂)မှ ခေါင်းဆောင်များနှင့် မိတ်ဆက်ပေးကာ သင်တန်းဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းနည်းပြသင်တန်းကို လာမည့်ဩဂုတ်လတွင်ဖွင့်လှစ်ရန် လျာထားသော်လည်း "ဝ" အထူးဒေသ(၂)၏ လိုအပ်ချက်အရ ယခုဖွင့်လှစ်ပေးခြင်းဖြစ်ပြီး အဆိုပါနည်းပြသင်တန်းသို့ "ဝ" တိုင်းရင်းသား ၁၇ ဦး၊ "ဝ"တိုင်းရင်းသူ ၁၃ ဦး စုစုပေါင်း သင်တန်းသား၊ သင်တန်းသူ ၃၀ ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ ၁၀ ရက်ကြာမြင့်မည်ဖြစ်ကြောင်းနှင့် နည်းပြသင်တန်းတက်ရောက်ပြီးသူများက မြို့နယ်အလိုက် ဆင့်ပွားသင်တန်းများ ဆက်လက်ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**


ယုံကြည်စိတ်ချ အားထားရန်
မြန်မာ့အင်းဝဘဏ်
INNWA BANK LIMITED
စာရင်းရှင်အပ်ငွေစာရင်း
အချိန်ပိုင်းအပ်ငွေစာရင်း
ငွေစုဘဏ်အပ်ငွေစာရင်း
ပြည်တွင်းငွေလွှဲလုပ်ငန်း
ချေးငွေများထုတ်ချေးခြင်း
ဘဏ်အာမခံလုပ်ငန်းများ ဆောင်ရွက်ခြင်း
ငွေပေးအမိန့်လွှာလုပ်ငန်း
နိုင်ငံခြားဘဏ်လုပ်ငန်း
အပ်ငွေစာရင်းနှစ်မျိုး ချိတ်ဆက်ပေးခြင်း
အင်းဝဘဏ်လီမိတက် ဘဏ်ခွဲပေါင်း (၇၇)ခု နှင့် နိုင်ငံခြားငွေ လဲလှယ်ရောင်းဝယ်ရေးကောင်တာ ( MONEY CHANGE COUNTER ) (၀၃) ခုတို့တွင် လူကြီးမင်း၏ ငွေကြေးဆိုင်ရာ ကိစ္စရပ်များအား အင်းဝဘဏ်လီမိတက်ဘဏ်ခွဲများတွင် လွယ်ကူလျင်မြန်စွာ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။
အင်းဝဘဏ်လီမိတက်(ရုံးချုပ်)နေပြည်တော်
ဖုန်း - ၀၆၇ ၃၄၃၄၇၅၁၊ ၀၆၇ ၃၄၃၄၇၅၂
အင်းဝဘဏ်လီမိတက်(ရန်ကုန်)
ဖုန်း - ၀၁ ၂၅၆၂၅၄၊ ၀၁ ၃၇၄၇၅၂
အင်းဝဘဏ်လီမိတက်(မန္တလေး)
ဖုန်း - ၀၂ ၄၀၃၆၅၇၇၊ ၄၂၄၅၉၅၊ ၄၀၂၁၂၀၁၊ ၂၈၄၈၄၁


ပဒုမ္မာဆပ်ပြာ
PADONMAR
ရေမွှာဆို 'ကြာ'
ဆပ်ပြာမှာ 'ပဒုမ္မာ'
ပဒုမ္မာဆပ်ပြာစက်ရုံ (ပေါင်မြို့နယ်)မှ ခေတ်မီစက်ကြီးများဖြင့် အညော်အသွေးပြည့်မီစွာ ထုတ်လုပ်ထားသော အဝတ်လျှော်ဆပ်ပြာ၊ ကာဘော်လစ်ဆပ်ပြာ၊ ကိုယ်တိုက်ဆပ်ပြာနှင့် ဆပ်ပြာမှုန့်များအား လက်လီ၊ လက်ကား ဝယ်ယူအားပေးနိုင်ပါပြီ...


OKKAN SUGAR MILL
ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး
FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la
Phone,09 798157939(Office),09 773646431(Mill)
မြန်မာပြည်တွင်ထုတ်လုပ်သည်
သကြားဖြူ White Sugar

❖ နိုင်ငံတော်အစိုးရအနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့်လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်သည့် ဘက်စုံပညာရေးစနစ်ကို ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့တွင် ကျရောက်သော (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာမှကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၃)သင်တန်းဖွင့်ပွဲများအား တိုင်းစစ်ဌာနချုပ်အသီးသီး၌ကျင်းပပြုလုပ်

**နေပြည်တော် ဇွန် ၂၅**

နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကိုထမ်းဆောင်ရန်အတွက် စစ်ပညာသင်ကြားရန်နှင့်နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန်ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁)နှင့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂) တို့ကို တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီး၌ အောင်မြင်စွာဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ယခုအခါ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၃)တွင် ပါဝင်တက်ရောက်ကြမည့် အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်နယ်မြေများရှိ သင်တန်းကျောင်းအသီးသီးသို့ ရောက်ရှိ၍ လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြပြီးနောက် ယနေ့နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်းအသီးသီးတွင် သင်တန်းဖွင့်ပွဲများ **စာမျက်နှာ ၅ ကော်လံ ၁ ▶▶|**



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၃)မှ သင်တန်းသားများအား တာဝန်ရှိသူများက ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

**ဆောင်းပါး**

**ပညာရေးညီလာခံရည်မှန်းချက်များ အောင်မြင်ဖို့ ဝိုင်းဝန်းကြိုးပမ်းကြပါစို့** စာ - ၁၁ သို့

**ပြည်သူ့စစ်မှုထမ်းခြင်းမှသည် နိုင်ငံတော်ကာကွယ်ရေးဆီသို့** စာ - ၂၄ သို့

**ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာအစီရင်ခံစာအပေါ် မြန်မာနိုင်ငံ၏တုံ့ပြန်ချက်** စာ - ၂၅ သို့

**အာဆီယံ ယူ-၁၆ ပြိုင်ပွဲ အုပ်စု(B) အုပ်စုဒုတိယပွဲစဉ်တွင် မြန်မာအသင်းက ဘရူနိုင်းအသင်းကိုအနိုင်ရရှိ** စာ - ၂၉ သို့

